www.burmeseclassic.com

BURMESE CLASSIC .com



သိုးဆောင်း

www.burmeseclassic.com

www.burmeseclassic.com



# သိုးဆောင်း



## မြို့ ကလေးရဲ့ရာဇဝင်

ရွှေသမီးစာပေ
အမှတ်၊ ၁၉၂ (၃၉)လမ်း ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁ ၂၄၂၂၁၉ ၊ ၀၉ ၅၁၀၁၈၉၀။

www.burmeseclassic.com

www.burmeseclassic.com

သားသား စိစဉ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၂၅၊ ၃၉ လမ်း ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
Grace Printing House

စာအုပ်ချုပ်
ရွှေသမီး
အဆင့်မြင့်စာအုပ်ချုပ်လုပ်ငန်း

ပုံနှိပ်ခြင်း
၂၀၁၄ ခုနှစ် ၊ ဒီဇင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၂၀၀၀ ကျပ်

ိုးဆောင်း ၈၉၅-၈၃

(မြို့ကလေးရဲ့ရာဇဝင်) သိုးဆောင်း ။ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၄

၁၂-တာ၊ ၁၂၅၊ ၁၉.၅စင်တီ။ (၁) မြို့ကလေးရဲ့ရာဇဝင် ။

BURMESE CLASSIC

# မြို့ကလေးရဲ့ရာဇဝင်

www.burmeseclassic.com

www.burmeseclassic.com

# မြို့ကလေးရဲ့ရာဇဝင်

## I

ဤမျှ မှောင်နေတည်းက သတိပြုမိဖို့ ကောင်းသည်။

သူ့လက်မောင်းနှစ်ဖက်အား စုံကိုင်ဖွဲ့ထားသည့် အားတစ်ခု အက်ရောက်လာသည်ကို ခံစားရသည်။ ထိုအားနှင့်ပင် လဲကျနေသော ခန္ဓာကိုယ်က အလိုလို မတ်တတ်ရပ်ပြီးသား ဖြစ်သွားသည်။ မျက်တောင် ထိုခပ်တော့ မှောင်နေသော အမြင်အာရုံမှာ ပုံရိပ်တွေ ပေါ်လာ၏။ ချက် ချင်းပဲ သူ့လက်မောင်းအား ပိုင်စိုးပိုင်နင်း လာဖွဲ့သူများကို ကြည့်လိုက် တော့ . . .

"ဟာ . . . "

မျက်လုံး ပြူးသွားရ၏။ ရင်တုန်သွားရ၏။ ပြီးတော့ အသက်ရှူ ဖို့လည်း မေ့သွားသည်။ ဘီလူးလား၊ သဘက်လား၊ ဒါမှမဟုတ် တခြား ကမ္ဘာမှ ဂြိုဟ်သားလား။ မြင့်မားသောအရပ်၊ ထောင်မောင်းသောခန္ဓာကိုယ်၊ ဆိုးကြုတ်သော အသားအရည်ရှိကာ လက်မှာ ခရင်းသုံးခွပါ လှံရှည် ကြီးများကို ကိုင်ထား၏။

အနည်းငယ် လန့်သွားသောစိတ်ကို ရင်ထဲမျိုချရင်း . . .

"ခင်ဗျားတို့ . . . ဘယ်သူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဘီလူးကြီးနှစ်ကောင်က ပြန်မဖြေ။ မဖြေသည့်အပြင် သူ့ကို လေပေါ်ဆွဲမကာ တစ်နေရာကို လွှင့်ပစ်လိုက်ပါ၏။ ဘိုကြီး ရင်ထဲအေး ကျသွားသည်။ လေမှာဝဲသွားပြီးနောက် အရာတစ်ခုပေါ် ကွက်တိသွား ကျ၏။ ကျရောက်ရာနေရာကို အလန့်တကြား ကြည့်မိတော့ . . .

ရထားလား၊ ကားလား မသိသော အရာတစ်ခု။ မောင်းသူနေရာ မှာ ခုနအတိုင်းပင် ဘီလူးကြီးတစ်ကောင် ထိုင်နေသည်။

"ဒါ . . . ဒါ ဘာကြီးလဲ"

"ရထားလေ"

အလန့်တကြားထွက်သွားသော သူ့အမေးကို မောင်းသူနေရာ မှ ဘီလူးကြီးက အေးဆေးစွာပင် ပြန်ဖြေသည်။

'ရထား' ဆိုမှ သေချာထပ်ကြည့်ရပါသည်။ တော်ကြာ ကိုယ်စီး တဲ့မြင်း အထီးလား၊ အမလားမသိ ဖြစ်နေရင် ဒုက္ခ။ ဒါပေမဲ့ ရထားပုံစံ နဲ့ နည်းနည်းမှ မတူပါချေ။ သံလမ်းနှစ်ခုပေါ် 'တအိအိ' အော်မြည်ရင်း တွားသွားသတ္တဝါတစ်ကောင်လို ရင်ဘတ်ကွဲနှင့် တရွတ်တိုက်ဆွဲသော စီးဖူးနေကျ ရထားမျိုးမဟုတ်။

အခုဟာက အနီးစပ်ဆုံးပြောရလျှင် 'ရာမယနဇာတ်တော်' ထဲမှ 'ဒသဂီရိ' စီးတဲ့ ရထားပုံစံမျိုး ဖြစ်နေသည်။ ဓာတ်ရထားလား၊ နတ် ရထားလားမသိ။ ထိုစဉ်မှာပင် သူ့ကို ပစ်လွှတ်လိုက်သည့် ဘီလူးနှစ် ကောင် အနီးရောက်လာသည်။ ပြီးတော့ ရထားပေါ်တက်ကာ သူ့ဘေး နှစ်ဖက်မှာ လာရပ်၏။

ဘိုကြီး ကြောင်နေစဉ်မှာပဲ ရထားကြီးမှာ မှိုင်းဝသော မီးပုံးပျံ ကြီးလို လူပ်လာပါတော့သည်။ ရင်ထဲမှာ စိုးရိမ်စိတ် ဝင်သွားပြီး . .

"ဟာ . . . ခင်ဗျားတို့ ကျွန်တော့်ကို ဘယ်ခေါ်သွားမလို့လဲ"

နောက်ကျသွားချေပြီ။ ရထားကြီးက မြေပြင်မှ ပစ်လွှတ်လိုက် သော တာဝေးပစ် ဒုံးကျည်တစ်စင်းလို 'ဝှီး'ခနဲ ပျံတက်သွားတော့၏။



# II

လေတွေ တဟူးဟူး တိုက်နေသည်။

မြင်ရသော မြင်ကွင်းက အဖုံဖုံ။ တစ်ခါမှ မမြင်တွေ့ဖူးသော မြို့ပြတွေကို ဖြတ်ကျော်ရ၏။ တောင်ကုန်းတွေကို လျှောဆင်းရ၏။ တစ်ခါတစ်ရံ တိမ်တွေပေါ် ရောက်သွားသည်။ တစ်ခါတစ်ခါ တိမ်တွေက ကိုယ့်အောက် ရောက်နေသည်။

သူ့ကို ဘယ်ခေါ်သွားနေတာလဲမသိရ။ ဘယ်ရောက်နေတာလဲ ဆို ပိုလို့တောင် မသိ။ တစ်နေရာရောက်တော့ မြန်နှုန်းမြင့်ပျံသန်းနေ သော ရထားက အရှိန်လျှော့သွားပြီး အောက်ဖက်ကို နိမ့်ဆင်းသွားပါ သည်။ ဘိုကြီး ငုံ့ကြည့်လိုက်စဉ် အောက်ဖက်မှာ စိမ်းလန်းသော တောအုပ် ကြီးတစ်ခုကို မြင်ရသည်။

ထူးဆန်းသည်က အလယ်တွင် ကျင်းကြီးတစ်ကျင်း။ ခေါက် ထွဲထားသော မီးတောင်၏ ပါးစပ်ဝကြီးလို ကျယ်ဝန်းမည်းနက်နေသော ကျင်းကြီးဖြစ်ပါသည်။ ရထားက ထိုကျင်းကြီးကို ဦးတည်ကာ ပျံသန်း နေခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

နီးလာလေ ကျင်းကြီးမှာ ကြောက်မက်ဖွယ်ကောင်းလေ၊ စိုးရွံ့စိတ်တို့ ပိုလာလေဖြင့် အချိန်မရွေး ထပေါက်တော့မည့် မီးတောင်ကြီးလို၊ သေမင်း၏ ဖြဲဟထားသော ပါးစပ်ကြီးလို . . .

"ဝုန်း . . . "

အရှိန်တင်ပြီး ရထားမှာ ထိုကျင်းကြီးတွင်း ထိုးဆင်းသွားပါသည်။

အပူငွေ့တွေက ရင်ကို လာရိုက်၏။ နံရံတို့မှ ထွက်လာသော အသံ၏ တုန်ခါမှုကို နားနှင့်မဆန့်အောင် ကြားရသည်။ ခဏချင်းပဲ ပြင်ပအလင်းတို့ ပျောက်ကာ ပတ်ဝန်းကျင်ကြီးတစ်ခုလုံး မည်းမှောင်ကာ သွားတော့၏။

ဘာမှမမြင်ရတော့။ ကျင်းမည်းကြီးတွင်း ဝင်နေသည်ဆိုတာကလွဲပြီး ဘာမှမသိတော့။ ပခုံးပေါ်သို့ ပိဿာနှစ်ဆယ်လောက်လေးသည့် လက်ကြီးနှစ်ဖက် ရောက်လာသည်။ လှုပ်ရှားနေသော သူ့ခန္ဓာကိုယ်ကို ငြိမ်သက်အောင် ဖိထားသည်။ ပြီးပြီပေါ့။

လှောင်အိမ်ထဲက ယုန်လေးတစ်ကောင်လို နှုတ်ခမ်းကိုက်၊ ထိုင်နေရုံကလွဲပြီး ဘာမှမရှိတော့။

မျက်လုံးကို မှိတ်လိုက်၏။ ပြီးတော့ . . .

ပြီးတော့ . . .

သူ့စိတ်ထင် ဆယ့်ငါးမိနစ်လောက် ထပ်ကြာသွားမည် ထင်ပါသည်။ တစ်နေရာမှာတော့ ရထားမှာ တုံ့ခနဲ ရပ်သွား၏။

"ရောက်ပြီ . . ."

ဘီလူးတစ်ကောင်၏ စကားကြောင့် မျက်လုံးကို ဖွင့်ကြည့်လိုက်စဉ် . . .

"ဟင် . . . "



ခမ်းနားကြီးကျယ်သော မုခ်ဦးကြီးတစ်ခု။ ဤမျှ ကြီးကျယ်လွန်းသော မုခ်ဦးကြီးကို တစ်သက်နှင့်တစ်ကိုယ် မမြင်ဘူး၊ အလယ်တွင် စာတန်းကြောင်းရေးထားသည်။

"ငရဲပြည်"

"ဟာ . . . "

'ဝုန်း' ခနဲ နောက်လန်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# III

လဲကျသွားသော သူ့အား ဘီလူးကြီးနှစ်ကောင် ခပ်ကြမ်းကြမ်း ဆွဲထူသည်။

"ဆင်းစမ်း"

လေသံမှာ မာထန်လွန်းလှ၏။ ခုနနှင့်ပင်မတူ။ ကိုယ့်မြို့ကိုယ့်ရွာရောက်၍ လေသံကျယ်လာသော ရပ်ကွက်လူမိုက်၏ အထာမျိုး။ ဘိုကြီး မဆင်း။ ပေကပ်ကပ်ပင် ရထားပေါ် ဆက်ရပ်နေတော့ . . .

"ဆင်းလို့ ပြောနေတယ်လေကွာ"

အသံက ပိုကျယ်လာသည်။ ဘိုကြီးကတော့ 'ငရဲပြည်' ဟူသော မှန်ဦးကြီးကို ကြည့်ပြီး သွေးလေချောက်ချားကာ ရပ်နေဆဲ။ မလှုပ်တလှုပ် ဘိုကြီးပုံစံကို ကြည့်ကာ ဘီလူးကြီး တင်းသွားသည် ထင်ပါ၏။ နီးစပ်သောတစ်ကောင်က သူ့အား လက်မောင်းမှကိုင်ကာ ရထားပေါ်မှ ဆွဲချသည်။

မြေပေါ်ရောက်သည့်တိုင် ဘိုကြီးမှာ ရှိသမျှအင်အားနှင့် ရုန်းကန်နေသည်မို့ ဘီလူးကြီးမှာ သူ့အား ဒရွတ်တိုက်ဆွဲခေါ်သွားပါသည်။ ဘိုကြီး



ယက်ကန်ယက်ကန်ဖြင့် ပါသွားရ၏။ မှန်ဦးဝကို ရောက်တော့ ပိတ်ထားသော တံခါးကြီးနှစ်ချပ်က အလိုလို ပွင့်လာပါသည်။ အတွင်းမှာ မြင်လိုက်ရသည်ကား . . .

အလင်းရောင် လုံးဝမရှိသော မှောင်မိုက်နေသည့် ရပ်ဝန်းကြီး တစ်ခု။ ဒါပေမဲ့ ခဏချင်းပင် ပြင်ပမှ အလင်းတန်းတစ်ခု ထိုးကျလာသည်။ ထိုအလင်းနှင့်အတူ သူတို့မျက်စိရှေ့မှာ ညီညာဖြောင့်ဖြူးသော ကျောက်ခင်းလမ်းလေးတစ်ခု ပေါ်လာပါ၏။ ဘီလူးကြီးနှစ်ကောင်က ထိုကျောက်ခင်းလမ်းအတိုင်း တစ်လှမ်းချင်း လျှောက်ဝင်သွားတော့ . .

တစ်ဖက်တစ်ချက်မှာ မှောင်မည်းလျက် ရှိနေသည်။ အတော်ဝေးဝေးဆီမှ သစ်ပင်လိုလို၊ တောင်တန်းလိုလို၊ အရိပ်အငွေ့တွေကို မြင်ရ၏။ မြူတွေလည်း ဆိုင်းနေသယောင် ရှိသည်။ ဘိုကြီးကတော့ ဘီလူးနှစ်ကောင်၏လက်မှာ ဒရွတ်ဆွဲလျက် . . .

ထူးတော့ ထူးဆန်းပါ၏။ ပြင်ပအလင်းရောင်က ကျန်နေရာတို့ကို လေတစ်ချက်မျှပင်မထိဘဲ ကျောက်ခင်းလမ်းကိုသာ ကျရောက်ပေးထားသည်။ ဒါပေမဲ့ ကျောက်ခင်းလမ်းဆုံးသွားတော့ တဂျိမ်းဂျိမ်းအော်သံများနဲ့အတူ အဝင်ဝမှန်ဦး တံခါးကြီးနှစ်ချပ်မှာ ပြန်ပိတ်သွားပါသည်။ တစ်ကွင်းလုံး မှောင်ကျသွား၏။ အမှောင်ကလွဲပြီး ဘာမှမမြင်ရတော့။

ထိုစဉ်မှာပဲ . . .

"ဖျောက် . . ."

အသံတစ်ခုနှင့် အရှေ့ဆီမှ ထွက်ပေါ်လာသည့် အလင်းတန်းများ၊ ဘိုကြီး မျက်ဆန်အိမ် ကျယ်သွားသည်။ မြင်တွေ့ရတာက . . .

"ဟာ . . ."

တစ်ဆင့်ချင်း မြင့်တက်သွားသည့် ကျောက်သားလှေကားထစ်များ၊ လှေကားထစ်အောက်ခြေမှာ တရုတ်သိုင်းကားတွေထဲက ပညာရှိ

www.burmeseclassic.com

လိုလို၊ နန်းရင်းဝင်လိုလို၊ ဖို့ရို့ဖားရာ ဝတ်စုံနှင့် အဘိုးကြီးတစ်ဦး။ လှေကားထစ် အပေါ်ဆုံးမှာက လွန်စွာ ကြီးမားခန့်ညားလွန်းသော ကျောက်စားပွဲနှင့် ကျောက်ကုလားထိုင်ကြီး။ ထိုနောက်မှာ လုံရှည်ကိုင် ဘီလူးလေးကောင်က မတ်တတ်ရပ်နေသည်။

ဘိုကြီးအား ထိုနေရာရောက်အောင် ဒရွတ်ဆွဲခေါ်သွားပါ၏။ လှေကားထစ်အောက်ခြေကို ရောက်တော့ ဘီလူးနှစ်ကောင်က သူ့ကို 'ပုန်း'ခနဲ ပစ်ချပြီး အဘိုးအိုအား အရိုအသေပေးကာ လှည့်ထွက်သွားသည်။

ဘိုကြီးတစ်ကိုယ်လုံး စူးအောင့်သွားရ၏။ ဒါပေမဲ့ ချက်ချင်းပဲ ထကာ ရောက်ရှိရာပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

“ကျွန်တော် ဘယ်ရောက်နေတာလဲ”

ဟိုဟိုဒီဒီ ကြည့်ရင်း မေးလိုက်သော အမေးအား . . .

“ငရဲပြည်လေ . . . မှန်ဦးမှာ မဖတ်ခဲ့ဘူးလား”

အဘိုးအိုစကားကြောင့် နောက်တစ်ကြိမ် ဝေ့ဝဲကြည့်ရင်း ဘိုကြီး ရယ်မိပါသည်။ အရယ်တစ်ဝက်နှင့်ပင် . . .

“ငရဲပြည် . . . ဟုတ်လား . . . မဖြစ်နိုင်တာဗျာ . . . ဟား ဟား . . . ကျွန်တော့်အမြင်တော့ တရုတ်ကားထဲ ရောက်နေသလိုပဲ”

“ဘာလို့ အဲလို ထင်တာလဲ”

“ဟုတ်တယ်လေဗျာ . . . ခင်ဗျားပုံစံကိုလည်း ကြည့်ဦး။ တရုတ်သိုင်းကားတွေထဲက သိုင်းဆရာလိုလို၊ ပညာရှိလိုလိုနဲ့။ နောက်ပြီး ဟိုနောက်မှာ မတ်တတ်ရပ်နေတဲ့လေးယောက်က ပုံစံတွေပဲ ကွဲသွားတာ။ ကိုင်ထားတဲ့ လက်နက်တွေက တရုတ်ကားထဲက လက်နက်တွေနဲ့ အတူတူပဲ”



“ဘာကွ . . .”

လေးယောက်စလုံးဆီမှ ပြိုင်တူ ထွက်လာသည်ဖြစ်ရာ ကျယ်လောင်ကာသွားသည်။ ဘိုကြီး တုန်ပင်တက်သွားရတော့ . . .

“ခင်ဗျားတို့ ရုပ်ရှင်များ ရိုက်နေတာလား”

“မရိုက်ပါဘူးကွာ . . . ဒါ တကယ့် ငရဲပြည်ပါ”

အဘိုးအိုက ပြုံးမြမြပြောသည်။

“ဒါကို ငရဲတရားရုံးလို့ ခေါ်တယ်။ ခုန မင်းကိုခေါ်လာတာက ငရဲထိန်းတွေ။ ဟိုမှာ ရပ်နေတဲ့လေးယောက်ကတော့ ဒီငရဲပြည်ကြီး တစ်ခုလုံးရဲ့ ငြိမ်ဝပ်ပိပြားရေးကို တာဝန်ယူထားရတဲ့ တိုင်းမှူးတွေပေါ့ကွာ”

“ဗျာ . . . တိုင်းမှူး . . .”

အာမေဋိတ်သံပင် ထွက်သွားရသည်။ နားကြားများ လွဲသွားတာလား။

“ခင်ဗျား . . . တိုင်းမှူးလို့ ပြောလိုက်တာလား”

“ဟုတ်တယ်လေ . . . တိုင်းမှူး”

“ငရဲပြည်မှာလည်း တိုင်းမှူးက ရှိသေးတယ်လား”

“ရှိတာပေါ့”

ဘိုကြီး ခေါင်းကုတ်မိတော့၏။ အဘိုးကြီးက တစ်ယောက်ချင်း မိတ်ဆက်ပေးသည်။

“ဟိုဘက်အစွန်ဆုံးတစ်ယောက်က အရှေ့ပိုင်းတိုင်း ငရဲဌာနချုပ် တိုင်းမှူး လှသိန်းတဲ့”

“လှသိန်း . . .”

ရေရွတ်ကြည့်မိသည်။ နာမည်ပိုင်ရှင် ပုဂ္ဂိုလ်ကတော့ တိုင်းမှူး ဗီပီ ခေါင်းမော့ရင်ကော့လျက်။



www.burmeseclassic.com

www.burmeseclassic.com

"ဒုတိယတစ်ယောက်က အနောက်ပိုင်းတိုင်း ငရဲဌာနချုပ် တိုင်းမှူးဝင်းစိုး"

နာမည်က ကြားဖူးသလိုလိုရှိသည်။

"တတိယတစ်ယောက်ကတော့ တောင်ပိုင်းတိုင်း ငရဲဌာနချုပ် တိုင်းမှူး မြင့်အုန်း"

ဟာ . . . ဒါလည်း တစ်မျိုးပါလား။ ကြားတော့ ကြားဖူးနေကျ နာမည်ပဲ။ ဒါပေမဲ့ တစ်ခုခု လွဲနေသလို။

"နောက်ဆုံးတစ်ယောက်က မြောက်ပိုင်းတိုင်း ငရဲဌာနချုပ် တိုင်းမှူး မင်းအောင်"

အမယ် . . . သူကတော့ အဆိုကျော်နာမည်ပါလား။ အားလုံး ဆံပုံစံက ရရှိထားသော ရာထူးနေရာနဲ့ပတ်သက်ပြီး ဂုဏ်ယူဝံ့ကြွားနေကာ ဘယ်သူ့ကိုမှ လူမထင်သော အနေအထားတွေ ရှိနေ၏။ ဒါသာ တကယ့်ငရဲပြည်ဆိုရင်တော့ သေချာပေါက် သတိထားရတော့မည်။

ရုပ်ရည်ရူပကာတွေ ကြည့်ရတာ အချိန်မရွေး ပါးထရိုက်မည့် အနေအထားမျိုး။ ပြီးတော့ အဘိုးကြီးက သူ့ကိုယ်သူ မိတ်ဆက်သည်။

"ငါကတော့ ယမမင်းအကြံပေးလို့လည်း ပြောလို့ရတယ်။ ယမမင်းဆရာလို့လည်း ပြောလို့ရတယ်။ လွယ်လွယ်ပြောရရင်တော့ ပညာရှိပေါ့ကွာ။ နာမည်က ခမိန်သု"

"ဗျာ . . . "

နောက်တစ်ကြိမ် အံ့ဩကာ သွားသည်။ နာမည်က ထူးထူးဆန်းဆန်း။

"ပညာရှိသုခမိန်ပဲ ကြားဖူးပါတယ်ဗျာ . . . ခင်ဗျားဟာက ဘယ်လိုကြီးလဲ"

"ဘယ်လိုမှ မလဲဘူး။ ယမမင်းအကြံပေး ခမိန်သု"

သူကလည်း သူ့နေရာနှင့်သူတော့ ပြတ်သားလှသည်။ 'ခမိန်သု' အားပေါ့လေ။ ခမိန်သုဆိုလည်း ခမိန်သုပေါ့။ ဘယ်တတ်နိုင်မှာလဲ။ နာမည်လွဲသလို လူမလွဲဖို့သာ အရေးကြီးသည်မဟုတ်ပါလား။

"ဒါဆို ယမမင်းကရော ဘယ်မှာလဲ၊ မတွေ့ပါလား"

ကျောက်ကုလားထိုင်ကြီးတွင် ထိုင်သူမရှိသည်မို့ မေးလိုက်သော့ . . .

"သူ ဒီအချိန် အိပ်ရာ မနိုးသေးဘူး။ စောင့်ရဦးမယ်"

"ဗျာ . . . "

ဒီတစ်ခါကတော့ တတိယအကြိမ် အံ့ဩသွားတာပါ။ တော်တော်လည်း အူထွက်သွားပါသည်။ သူ့ပုံစံကိုကြည့်ပြီး ခမိန်သုက . . .

"ညက သိကြားမင်းပို့လိုက်တဲ့ ခွေးသားရေပရပိုက်ကို စောင့်သူနေရတာ အိပ်ရာဝင် နောက်ကျသွားတယ်လေ"

"ဩော် . . . "

ခေါင်းတဆတ်ဆတ် ညိတ်မိတော့၏။ တရားလည်း တော်တော်ကျသွားသည်။

"မင်းနာမည်"

"ဘိုကြီး . . . အဲ . . . 'ဘ' နဲ့ 'ဘို' တာနော်၊ 'ဗ' နဲ့ 'ဗိုလ်' တာ မဟုတ်ဘူး။ တော်ကြာ ခင်ဗျားတို့ အထင်မှားနေမှာစိုးလို့"

ဒါလည်း အရေးကြီးပါသည်။ သေချာပေါက် ရှင်းပြရမည်။ ငြိမ်ဝပ်ပိပြားရေးတွေ ရှိနေတာမို့ အထင်လွဲသွားရင် ဒုက္ခ။ ခမိန်သုက နှစ်လိုဖွယ် ပြုံးရင်း . . .

"သိပါတယ်ကွာ . . . မင်းပုံစံကြည့်ကတည်းက။ 'ဘ' နဲ့ 'ဘို' မှန်း သိပြီးသားပါ"

www.burmeseclassic.com

စိတ်ထဲ အခုမှ ပေါ်သွားသည်။ www.burmeseclassic.com

"ဒါနဲ့ နေပါဦးကွ၊ ဒီအသက်အရွယ်နဲ့ ငရဲရောက်လာရအောင် လူ့ပြည်မှာ ဘာမကောင်းမှုတွေများ လုပ်ခဲ့လို့လဲ"

"ဘာမှ မလုပ်ဘူး၊ သိတတ်တဲ့ အရွယ်ကစပြီး ကောင်းတာတွေပဲ လုပ်လာခဲ့တာ"

ခမိန်သူ 'ဟက်' ခနဲ ရယ်သည်။

"ကောင်းတာလုပ်ရင် ငရဲပြည် ရောက်လာပါ့မလားကွာ။ ထားပါ . . . ဒါတွေက ယမမင်းလာရင် အလိုလို ရှင်းသွားလိမ့်မယ်။ သူ့ရဲ့ ခွေးသားရေပရပိုက်မှာ လူ့ပြည်မှာ မင်းလုပ်ခဲ့သမျှ အကုန်ပါပြီးသား"

ဘိုကြီး ခေါင်းကို ကုတ်လိုက်သည်။ တစ်ခုခုတော့ လွဲနေတာ သေချာနေပြီ။

"ခင်ဗျားတို့ တကယ်ပြောနေကြတာလား။ ဒါ တကယ့်ငရဲပြည်လား"

"မင်းက နောက်နေတယ် ထင်လို့လား"


"မဟုတ်ဘူးလေဗျာ . . . ကျွန်တော်ဖတ်ဖူးတဲ့ စာအုပ်တွေ၊ ဘုရားစောင်းတန်းမှာ ဆွဲထားတဲ့ ပန်းချီကားတွေထဲမှာ ငရဲပြည်က ဒါမျိုး မဟုတ်ဘူးဗျ။ မီးတောက်တွေနဲ့၊ ဒယ်အိုးကြီးတွေနဲ့၊ အပြစ်ပေးသူတွေနဲ့။ အခု ခင်ဗျားတို့ ငရဲပြည်က ဘာမှလည်း မရှိဘူး။ ဟုတ်ရောဟုတ်ရဲ့လား"

ခမိန်သူက သဘောတကျ ရယ်သည်။ ပြီးတော့ . . .

"ဟိုကို ကြည့်လိုက်"

လက်ညှိုးထိုးပြရာ လှမ်းကြည့်တော့ တိုင်းမှူးလေးယောက်က နံဘေးရှိပေးသည်။ သူတို့နောက် နံရံမှာ ပေါ်လာသည်ကား . . .








www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ ငရဲပြည်မြေပုံပဲ။ မြေပုံထဲမှာ ငါတို့ အခုရှိနေတဲ့ ငရဲ တရားရုံးနေရာ မပါဘူး။ အလယ်က ငရဲကြီး။ အမြင့်ဆုံး ပြစ်ဒဏ်ခံရတဲ့လူတွေ အဲဒီကို ရောက်တယ်။ ဘေးက ပတ်ဝိုင်းထားတာတွေက ငရဲငယ်တွေပဲ။ ငရဲတရားရုံးက ငရဲငယ်တစ်ခုနဲ့ တစ်ခုကြား အကြား အလပ်နေရာတွေမှာ ရှိတယ်။ သာမန်မျက်စိနဲ့ မမြင်နိုင်ဘူး။ အပြစ်ပေးသူနဲ့ အပြစ်ရှိလို့ ရောက်လာသူတွေပဲ မြင်ရတာ"

တစ်ခန်းတနားတော့ လုပ်ထား၏။ ဒါပေမဲ့ သူ စိတ်တိုင်းမကျ။ ဗညာရှိခမိန်သုက သဘောပေါက်ပုံရကာ ခေါင်းကို ညိတ်သည်။

"မယုံသေးဘူးပေါ့"

ခေါင်းကို ယမ်းတော့ . . .

"ယမမင်းလည်း မနိုးသေးဘူးဆိုတော့ အချိန်ရပါသေးတယ်။ ဖျောက် . . . ဖျောက် . . . "

လက်ဖျောက်နှစ်ချက် တီးလိုက်ရာ ခဏချင်းပင် တဝီဝီအော်သံနဲ့ ရထားကြီးတစ်စီး ရောက်လာသည်။ ဒါပေမဲ့ သူစီးလာသည့် ရထားနဲ့ ပုံသဏ္ဌာန်မတူသည်မို့ . . . "

"ဒါကြီးက . . . "

"ယာဉ်ပျံလို့ ခေါ်တယ်။ ကဲ . . . တက်"

ပထမတော့ မဝံ့မရဲ ဖြစ်နေသေး၏။

ဒါပေမဲ့ မထူးတော့တာမို့ . . .

"တက်တယ်ဗျာ . . . "



# IV

သူတို့တက်ပြီးနောက် ယာဉ်ပျံမှာ ဝေါခနဲ မောင်းထွက်သွား၏။

"ငါတို့လူကြီးပိုင်းတွေက တစ်နေရာက တစ်နေရာကို ဒါမျိုးနဲ့ ခဲ့ သွားတယ်"

"ဟုတ်လား . . . ရှေ့တော်ပြေးတို့၊ နောက်လိုက်နောက်ပါတို့ ရော မပါဘူးလား"

"ယမမင်းတို့၊ ဟိုလေးယောက်တို့ သွားရင်တော့ ပါတာပေါ့ ကွာ။ ငါကတော့ အကြံပေးဆိုတော့ ဘယ်ပါမလဲ"

ဘိုကြီး ခေါင်းတဆတ်ဆတ် ညိတ်မိပါသည်။ အေးပေါ့လေ.. ညာရှိ သုခမိန်မှ မဟုတ်ဘဲ။ အကြံပေး ခမိန်သုဆိုတော့ ဘယ်ပါမှာ ထဲ။ ကိုယ့်တန်းနဲ့ကိုယ်ပေါ့။

ထိုစဉ်မှာပဲ ခမိန်သုက ယာဉ်မောင်းကို အရှိန်လျှော့ခိုင်းပြီး . .

"ဒါ . . . ခွေး၊ လင်းတ၊ ကျီး . . . ငရဲလို့ ခေါ်တယ်"

"ဘာငရဲ"

"ခွေး၊ လင်းတ၊ ကျီး . . . ငရဲ၊ အောက်ကိုကြည့်လိုက်"

ဘိုကြီး ငုံ့ကြည့်တော့ အမှောင်ကလွဲပြီး ဘာမှမမြင်ရပါချေ။

"ခင်ဗျားဟာက ဘာမှလည်း မမြင်ရဘူး။



www.burmeseclassic.com

www.burmeseclassic.com

"သေချာကြည့်ပါဦး"

မျက်လုံးကို လက်နဲ့ လေးငါးခါ ပွတ်လိုက်သည်။ ပြီး မျက်ခွံကို ဖြဲပြီး သေချာကြည့်တော့မှ အောက်ဖက်မှာ သစ်ပင်ကြီးငယ်နှင့် တောအုပ်လိုလို ပေါ်လာ၏။ ထပ်ကြည့်တော့ တောအုပ်တွင်းမှာ ပြေးလွှားနေသည့် လူများကို မြင်ရသည်။ ယောကျ်ား၊ မိန်းမ အစုံပါ၏။ အသက်လုပြေးနေရသည့် ပုံစံမျိုး။

ထိုစဉ်မှာပင် . . . နောက်ဖက်မှ တဝေါင်းဝေါင်း အသံပေးကာ မည်းမည်းအကောင်ကြီးများ လိုက်လာ၏။ လူတစ်ကိုယ်လောက် အကောင်ကြီးက မျက်လုံးမှလွဲပြီး တစ်ကောင်လုံး မည်းနက်ကာနေသည်။ ပါးစပ်ကိုဖြဲတော့ အစွယ်ဖွေးဖွေးကြီးများ ပေါ်လာ၏။

"ဖခင်ကိုသတ်တဲ့လူ၊ သူတော်ကောင်း ရဟန်းသံဃာကို ဆဲရေးတိုင်းထွာတဲ့လူ၊ ကောက်ကျစ်စဉ်းလဲစွာ တရားရေးဆုံးဖြတ်တဲ့လူတွေ ဒီငရဲကို ကျတာ။ ဟိုမှာ ပြေးနေတဲ့လူတွေက အဂတိလိုက်စားပြီး မတရားသဖြင့် ဆုံးဖြတ်ခဲ့တဲ့ တရားသူကြီး၊ တရားသူကြီးမတွေပဲ"

"သြော် . . . "

ကြည့်နေစဉ်မှာပင် ခွေးမည်းကြီးက နီးစပ်ရာလူကို ခုန်ဖမ်းသည်။

"ဝုန်း . . . ဝေါင်း"

ကြောင်ခံတွင်းတွင် ပါသွားသော ကြွက်သူငယ်လို အသံပင် မထွက်နိုင်။ ခွေးကြီးက ကုပ်မှဆွဲခါသည်။ အရိုးအကြောတို့ ပြတ်ထွက်သံ တဖျင်းဖျင်းကို ကြားရ၏။ မလှုပ်ရှားနိုင်တော့မှ မြေတွင်ချကာ ရင်ဘတ်အား ခြေဖြင့် နင်းသည်။ ထို့နောက်မှာ သားကောင်ရသော ကျားနာတစ်ကောင်လို အငမ်းမရ စားသောက်ပါတော့၏။

"အမယ်လေး . . . "

ကြက်သီးတွေ ထသွားသည်။ အစားခံရသူမှာ ပထမတော့ ဆန့်ငင်ဆန့်ငင် အကြောဆွဲနေသေး၏။ ဒါပေမဲ့ မကြာပါ . . .



"ဟိုအပေါ်မှာ လင်းတနဲ့ ကျီးတွေရှိတယ်။ ခွေးတွေပြီးသွားရင် သူတို့အလှည့်ပဲ"

သစ်ကိုင်းများဘက်ဆီ ကြည့်တော့ သွားရည်တမြားမြားနှင့်ရှိနေသော လင်းတကြီးများနှင့် ကျီးမည်းကြီးများကို မြင်ရပါသည်။ ဘိုကြီး ဆက်မကြည့်ရဲတော့။ အသည်းယားလှသည်လေ။

ယာဉ်ပျံမှာ ဆက်လက်ထွက်သွားသည်။ တစ်နေရာရောက်တော့ ယာဉ်ပျံကို အရှိန်လျှော့စေရင်း . . .

"ဟောဒါ . . . ကြိမ်ပိုက်ချောင်းငရဲ။ ဒီငရဲကို ရောက်လာသူတွေက သားသတ်သမားတွေ၊ ခိုးသူတွေ၊ ခန္ဓာအင်အား၊ ဥစ္စာအင်အားကြီးမားလို့ ကိုယ့်ထက်နိမ့်ပါးသူတွေကို အနိုင်အထက် ပြုကျင့်သူ၊ နှုတ်ရင်းကြမ်းတမ်းပြီး ဆဲရေး ခြင်းဆယ်မျိုးနဲ့ အမျိုးမျိုး ဆဲရေးသူတွေပဲ။ ကြည့်လိုက်ဦး . . . "

ဘိုကြီး ငုံ့ကြည့်တော့ . . .

ရှိန်းရှိန်းထနေသော ကြေးနီရည်ထဲတွင် လူတွေထက် အောက်ပြောင်းပြန်၊ နောက်ပြန်ပက်လက် ကူးခတ်နေပါ၏။ ကူးခတ်နေသည့်ကြားမှ အမိအဖစုံအောင် တမ်းတနေကြသည်။ ငရဲထိန်းများက သန်လျက်၊ အဲမောင်း၊ သံချွန်၊ ဆောင်ပုတ်တို့ကို ကိုင်ကာ ကမ်းမှစောင့်နေသည်။

အပြစ်ခံရသူ ငရဲသားများအတွက် ပြေးရန် လမ်းမရှိ။ တစ်နေရာ၌ ချောင်းကို ကန့်လန့်ဖြတ်ပြီး သင်တုန်းဓားသွားကဲ့သို့ ထက်ရှသော အသွား၊ အရွက်များဖြင့် ဒလက်ကြီးတစ်ခုမှာ လည်နေသည်။ ရေရှိန်နဲ့ ထိုဒလက်ကြီးနားရောက်လာသူ ငရဲသားများမှာ အပိုင်းပိုင်းပြတ်ကုန်၏။

ရေပြင်တစ်ခုလုံးက ခဏချင်း သွေးရောင်လွှမ်းသွားသည်။ သင်တုန်းဓားသွား ဒလက်ကြီးနှင့် မဆုံလိုသူ ငရဲသားများမှာ ကမ်းပေါ်တက်ပြေးသည်။ ထိုအခါ အသင့်စောင့်နေသော ငရဲထိန်းတို့က လူ့ပြည်တွင် သတ္တဝါတို့အား နည်းအမျိုးမျိုးဖြင့် သတ်ဖြတ်ပစ်သကဲ့သို့ သူတို့ကိုလည်း ထိုနည်းလမ်းအတိုင်း နှိပ်စက်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com

နတ်ရင်းကြမ်းတမ်းခဲ့သူများကိုတော့ ငါးတို့ကို ငါးမျှားချိတ်ဖြင့် ဆွဲတင်သကဲ့သို့ သံချိတ်ဖြင့် လည်ကိုချိတ်ကာ ကမ်းပေါ် ဆွဲတင်သည်။ ပြီးတော့ ခံတွင်းကို ဖြဲကာ ကျိုက်ကျိုက်ဆူနေသော သံရည်ပူတွေ လောင်းထည့်၏။ ငရဲသားတို့မှာ အရှင်လတ်လတ်ပင် လည်ပင်း။ လည်ကုပ်များ တွန့်လိမ်ကောက်ကွေးလာရ၏။ အပူဒဏ်ကြောင့် ဆားထိသော တီကဲ့သို့ ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်သည်။

ဘိုကြီး ဆက်မကြည့်ရဲတော့ချေ။ ခမိန်သုက ဘယ်လိုလဲဟု သည့်သဘော မေးငေါ့ပြသည်။ ရင်ထဲမှာ ပျို့တက်လာကာ ဘိုကြီး အန်ချမိပါတော့သည်။ ယာဉ်ပျံက ကြေးနီချောင်းကိုဖြတ်ပြီး ဆက်လက်ပျံသန်းသည်။

"အဲလောက် အနှိပ်အစက်ခံနေရတာ သူတို့တွေ အသက်မသေကြဘူးလားဗျာ . . . "

"သေတာပေါ့ . . . ဒါပေမဲ့ အကုသိုလ်ကံ မကုန်မချင်း အခါခါ ပြန်ရှင်ရတယ်။ ပြီးရင် အခါခါ အနှိပ်စက်ပြန်ခံရတယ်"

ကြားရသောစကားက ကြက်သီးထဖွယ်။ ဒါပေမဲ့ သူ့ကိုယ်သူတော့ ယုံပါသည်။ ဤမျှ ပြင်းထန်ရက်စက်လှသော ငရဲများသို့ ကျရောက်စရာ အကြောင်းမရှိ။ ထိုစဉ်မှာပင် ယာဉ်ပျံက တစ်နေရာကို ဆိုက်ကပ်လာပြန်သည်။ ထူးဆန်းသော နေရာတစ်ခုဖြစ်၏။

မိန်းမသားတို့ကို ခါးမှစ၍ ခန္ဓာကိုယ်အောက်ပိုင်းအား မြေ၌ မလှုပ်ရှားနိုင်အောင် မြှုပ်ထားသည်။ မြေပေါ်တွင်ရှိနေသော ခန္ဓာကိုယ်အပေါ်ပိုင်းမှာလည်း သွေးအလူးလူး၊ ပိုင်းဖြတ်ထိုးနှက်ခံထားရသဖြင့်လည်း အပိုင်းပိုင်း အပေါက်ပေါက်၊ မြင်တွေ့ရသည်က အဆင်းအင်္ဂါကင်းမဲ့ကာ စက်ဆုပ်ဖွယ် အတိပြီးနေ၏။

ထိုစဉ်မှာ အရှေ့အရပ်ဆီမှ မီးလျှံပြောင်ပြောင် တောက်လောင်နေသော သံတောင်ကြီး လိမ့်ဆင်းလာပါသည်။ ထိုသံတောင်ကြီးက မိန်းမသားတို့၏ ခန္ဓာကိုယ်အား ဖိချေကျိတ်နင်းသွားပါ၏။ အရှေ့အရပ်မှ



လိမ့်ဆင်းလာသော သံတောင်သည် အနောက်နံရံသို့ ရောက်သောအခါ ကြေမွနေသော ခန္ဓာကိုယ်များမှာ အသစ်ပြန်ဖြစ်လာလေသည်။ ထိုနောက် ကြီးစွာသော မိုးခြိမ်းသံနှင့်အတူ အရှေ့၊ အနောက်၊ တောင်မြောက်မှ သံတောင်များမှာ အဆက်မပြတ် လိမ့်ဆင်းပါတော့၏။

တောင်နှစ်လုံး ဆုံမိသောအခါ ကြံရည်စက်၌ ကြံရည်ညှစ်သကဲ့သို့ ငရဲခံရသူ မိန်းမသားတို့၏ ခန္ဓာကိုယ်မှ သွေးတို့သည် ကျိုက်ကျိုက်ဆူကာ စီးထွက်ကုန်၏။

"ဒါ သံတောင်ကြိတ်ငရဲလို့ ခေါ်တယ်။ ရှေးဘဝက မိမိလင်ယောကျ်ားကို စွန့်ပယ်ကျော်လွန်ပြီး အခြားတစ်ပါးသောယောကျ်ားနဲ့ ဖောက်ပြန်ကျူးလွန်တဲ့ မိန်းမတွေ ဒီငရဲကို ရောက်လာရတာ"

"ဩော် . . . "

ယာဉ်ပျံမှာ ဆက်လက်ထွက်ခွာသွား၏။ ဒါပေမဲ့ သူ့စိတ်ထဲတွင် မတင်မကျ ဖြစ်နေသောအရာတစ်ခု ရှိလာသည်။

"အဲလိုဆို ဖောက်ပြန်တဲ့ ယောကျ်ားတွေကရော ငရဲမခံရတော့ဘူးလား"

"ခံရတာပေါ့။ အဲဒီငရဲကိုတော့ ဦးခေါင်းဖောက်ထိုးငရဲလို့ ခေါ်တယ်။ ဟောဒီငရဲကြီးရဲ့ တစ်ဖက်ခြမ်းမှာရှိတယ်"

ယမမင်းက ယာဉ်ပျံ၏ ဘယ်ဘက်ခြမ်းကို ညွှန်ပြပါ၏။ ထိုအရာမှာ တံတိုင်းအထပ်ထပ် ကာရံထားသော အဆောက်အဦကြီးဖြစ်ပါသည်။ အတွင်းကို မမြင်ရ။

"မြေပုံမှာမြင်ရတဲ့ ငရဲကြီးကို ပြောတာလား"

"အင်း . . . "

ခမိန်သု ခေါင်းညိတ်ရင်း အဖြေပေးသည်။

"အထဲမှာ ဘာတွေရှိလဲဗျ။ ဝင်ကြည့်လို့ မရဘူးလား"

"မရဘူး . . . ။ အထဲကို တာဝန်မှအပ ဘယ်သူမှ ဝင်လို့မရဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဘိုကြီး နှုတ်ခမ်းမဲ့မိလိုက်သည်။ စည်းကမ်းတောင် တင်းကြပ်လို့ပါလား။

"ဦးခေါင်းဖောက်ထိုးငရဲက ဒီငရဲကြီးရဲ့ ဟိုဘက်ခြမ်းမှာ။ အဲမှာတော့ ယောကျ်ားလေးတွေချည်းပဲ။ သူတို့ကို ငရဲထိန်းတွေက မိုန်းနဲ့ထိုး၊ ခရင်းနဲ့ပစ်ပြီး မီးကျီခဲတွေ ပြည့်နေတဲ့ ကျင်းကြီးရှိရာကို ခေါ်သွားတယ်။ ကျင်းဝရောက်တော့ သူတို့ကို ခြေထောက်ကကိုင်ပြီး ကျင်းထဲကို ဖောက်ထိုးပစ်ချတာ။ ရှေးဘဝက ဖောက်ပြန်တဲ့ ယောကျ်ားတွေ၊ သူများအိမ်ရာ ကျူးလွန်တဲ့ယောကျ်ားတွေပေါ့ကွာ"

ဒီလိုဆိုတော့လည်း မဆိုးပါ။ မျှမျှတတတော့ ရှိသား။ ငရဲခံရသူတွေဘက်က မျှတသလို၊ အပြစ်ပေးသူတွေဘက်ကလည်း မျှတမှုရှိဖို့လိုပါသည်။ ဒါသည်လည်း အရေးကြီးသော အရာတစ်ခု မဟုတ်ပါလား။

တစ်နေရာရောက်တော့ ယာဉ်ပျံက ရပ်သွားပြန်သည်။ ဒီတစ်ခါ မြင်ကွင်းက အသည်းကို ဓားနဲ့မွှန်းသကဲ့သို့ . . .

သံမြေပြင်၌ အရောင်တလက်လက် ထ၍ တမြိုမြို ထက်ရှနေသော ဓားကြီးများကို စီခင်းကာထား၏။ ငရဲထိန်းများက ငရဲသားများကို တစ်နေရာမှ ထိုနေရာသို့ ရောက်အောင် မောင်းနှင်လာသည်။ နောက်ကျောမှနေ၍ မီးလက်နက်ဖြင့် ပစ်၏။ ကျာပွတ်ဖြင့် ရိုက်၏။ ကြောက်လန့်လွန်းသဖြင့် ငရဲသားများမှာ ဓားများစီခင်းထားရာသို့ ပြေးလာရသည်။

ငရဲထိန်းများက နောက်မှ အဆက်မပြတ် ရိုက်နှက်နေရာ ငရဲသားများမှာ ဓားများပေါ်သို့ ဖြတ်နင်းပြေးရတော့၏။ ထိုအခါ ခြေတွေ၊ လက်တွေ အပိုင်းပိုင်းပြတ်ထွက်ကုန်သည်။ သို့သော် အဖန်ဖန် ပြန်ထ၍ ဆက်ပြေးရသည်။

ဘိုကြီး တံတွေးကို မျိုချလိုက်ကာ . . .

"ဒါ ဘာငရဲလဲဗျ"



"သင်တုန်းဓားသွားငရဲလို့ ခေါ်တယ်"

"ဘာအပြစ်ကြောင့်လဲ"

"လူ့ဘဝက ကြမ်းတမ်းသော ကိုယ်ဝန်ကျဆေးတွေ မိမိကိုယ်ဆိုသော်လည်းကောင်း၊ အခြားသူကိုလည်းကောင်း တိုက်ကျွေးခဲ့လို့ .."

"ဂလု . . . "

တံတွေးကိုသာ နောက်တစ်ကြိမ် မျိုချမိပါတော့သည်။ ခါးသီးမွှန်းသဖြင့် ကြက်သီးတွေ ဖျန်းဖျန်းပွင့်နေ၏။ ယာဉ်ပျံက ဆက်လက်ထွက်ခွာပြန်သည်။ ဒီတစ်ခါ ဘယ်ငရဲကို လိုက်ပြဦးမည်မသိ။ ကြည့်ရဘဝင် မရဲတော့ပါချေ။

မကြာပါ၊ နောက်တစ်နေရာ ရောက်လာပြန်ပါ၏။

"လုံ့တံကျင်ငရဲပဲ။ ရဟန်းသံဃာကို နာကျင်စေအောင်လည်းကောင်း၊ အသက်သေအောင်လည်းကောင်း ပြုလုပ်ခဲ့တဲ့ လူတွေ ဒီမှာ ဒဏ်ခံရတာ။ ဘယ်လိုပုံစံမျိုးလည်း ကြည့်ကြည့်ပါဦး"

သက်ပြင်းချမိပါ၏။ ကိုယ်က မကြည့်ချင်သော်လည်း စိတ်က လွယ်နေသည်မို့ ငုံ့ကြည့်လိုက်ရာ . . .

ငရဲထိန်းတို့က လက်နက်မျိုးစုံဖြင့် ရိုက်နှက်ပုတ်ခတ်ကာ ငရဲသားတို့အား မီးလျှံတပြောင်ပြောင် တောက်လောင်နေသော သံတောင်သို့ တက်စေသည်။ လက်နက်ရန်ကို ကြောက်သဖြင့် ငရဲသားတို့မှာ သံတောင်ပေါ် ကုတ်ကပ်တက်ရ၏။ ထိုအခါ ငရဲသားတို့၏ ကိုယ်ခန္ဓာဆီ မီးစွဲလောင်လေ၏။

တောင်ထိပ်သို့ရောက်သော် လေပြင်းတိုက်သဖြင့် အောက်သို့ပြန့်လျှောကျသည်။ ထိုအခိုက် တောင်အောက်ခြေတွင် လုံ့တံကျင်တို့ပေါ်လာပြီး ငရဲသားခန္ဓာကိုယ်မှာ ထိုအပေါ်သို့ ကျ၏။ တံစို့ထိုးခံရသော ငါးကဲ့သို့ သွေးပွက်ပွက်ထွက်ကာ အသက်မသေဘဲ မြည်တမ်းအော်မြည်နေရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

နေရင်းထိုင်ရင်း ဘိုကြီး လက်အုပ်ထချီမိလိုက်၏။ မဖြစ်ချေ တော့။ လူ့ပြည်ရောက်လျှင်တော့ ရဟန်းသံဃာကို အရင်ကထက် ပို ကိုင်းရှိုင်းရတော့မည်။

"ကဲ . . . ကဲ . . . ထွက်ပါတော့ဗျာ"

ခမိန်သုက သူ့ကိုကြည့်ကာ မချိုပြုံး ပြုံး၏။

"ဘယ်လိုလဲ . . . မင်း ငရဲပြည်ကို ရောက်နေတယ်ဆိုတာ ယုံပြီလား"

သက်ပြင်းချရုံသာ ရှိတော့၏။

"နောက်ငရဲတွေ လိုက်ကြည့်ချင်သေးလား"

"မကြည့်တော့ဘူး"

ခမိန်သုက ယာဉ်မောင်းအား နောက်ပြန်လှည့်စေသည်။

အပြန်လမ်းတစ်လျှောက်လုံး သူ စဉ်းစားလာသည်က လူ့ပြည် ၌ မည်သည့်မကောင်းမှုတွေကိုများ သူ လုပ်ခဲ့ပါသနည်း။ စဉ်းစားလို့ မရ။ အာရုံ၌ ငရဲသို့ရောက်ရလောက်သော အပြစ်ကြီးကြီးမားမား ပေါ် မလာ။

"ဒီအချိန်ဆိုရင်တော့ ယမမင်း နိုးလောက်ပြီထင်တာပဲ"

ခမိန်သုစကားကြောင့် သူ့သွေးခုန်နှုန်းတွေ ပူနွေးသွားသည်။

နားတွင်း၌ နာမည်ကျော် မင်းသားကြီးတစ်ဦး ပြောခဲ့ဖူးသော စကားတစ်ခွန်းက ပြန်လည်ကြားယောင်လာသည်။

"သေမင်းနဲ့တွေ့ရင် စကားတွေပြောဖို့ စဉ်းစားထားတယ်"

အင်း . . . စကားတော့ ပြောရပါဦးမည်။



# V

ငရဲတရားရုံးကို ပြန်ရောက်သည်ထိ ကျောက်ကုလားထိုင်ကြီး [illegible]တွင် ယမမင်းကို မတွေ့ရသေး။ ခမိန်သုက လှမ်းမေးသည်။

"ယမမင်း မလာသေးဘူးလား"

"မလာသေးပါဘူး။ ဒါပေမဲ့ အိပ်ရာတော့ ထပါပြီ။ Breakfast [illegible]နေတယ်လို့ သတင်းပို့ထားပါတယ်"

အနောက်ပိုင်းတိုင်း ဝင်းစိုးက ရိုသေစွာ အဖြေပေးလာတော့ [illegible]ကြီးစိတ်တွင်းမှ စဉ်းစားမိပါ၏။ တိုင်းမှူးဖြစ်ပေမဲ့ ခမိန်သုကိုတော့ [illegible]သေသား။ အင်းပေါ့လေ . . . သူတို့အချင်းချင်းလည်း ကျော်မရတဲ့ [illegible]တွေ ရှိရင် ရှိနေမှာပေါ့။ ဝင်းစိုးစကားကြောင့် ခမိန်သုမှာ စိတ်သက် [illegible]သွားသလို လေသံဖြင့် . . .

"အဲလိုဆိုရင်တော့ မကြာတော့ပါဘူး"

ပြီးတော့ ဘာလုပ်ရမှန်းမသိ ဟိုကြည့်ဒီကြည့် ဖြစ်နေသော [illegible]ကြီးအား . . .

"ယမမင်း လာတော့မှာဆိုတော့ မင်းက ဟိုနားမှာ ဒူးထောက် [illegible]စောင့်နေ"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ . . . "

ဘိုကြီး နားမရှင်းလိုက်။

"ယမမင်းလာတော့မှာလေ"

"ဒီအတိုင်း ရပ်စောင့်လို့ မရဘူးလား"

"မရဘူး"

"ဟာ . . . ခင်ဗျားတို့ဟာက ဘာလဲဗျ။ ဘာကိစ္စ ကျွန်တော်က ဒူးထောက်ရမှာလဲ"

"မင်းက ငရဲကျခံဖို့ ရောက်လာတဲ့ အပြစ်သားလေ။ အဲတော့ ယမမင်းရှေ့မှာ ဒူးထောက်ထိုင်ရမှာပေါ့"

"ဘာအပြစ်လဲ . . . ဘာအပြစ်သားလဲ။ လူ့ပြည်မှာ ဘာအပြစ်တွေ လုပ်ခဲ့လို့ ကျွန်တော်က ငရဲကျခံရမှာလဲ"

"အဲဒါ ယမမင်းလာရင် သိလိမ့်မယ်။ ငါတို့ပြောပိုင်ခွင့် မရှိဘူး။ ဒါပေမဲ့ ငရဲဥပဒေအရ ငရဲပြည်ကို အပြစ်ခံဖို့ရောက်လာတဲ့ အပြစ်သားဟာ ငရဲတရားရုံးမှာ ဒူးထောက်ထိုင်ရမယ်။ ပြီးတော့ ယမမင်းလာရင် လက်အုပ်ချီပြီး ကြိုရမယ်"

"ဟ . . . ဘာလိုင်းကြီးပါလား။ လက်အုပ်ချီပြီး ကြိုရအောင် ခင်ဗျားတို့ ယမမင်းက ဘုန်းကြီးလား"

"မဟုတ်ဘူး . . . ဒါပေမဲ့ ဒါဟာ ငရဲပြည်ရဲ့ ထုံးတမ်းစဉ်လာပဲ"

ဒီလိုနေရာမျိုးကျတော့ လူ့ပြည်နှင့်ပင် လာတူနေသေး၏။ ဘုန်းကြီးမဟုတ်၊ ဘာမဟုတ် လူလူချင်းကို တစ်ခါတလေ လူ့ပြည်လက်အုပ်ချီရ၏။ တချို့တွေကို ပြောပါတယ်။

ဘိုကြီး ခြောက်ကပ်ကပ် အော်ရယ်လိုက်ပါသည်။

"ဟင်း . . . ဟင်း . . . သိတယ်။ ခင်ဗျားတို့ ဘယ်အကွက်ချိုးနေလဲ . . . သိတယ်။ အလကားနေရင်း လက်အုပ်ချီ ကန်တော့ခိုင်းပြီး ခင်ဗျားတို့ ဘုန်းကံတိုးအောင် လုပ်နေတာ။ ခင်ဗျားတို့ နန်းသက်ရှည်အောင် ယဉ်ကြာချေနေတာ . . . သိတယ် . . . ဘိုကြီး အကုန်သိတယ်။ စာတွေ အများကြီးဖတ်လာတဲ့ကောင်၊ ဒီလောက်တော့ နပ်ပြီးသား"



ခမိန်သုမျက်နှာကြီး ရဲဗလောင်းခတ်ကာ သွားပြီး . . .

"မင်း ဘာတွေ ပြောနေတာလဲ"

"အမှန်တွေ ပြောနေတာလေ။ အဲဒါကြောင့်မလို့ ဒူးလည်း ထောက်နိုင်ဘူး၊ လက်အုပ်လည်း မချီနိုင်ဘူး။ ဒီမိုကရေစီတိုင်းပြည်က လာတဲ့ကောင်။ နောက်ပြန်လှည့်ဖို့ မစဉ်းစားနဲ့"

ခမိန်သု တင်းသွားချေပြီ။

"တကယ်ကို မထောက်ဘူးလား"

ဘိုကြီး နှုတ်ခမ်းကို တွန့်ကွေးကာ ပြုံးလိုက်ရင်း . . .

"မထောက်တော့ ခင်ဗျားက ဘာလုပ်မလဲ"

"ဟိုကောင်တွေ မင်းခြေထောက်ကို ချိုးလိမ့်မယ်"

နောက်လှည့်ကြည့်တော့ . . .

"ဟာ . . . "

တရုတ်သိုင်းကားတွေထဲက စစ်တပ်ကြီးချီလာသလို ပုံဆိုးပန်းဆိုး ငရဲထိန်းတစ်သိုက် သေမင်းနိုင်ငံ အလံတွေကိုင်ပြီး တစ်လှမ်းချင်း ချီလာ၏။ အယောက်အရေအတွက်ကို ကြည့်ပြီး ဘိုကြီး အနည်းငယ်တော့ ကျွတ်ဆင်းသွားသည်။

"ဒါ ယမမင်းရဲ့ သက်စောင့်တပ်ပဲ။ ဘယ်လိုလဲ မင်း ဆက်ရပ်နေဦးမှာလား"

အခြေအနေကို တွက်ဆရပြီ။ အရမ်းကြီး ခေါင်းမာရမည့်အချိန် ဟုတ်မှန်း ချက်ချင်းပဲ သဘာပေါက်လိုက်ပါ၏။ ဒီလိုနေရာမျိုးတွင် ခေါင်းမာနေပါက အခြေအနေတွေ ရှုပ်ထွေးသွားနိုင်သည်။ သူကောင်းအားတွေ ကြည့်ရတာ တကယ်လုပ်မယ့်ရုပ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေရော၊ အချိန်အခါပါ ကိုယ့်ဘက်က အားနည်းနေသည်ဖြစ်ရာ အားမတန်၍ မာန်လျှော့လိုက်ရပါတော့သည်။ အံကိုကြိတ်ရင်း ဒူးကို ထောက်လိုက်သည်။ ခမိန်သုက သူ့ပုံစံကို ကြည့်ကာ ခနဲ့တည့်တည့် ပြုံး၏။

ထိုစဉ်မှာပင် လျှောင်လျှပ်သလို၊ လေပြင်းမုန်တိုင်း တိုက်သလို ထစ်ချုန်းသံကြီးတစ်ခု ပတ်ဝန်းကျင်မှာ အော်မြည်လာသည်။

"ဟာ . . . ဘာဖြစ်တာလဲ"

ဘိုကြီး ထိတ်လန့်သွားကာ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်တော့ အားလုံးက မထူးဆန်းသော ကိစ္စတစ်ခုလို ဣန္ဒြေမပျက် ရှိကာနေသည်။ မကြာလိုက် ရဟတ်ယာဉ်တစ်စင်း၏ ပန်ကာခတ်သံနှင့်တူသော အသံများ ကျယ်လောင်လာကာ သူတို့ရှေ့ဆီသို့ လွန်စွာ ကြီးမားခန့်ညားလွန်းသော ယာဉ်ပျံကြီးတစ်စင်း ဆိုက်ရောက်လာပါတော့၏။

ကြည့်နေစဉ်မှာပဲ တံခါးကြီးတစ်ချပ် ပွင့်လာသည်။

ပြီးတော့ အမည်းရောင် အောက်ခံပေါ်တွင် ရွှေကွပ်ထားသော ဖိနပ်တစ်ရန်ကို မြင်လိုက်ရသည့်ခဏ ခမိန်သုအပါအဝင် ရှိနေသူအားလုံးတို့၏ ဦးခေါင်းများ ငုံ့ဆင်းသွားပါတော့၏။

ဒီလောက်နှင့် ဆင်းလာသူမှာ မည်သူဖြစ်ကြောင်း ဘိုကြီးသိလိုက်သည်။ ပုံစံကို ကြည့်ဦး။

ပခုံးနှင့်ရင်ဘတ်မှာ အချွန်အတက်တွေ၊ အကွင်းအခက်တွေ၊ စလွယ်တွေ၊ ဆုတံဆိပ်တွေနဲ့ ဖိတ်ဖိတ်တောက်နေသည်။ လူကောင်ဝဝ၊ ဗိုက်ရွဲရွဲ၊ အရက်ဖော ဖောနေသောမျက်နှာ၊ ဆင်ကြဲကြဲသော မျက်လုံး၊ ထူးထဲမည်းပြာသော နှုတ်ခမ်း၊ ရေမြင်းပါးစပ်နှင့် ဝက်နှာခေါင်း။

တော်တော်ကို ကြည့်ရ ကျက်သရေယုတ်သော ရုပ်ဆင်းအင်္ဂါ ဖြစ်ပါ၏။ ဒါနှင့်ပင် အားမရသေးပဲ ဦးချိုနှစ်ဖက်ပါသော ခေါင်းဆောင်း ကြီးကို ဆောင်းထားသည်။ ဤရုပ် ဤရည်ကို မြင်သည်နှင့် သဘော



ပေါက်လိုက်ပါသည်။ ငရဲပြည်ကြီးတစ်ခုလုံး ကြောက်ရွံ့နေရသည်မှာ ဆန်းတော့။ ပုံစံက ကြောက်ရွံ့ရုံမဟုတ်တော့ဘဲ အော့နှလုံးနာသည် အထိပင် ရောက်နေပြီ မဟုတ်ပါလား။

တစ်ယောက်တည်း ဆင်းလာသည်မဟုတ်။ Bodyguard လေးယောက်နှင့်။ လေးယောက်လုံးက သူ့ကို ဝန်းရံထားပြီး လက်နက်တပြင်ပြင်နဲ့ ပျာယာတွေ ခတ်နေသည်။ အရှိန်ဝါသုံးသည် မှန်သော်လည်း ချောက်စီတော်တော်နောက်ရ၏။ ပြီးတော့ လက်ထဲတွင် သားရေဖုံးစာအုပ်ကြီးတစ်အုပ်ကိုလည်း ကိုင်လာပါသေးသည်။

အကုန်ဆင်းပြီးနောက်မှာ ယာဉ်ပျံကြီးက ပြန်လည်ထွက်သွားသည်။ ကျောက်လှေကားထစ်ပေါ်သို့ တစ်လှမ်းချင်း တက်သွားပြီးနောက် စာအုပ်ကို စားပွဲပေါ် ပစ်ချ၏။ ပြီးတော့ ကျောက်ကုလားထိုင်ကြီးပေါ် ထိုင်ချလိုက်ပြီး တစ်လောကလုံးကို လုပ်ကျွေးထားရသော မျက်နှာနှင့် ဝင်ထိုင်သည်။

"ဒုန်း . . . "

စားပွဲအား တူဖြင့် ထုလိုက်မှ တစ်ချိန်လုံးငုံ့နေသည့် ဦးခေါင်းများ ပြန်မော့လာသည်။ သေချာပါ၏။ ဤနေရာက အမိန့်ချတော့မည့် တရားခွင်တစ်ခု ဖြစ်သွားလေပြီ။ ယမမင်းဆိုသူက ဒူးထောက်ထိုင်နေသော သူ့အား အဖက်မတန်သလို တစ်ချက်ကြည့်ပြီး . . .

"ဒီနေ့ တစ်ယောက်တည်းလား"

"ဟုတ်ပါတယ် . . . ငရဲမင်း"

ခမိန်သုက ဦးခေါင်းကို ညွှတ်ရင်း အဖြေပေးတော့ . . .

"ရော့ . . . "

စားပွဲပေါ် ပစ်ချထားသော စာအုပ်ကြီးကို ရှေ့ထိုးပေးသည်။ ခမိန်သု ကပျာကယာ အပေါ်တက်သွားပြီး စာအုပ်ကြီးကိုယူကာ ရှေ့ဆုံးစာမျက်နှာကို လှန်၏။ ထို့နောက် အကုန်လုံးကြားလောက်သော အသံဖြင့် . . .

www.burmeseclassic.com

www.burmeseclassic.com

"အမည် . . . မောင်ဘိုကြီး၊ ကလေးနှစ်ယောက်ဖခင်။ မိယား မှာ ဒဏ်မခံနိုင်၍ ဒုတိယကလေး နှစ်နှစ်အရွယ်တွင် အပင်ပန်းလွန်ရောဂါဖြင့် သေဆုံး။ ကျန်ရစ်ခဲ့သော ကလေးနှစ်ယောက်အတွက် အရက်ပုန်းရောင်းသူဖြစ်လာ။ လူတို့စောင့်ထိန်းအပ်သော ကံငါးပါးတွင် တစ်ပါးမှ မလုံ။ အသက်သုံးဆယ့်ငါးနှစ်တွင် ဌာန၌ အရက်သွားထုတ်ရင်း အရက်ပုံးပိ သေဆုံး"

"ဒိန်း . . . "

ယမမင်းထံမှ တူထုသံကြီး ထွက်ပေါ်လာကာ . . .

"မိုက်လိုက်တဲ့လူသား . . . ။ လူ့ပြည်မှာ ဒီလောက်လုပ်စရာ အလုပ်တွေ ပေါပါလျက် အရက်မှ ရောင်းရလားကွ။ ကိုယ်တိုင်လည်း သီလပျက်တယ်၊ သူများတွေကိုလည်း သီလပျက်အောင်လုပ်တဲ့ကောင်။ ဘယ်ငရဲကို ပို့ရမလဲ ထပ်ကြည့်စမ်း"

ခမိန်သုက စာရွက်အား ထပ်လှန်ရန် ပြင်စဉ် . . .

"ဟ . . . နေစမ်းပါဦး . . . နေစမ်းပါဦး . . . ခင်ဗျားတို့ ဘယ်သူ့ကို ပြောနေတာလဲ"

"ဘာကွ . . . "

ယမမင်းနောက်တွင်ရှိနေသော အရှေ့ပိုင်းလှသိန်းက ထအော်သည်။

"လူပါးဝလို့ မင်းအကြောင်း မင်းမသိဘူးလား။ လုံနဲ့ ပိတ်ထိုးလိုက်ဦးမယ်"

ဘိုကြီး တင်းရချေပြီ။

"ဟာ . . . ခင်ဗျားတို့က ဘာတွေလဲ။ ဘယ်က ဘိုကြီးလဲ။ ဘယ်သူ့အကြောင်းကို ပြောနေတာလဲ။ ကျွန်တော် တစ်ခါမှ အရက်မရောင်းဖူးဘူး။ မိန်းမတွေ၊ ကလေးတွေလည်း မရှိဘူး။ အခုမှ အသက်နှစ်ဆယ်ပဲ ရှိသေးတယ်ဗျ။ ကျောင်းသား . . . ကျောင်းတောင် မပြီးသေးဘူး"



"ဟော . . . "

အရက်ဖောဖောနေသော ယမမင်းကြီး အာမေဋိတ်သံ ထွက်သွားသည်။ 'ဘာဖြစ်တာလဲ' ဟူသော မျက်လုံးတွေနှင့် ခမိန်သုအား လှမ်းကြည့်ပါ၏။ ခမိန်သုမှာ မျက်စိပျက်မျက်နှာပျက်ဖြင့် ယမမင်းအား တိုးတိုးကပ်ပြောနေသည်ကို မြင်ရသည်။

ထို့နောက်မှာ ယမမင်းကြီး မျက်နှာ မည်းကျသွားလေတော့၏။ ခမိန်သုက စာအုပ်ကို ရှေ့တိုးပေးရင်း တစ်နေရာကို ညွှန်ပြသည်။ ယမမင်း၏ မည်းနေသောမျက်နှာမှာ အမ်းထွက်သွားပြီး နောက်ပါးစုံကြီးနှစ်ဖက်ဝင် ရဲတက်သွားပါသည်။

ခမိန်သုက ဘာမှမဖြစ်သလို အမူအရာဖြင့် လည်ချောင်းတစ်ချက်ရှင်းကာ . . .

"မင်းရဲ့ နေရပ်လိပ်စာပြော"

ဘိုကြီး ခပ်သွက်သွက် ရွတ်ဆိုပြတော့ . . .

"အဖေ၊ အမေနာမည် . . . "

"ဦးဘို၊ ဒေါ်ကြီး . . . မှတ်ပုံတင်နံပါတ် ပြောဖို့လိုသေးလား"

"မလိုဘူး . . . ရပြီ"

ခမိန်သုက စာအုပ်ကြီးအား သည်းကြီးမဲကြီး လှန်သည်။ ဘိုကြီး သက်ပြင်းချမိလိုက်သည်။ ထင်ထားသလိုပါပင် တစ်ခုခုတော့ မှားနေပြီ တော့တ်ပါလား။

"တွေ့ပြီ"

ခမိန်သုက ဝမ်းသာအားရ ထအော်ကာ စာအုပ်ကို ကြည့်လိုက်၊ သူ့ကိုကြည့်လိုက် အရင်လုပ်သည်။ ပြီးမှ . . .

"ရုပ်လည်း တူတယ်"

ယခုမှ စိတ်အေးသွားရသောပုံစံဖြင့် ယမမင်းမှ . . .

"အင်း . . . Biography ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"အမည် . . . ဘိုကြီး၊ ဘူမိဗေဒကျောင်းသား။ ထူးခြားအောင် မြင်သော ဓာတ်သတ္တုရှာဖွေရေးပညာရှင်။ အသက်သုံးဆယ်၌ ဓာတ်သတ္တု ရှာဖွေတွေ့ရှိမှု အသစ်တစ်မျိုးအား ကမ္ဘာသို့ တင်ပြနိုင်၊ ကမ္ဘာက ချီးမြှင့်သော ဒေါက်တာဘွဲ့ရရှိ၊ သုံးဆယ့်သုံးနှစ်တွင် နာမည်ကြီး ရုပ်ရှင်မင်းသမီးနှင့် အိမ်ထောင်ကျ၊ သားသမီးသုံးဦး ထွန်းကား၊ ခြွင်းချက် အနည်းငယ်မှလွဲ၍ သီလလုံသူဖြစ်၊ ထို့ကြောင့် အသက်ကြီးလေ ချမ်းသာလေ . . ."

"တော်တော့ . . . "

ယမမင်းထံမှ တားမြစ်သံကြီး ထွက်လာသည်။ ကိုယ့်နောင်ရေး ကိုယ်သိ၊ ကိုယ့်အနာဂတ် ကိုယ်မြင်နေရသော ဘိုကြီးမှာ ယမမင်း၏ တားမြစ်သံကြောင့် မချင့်မရဲဖြစ်သွားသည်။ သူတစ်ပါး တိုးတက်ကြီးပွားကြောင်းကို ကြာကြာ မကြားချင်ပုံရလေသည်။

"သူ့သက်တမ်း ဘယ်လောက်ကျန်သေးလဲ"

ခမိန်သုက စာအုပ်ကို ပြန်ကြည့်၍ . . .

"သက်တမ်းကုန် နေရှာ . . . ယမမင်း"

ပြီးလေပြီ။ ဘိုကြီး ထခုန်မိမတတ်ပင် ဝမ်းသာသွားတော့၏။ သူ့လောက် ကံကောင်းမည့်သူ ကမ္ဘာတွင် မရှိနိုင်တော့။

"ဒါဆို လူမှားခေါ်လာတာပေါ့"

ခမိန်သုမှာ ခေါင်းကို လေးပင်စွာ ညိတ်သည်။ ယမမင်းက . .

"သူ့ကို ဘယ်သူသွားခေါ်တာလဲ။ ခေါ်တဲ့ကောင် ရှေ့ထွက်ခဲ့စမ်း"

အသံမှာ ပြင်းထန်လွန်းလှ၏။ ချက်ချင်းပင် ညာဘက်အရပ်ဆီမှ ငရဲထိန်းနှစ်ဦး မဝံ့မရဲဖြင့် ရှေ့ထွက်လာသည်။ မှတ်မိပါ၏။ အိမ်ရှေ့ရောက်မှ အာကျယ်ရဲသော ရုပ်ကွက်လူမိုက်နှစ်ကောင်။ ဒါပေမဲ့ အခုတော့ ကျွားရှေ့မှောက်လျက်လဲသော သမင်လေးနှစ်ကောင်လို ဒူးထောက်ထိုင်ချသည်။



"ဘာလို့ လူမှားလာတာလဲ"

"ဟို . . . ဟိုဟာ . . . ကျွန်တော်တို့ . . . "

တစ်ဦးကိုတစ်ဦး ကြည့်ကာ ဘာဖြေရမှန်းမသိ။

"ဖြေလေကွာ"

နောက်တစ်ကြိမ်အော်သံ ထွက်လာသော်လည်း အဖြေမရှိ။

"ဘယ်သူ့ကို ခေါ်ရမလဲဆိုတာ သေစာရင်းစာအုပ်စောင့် နတ်သမီးက အိပ်မက်မပေးဘူးလား"

"ပေးပါတယ်"

"ပေးရက်နဲ့ ဘာလို့ မှားတာလဲ"

ဒူးထောက်နေလျက်မှ တစ်ဦးက ဦးခေါင်းကို ငုံ့ကာ တင်လျှောက်သည်။

"မနေ့က မီးလျှံငရဲမှာ တစ်နေကုန် ပင်ပန်းထားလို့ အိပ်ရာဝင်တော့ တစ်ချိုးတည်း အိပ်ပျော်သွားပါတယ်။ သေစာရင်းစာအုပ်စောင့် နတ်သမီးပေးတဲ့ အိပ်မက်ကို အကုန်မမှတ်မိလိုက်ပါဘူး။ နာမည်ပဲ မှတ်မိလိုက်ပါတယ်။ အဲဒါကြောင့်ပါ"

ယမမင်းရဲ့ မျက်လုံးများ မီးဝင်းဝင်းတောက်လာပြီး . . .

"မင်းကရော . . . "

အမေးခံရသူ ငရဲထိန်းမှာတစ်ကိုယ်လုံး တုန်ယင်လာပါ၏။

"ကျွန် . . . ကျွန်တော် ညက မျက်စိကြောင်ပြီး အိပ်မပျော်လို့ အိပ်မက် မမက်လိုက်ပါဘူး"

"အိပ်မပျော်ရအောင် မင်းက ဘာလုပ်နေလို့လဲ"

"ဘောလုံးပွဲ ကြည့်နေလို့ပါ"

"ဘာကွ . . . "

ယမမင်း၏ ဒေါသတို့ ပြင်းထန်လေပြီ။ အခြေအနေကို သဘောပေါက်စွာ ခမိန်သုက ဝင်ထိန်းသည်။ ယမမင်းနားသို့ ကပ်ကာ တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com

တစ်ရာကို ပြော၏။ ဘာပြောလိုက်သည် မသိ။ ယမမင်းမှာ ငရဲထိန်း နှစ်ကောင်အား စိန်းစိန်းကြည့်နေရာမှ . . .

"အေး . . . မင်းတို့ကိစ္စ ပြီးမှရှင်းမယ်။ အခုလောလောဆယ် သူ့ကို အမြန်ဆုံး ပြန်ပို့ပေးလိုက်"

သက်သာရာရသွားသလို ခေါင်းများ ပြန်မော့လာတော့ . . .

"ဘယ်က ခေါ်လာတာလဲ"

"အလယ်ရိုးမကပါ"

ယမမင်း မျက်မှောင်ကြုတ်သွားစဉ် . . .

"လျှိုထဲပြုတ်ကျပြီး သတိလစ်နေတာ တွေ့လို့ပါ"

"ပြောတော့ မင်းက ကျောင်းသားဆို။ ရိုးမထဲလာပြီး ဘာလုပ်တာလဲ"

အမေးရှိလာတော့ ဖြေရပြီ။ ထောက်ထားသော ဒူးကို ဖြုတ်ရင်း ခါးထောက်ကာ မတ်တတ်ရပ်လိုက်သည်။ ပြီးတော့ . . .

"ဟုတ်တယ် . . . ကျွန်တော်က ကျောင်းသား။ အလယ်ရိုးမကို လေ့လာရေးခရီး ထွက်လာတာ။ သူငယ်ချင်းတွေရော၊ ဆရာမတွေရော ပါတယ်။ ကဲ . . . ခင်ဗျားတို့ ဘာသိချင်သေးလဲ"

ကိုယ့်ဘက်က မှန်နေပြီဖြစ်ရာ ဘိုကြီး မကြောက်တော့။ ခနဲ့ တဲ့တဲ့ကြည့်ထားသော ခမိန်သုကို မချိုမချဉ် ပြန်ကြည့်ရင်း . . .

"ဟိုမှာ အခုချိန်ဆို ကျွန်တော်ပျောက်လို့ ဆရာမတွေ၊ သူငယ်ချင်းတွေ ခေါင်းမီးတောက်နေလောက်ပြီ။ အဲဒါကို ခင်ဗျားတို့ ဘယ်လို တာဝန်ယူမှာလဲ။ ဒါ တရားစွဲလို့ရတယ်နော်။ ပေါ့သေးသေးမထင်နဲ့"

ခမိန်သုက မကြားယောင်ပြုကာ . . .

"ကဲ . . . ကဲ . . . သူ့ကို ပြန်ပို့လိုက်ကြတော့"

ဒူးထောက်ထိုင်နေသော ငရဲထိန်းနှစ်ဦး မတ်တတ်ရပ်လာသည်။ ထိုအခိုက် . . .

"အမောင်လူသား . . . "



ယမမင်းခေါ်သံ။

"ဘာလဲ . . . "

"လူ့ပြည်မှာ အရင်အတိုင်းပဲ ကောင်းမှုကုသိုလ် ဆက်ပြုပါ။ ကောင်းမှုတွေကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။ ရှာဖွေအပ်သော ဥစ္စာ ပစ္စည်းတို့၏ မမြဲခြင်းသဘောကို သိရှိ၍ ကိုယ့်နောက်ပါမည့် အလှူဒါန ဆို ပြုပါ။ ပြုပြီးတိုင်းလည်း ကျွန်ုပ်ကို နာမည်ခေါ်ပြီး အမျှဝေပါ"

အလကားနေရင်း နမ်းလှမ်းဖြူးလိုက်သေးသည်။ မပြောမဖြစ်သို့ ထုံးစံအရ ပြောရသောပုံစံပါ။ စေတနာရှိလို့ ဟုတ်မည်မထင်။ အမျှ ဆိုရင်တောင် သူ့နာမည်ခေါ်ပြီး ဝေပါတဲ့။ ဝေးသေး . . . ။

ဟိုအရင်တုန်းကတော့ မသိလို့ ဝေခဲ့သည်။ အခုတော့ နေလိုက်ပြီ တော့။ ဘယ်သူဘာကောင်ဆိုတာ ရှင်းရှင်းဘွင်းဘွင်းကြီး သိလိုက်ရပြီ ဟုတ်ပါလား။

"ကဲ . . . ပို့မယ်ဆိုလည်း မြန်မြန်ပို့ဗျာ။ ခင်ဗျားတို့ဆီနေရတာ အသက်ရှူကြပ်လွန်းလို့"

ငရဲထိန်းနှစ်ကောင်က လာတုန်းကအတိုင်း သူ့ကို တစ်ဖက် တစ်ချက်မှ ကိုင်ကာ ပြန်ခေါ်သွား၏။ ဒရွှတ်ဆွဲမသွားတော့။ ဒရွှတ် ဆွဲလျှင်လည်း ဖနောင့်နဲ့ ထပေါက်တော့မည်။

အဝရောက်တော့ မုခ်ဦးတံခါးကြီး နှစ်ချပ်က အလိုလို ပြန်ပွင့် သွားပြီး အလင်းရောင်ပေါ်လာသည်။ ကျောက်ခင်းလမ်းလေးမှ ထွက် လာတော့ အပြင်မှာ ရထားတစ်စီးက အသင့်စောင့်နေ၏။

ဘိုကြီး နောက်လှည့်ကာ နှုတ်ဆက်လိုက်သည်။

"Goodbye . . . ငရဲပြည်"

ထို့နောက် . . .



www.burmeseclassic.com

www.burmeseclassic.com

# VI

အပြန်လမ်းက လာတုန်းကထက် ပိုမြန်ပါသည်။ ခဏချင်းပင် သူ့ မျက်စိလည် လမ်းမှား၍ ပြုတ်ကျသတိလစ်ခဲ့သော အလယ်ရိုးမကို ပြန်ရောက်လာသည်။

ရထားမှာ အောက်သို့ နိမ့်ဆင်းပြီး တောအုပ်တွင်း ဝင်ခဲ့ပါ၏။ သစ်ပင်ကြီးများ၊ လျှိုမြောင်များကို ဖြတ်ကျော်ကာ ချောက်ကြီးတစ်ခုထိပ်ကို ရောက်လာသည်။ မြေပြိုထားသော လောလောလတ်လတ်နေရာတစ်ခုကို တွေ့ရ၏။ ဒါဆိုလျှင် သူ၏ ရုပ်ခန္ဓာသည် အောက်ဖက်အရပ်မှာ ရှိဝါလိမ့်မည်။

ရထားမှာ လျှိုတွင် လျှောဆင်းလာကာ အနိမ့်ဆုံးနေရာတစ်ခုကို ရောက်တော့ . . .

"ဟာ . . . အလောင်းရော"

ငရဲထိန်းတစ်ဦးက အောက်ငုံ့ကြည့်ပြီး အလန့်တကြား ထအော်သည်။

"အလောင်း . . . အလောင်းက ဘယ်ရောက်သွားတာလဲ"



ဘိုကြီး လန့်ဖျန့်ကာသွားသည်။ ကပျာကယာ အောက်ငုံ့ကြည့်လိုက်တော့ . . .

"ဗုဒ္ဓေါ . . . "

ပြုတ်ကျခဲ့သော နေရာတွင် သူ့ခန္ဓာကိုယ် ရှိမနေတော့ပါ။

"ဟာ . . . ကျွန်တော့်ခန္ဓာကိုယ်ရော . . . ကျွန်တော့်ခန္ဓာကိုယ် ဘယ်မှာလဲ"

ငရဲထိန်းနှစ်ဦးက အလျင်စလို ရထားပေါ်မှ ခုန်ဆင်းကာ မူလနေရာကို ပြေးသွားသည်။ ဘိုကြီး ထိုင်မနေနိုင်တော့ . . .

ခုန်ဆင်းပြီး နောက်မှ အပြေးလိုက်လိုက်၏။ ပြုတ်ကျထားရာနေရာကို ရောက်တော့ မြေပြင်၌ ဟိုတစ်စ၊ ဒီတစ်စ သွေးကွက်များနှင့် ခြေရာအများအပြားကို မြင်ရသည်။ ငရဲထိန်းတစ်ဦးက အထိတ်တလန့် ထအော်သည်။

"ဟာ . . . ဒါ ကျားခြေရာတွေပဲ"

"ဗျာ . . . "

ဘိုကြီး မိုက်ခနဲပင် ဖြစ်သွားရပါ၏။ ဒူးညွတ်ကာ မြေတွင် ခွေကျသွားသည်။

"ဟိုမှာ ဆွဲသွားတဲ့ စွပ်ကြောင်းရာကြီး"

ငရဲထိန်းများ ပျာယာခတ်သွားချေပြီ။ တစ်ဦးက . . .

"အခြေအနေ မကောင်းဘူး။ မီမှ မီပါတော့မလား"

နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နောက် ဘိုကြီးအား လက်မောင်းမှဆွဲကာ စွပ်ကြောင်းအတိုင်း ပြေးပါတော့၏။ ဘိုကြီးမှာ နလုံးခုန် မြန်လွန်းသဖြင့် အသက်ရှူပင် မဝချင်တော့ပါ။ ရင်ဝဲ ထုရမလို၊ ဘုရားပဲ တရမလို။

စွပ်ကြောင်းမှာ ရှည်လှ၏။ အချို့နေရာများ၌ သွေးကွက်တွေ အများအပြား စွန်းဖိတ်နေရကာ . . .



www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာ၌ ပြေးနေသောခြေလှမ်းများ တုံ့ခနဲ ရပ်သွားပါသည်။ မြင်လိုက်ရတာက . . .

"ဟာ . . . "

"ဘုရားရေ . . . "

အဝါအနက်စင်းသော ကျားကြီးနှစ်ကောင်မှာ လူတစ်ဦးကို အလုအယက် စားသောက်နေသည်။

"ဟာ . . . လုပ်ကြပါဦး . . . လုပ်ပါဦး။ အဲဒါ ကျွန်တော်ပဲ . . . ကျွန်တော်ပဲ"

ဘိုကြီး သတိလက်လွတ် ကျူးအော်တော့ . . .

"ဟေး . . . ဟေး . . . "

ငရဲထိန်းနှစ်ဦးက ကျားကြီးကို လှမ်းခြောက်သည်။

"မြန်မြန်မောင်းပါဗျ . . . ဟာ . . . သွားပါပြီ . . . ကုန်ပါပြီ . . . ရှူး . . . "

ကျားနှစ်ကောင်မှာ ဘာကိုမြင်လိုက်သည် မသိ။ ဝေါင်းခနဲ တစ်ချက်ဟိန်းရင်း တောတွင်း ကျွမ်းပစ်ဝင်သွားသည်။ ဒီတော့မှ ကိုယ့်ခန္ဓာကိုယ် အလျင်အမြန် ပြေးကြည့်လိုက်ရာ . . .

"ဘုရား . . . ကယ်ပါ"

မြင်မကောင်းတော့။ ခြေတွေလက်တွေ အချောင်းလိုက် ပြုတ်ထွက်ကာ ဗိုက်ပွင့်ပြီး ကလီစာတွေကုန်ပြီ။ နံရိုးများမှာ ငေါထွက်နေပြီး အရိုးစုသာ ကျန်တော့၏။ မျက်နှာသားတွေလည်း တစ်ဖတ်ချင်းလန်ကာ ကိုက်ရာခဲရာတွေ အပြည့်။ ပေါင်နှစ်ချောင်းက တစ်ချောင်းပြုတ်ထွက်ပြီး တစ်ချောင်းက အရိုးဖွေးဖွေး။

ကိုယ့်ရုပ်ကိုယ်ကြည့်ကာ ဘိုကြီး သတိလစ်ကျသွားသည်။ အရုပ်ကြိုးပြတ် လဲသွားသော သူ့အား ငရဲထိန်းတစ်ဦးက ပြေးပွေ့ရင်း . . .

"ပြဿနာတော့ တက်ပြီ"

တစ်ဦးက သွေးသံရဲရဲဖြင့် ကျန်ရစ်သော အရိုးစုကို ကြည့်ကာ . . .

"ခန္ဓာက လုံးဝ ပျက်သွားပြီ။ ဘယ်လိုမှ ပြန်ထည့်ပေးလို့ မရတော့ဘူး။ ဘယ်လိုလုပ်ကြမလဲ"

သက်ပြင်းချသံကို ကြားရ၏။

"ဟိုပဲ ပြန်ခေါ်သွားရမှာပေါ့။ ဒီကိစ္စ ယမမင်းပဲ တတ်နိုင်တော့မယ်"

ပျော့ခွေနေသော ဘိုကြီးကို ထမ်းကာ ရထားပေါ် ပြန်တင်၏။ ပြီးတော့ . . .

လျင်မြန်သောအဟုန်ဖြင့် ရထားကြီးတစ်စင်းက ကောင်းကင်ပေါ် ပျံတက်သွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## VII

'ငရဲပြည်' မုခ်ဦးရှေ့ ရောက်ရောက်ချင်း ရထားပေါ်မှ ခုန်ဆင်းလိုက်သည်။ ငရဲထိန်းနှစ်ကောင် လှမ်းတားပေမဲ့ မမီတော့။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ပြီး ခြေကို ကျဲကျဲလှမ်းချသွားလိုက်၏။ ကိုယ့်ကိုယ်ကိုယ် မြင်ခဲ့ရသော စုတ်ပြတ်သတ်နေသည့် မြင်ကွင်းတို့ မျက်လုံးတွင်းမှ မထွက်။

တွေ့ကြပြီပေါ့။

သူ့ကိုတွေ့တော့ အကြံပေး ခမိန်သုအပါအဝင် စုဝေးတိုင်ပင်နေသည့် ငရဲထိန်းအပေါင်း ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ ယမမင်းမှာ မျက်လုံးအကြောင်သားနှင့် . . .

"ဟာ . . . မင်း . . . မင်း . . . ဘယ်လိုလုပ်ပြီး"

ဘိုကြီး ခါးကိုထောက်လျက် ယမမင်းအား လက်ညှိုးငေါက်ငေါက်ထိုးကာ . . .

"လူ့ပြည်မှာ ကျုပ်အလောင်း မရှိတော့ဘူး . . . ယမမင်းကျားဆွဲသွားပြီ"



"ဟော . . ."

"ဟင် . . ."

"အဲဒီကိစ္စ ခင်ဗျား ဘယ်လိုတာဝန်ယူမှာလဲ"

အကုန်လုံး မျက်ကလူးဆန်ပြာ ဖြစ်ကုန်သည်။ ထိုစဉ်မှာပဲ နောက်မှ ငရဲထိန်းနှစ်ယောက် အပြေးရောက်လာပြီး . . .

"ဆ . . . ဆရာကြီး . . . ပြဿနာတော့ တက်ပြီ"

"ဘာ . . . ဘာဖြစ်တာလဲ . . . မြန်မြန်ပြောကြစမ်း"

အကြံပေး ခမိန်သု၏ အလျင်စလို မေးမြန်းသံအဆုံး . . .

"ကျွန်တော်တို့ သွားပြန်ပို့တော့ အရင်နေရာမှာ သူ့အလောင်း ရှိတော့ဘူး။ ကျားနှစ်ကောင်ဝိုင်းစားလို့ အရိုးဖြစ်နေပြီ။ အသက်ပြန်သွင်းဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့လို့ သူ့ကို ဒီအတိုင်းပြန်ခေါ်လာတာ"

"ဗုဒ္ဓေါ . . ."

ခမိန်သုက အထိတ်တလန့် ရေရွတ်သည်။ ယမမင်းဆီ လှမ်းကြည့်တော့ သူတို့ အားကိုးအားထားပြုရာ ဆရာကြီးမှာ ကျောက်ရုပ်ကြီး အလား တောင့်မတ်ကာ နေပါတော့၏။

"ဆရာကြီး"

လေး၊ ငါးခါ ထပ်ခေါ်မှ . . .

"ဟော . . ."

အိပ်မက်မှ လန့်နိုးသလို ငရဲပြည်အုပ်ချုပ်သော ယမမင်းကြီး ကြောင်တောင်တောင် နိုးထလာသည်။

"ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

ခမိန်သုအမေးကို ချက်ချင်း အဖြေမပေးနိုင်။

"ရှင်း . . . အဲဒီကိစ္စ ခင်ဗျားတို့ရှင်း။ အခုမှ အတိတ်မေ့သလို ရှောက်သလို လာမလုပ်နဲ့"

ခမိန်သုက လိုက်ပို့သူ ငရဲထိန်းနှစ်ကောင်ကို လှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုမှ ပြန်ထည့်ပေးလို့ မရတော့တာလား"

"ဘယ်လိုမှကို မရတော့တာ . . . ဦးခမိန်"

ယမမင်းကြီးမှာ သုန်မှုန်ကာ သွားတော့၏။ ခမိန်သုက 'ဘယ်လိုလုပ်ကြမလဲ' ဟူသည့်သဘော သူတို့ဆရာကြီးကို လှမ်းကြည့်တော့—

"ဒီကိစ္စ ကျုပ်တို့ငရဲပြည်နဲ့ ဘာမှ မပတ်သက်ဘူး"

"ဘာဖြစ်တယ်'

ဘိုကြီး ကိုယ့်နားကိုယ်ပင် မယုံနိုင် ဖြစ်သွားရသည်။ တအံ့တသြ မော့ကြည့်မိတော့ ကျောက်ကုလားထိုင်ကြီးပေါ်၌ မိန့်မိန့်ကြီးထိုင်နေသော အုပ်ချုပ်သူကြီးမှာ သူမဟုတ်သလို . . .

"မင်းအလောင်းကို ဆွဲသွားတာ ကျားဖြစ်တဲ့အတွက် ကျားမှာသာ တာဝန်ရှိတယ်။ ငါတို့မှာ တာဝန်မရှိဘူး"

ကောင်းလိုက်တဲ့ လောဂျစ်၊ တော်လိုက်တဲ့ တွေးခေါ်မှု သီအိုရီ။

"ခင်ဗျား ဘာစကားပြောတာလဲ။ ဒါဆို ကျုပ်က ကျားနှစ်ကောင်ဆီ သွားပြီး အသက်ပြန်တောင်းရမှာလား။ လူ့ပြည်ကအထာ လာမလုပ်နဲ့။ ဦးနှောက်လေး နည်းနည်းသုံး။ အခုကိစ္စ ခင်ဗျားတို့ လူမှားခေါ်လို့ ဖြစ်တာ"

"ဘာဆိုင်လဲ . . . "

"ဟ . . . ဆိုင်တာပေါ့။ ခင်ဗျားတို့သာ မခေါ်ရင်၊ ကျုပ်သာ အသက်ရှင်နေရင် ကျားရန်ကို ရှောင်နိုင်မယ်လေ။ အခု ခင်ဗျားတို့က ခန္ဓာထားခဲ့ပြီး ဝိညာဉ်နုတ်သွားတော့ ကျားက သက်သက်သာသာ စားလိုက်ရော။ အဲတော့ အဓိကတရားခံဟာ ခင်ဗျားတို့ပဲ။ ခင်ဗျားတို့မှာ တာဝန်ရှိတယ်"

"တာဝန်လည်း မရှိဘူး၊ တာဝန်လည်း မယူနိုင်ဘူး"

"စကားကို ပေါက်လွတ်ပဲစား မပြောနဲ့ . . . ယမမင်း။ ခင်ဗျားက ဘာလဲ . . . ငရဲပြည်တစ်ခုလုံးကို အုပ်ချုပ်သူတစ်ယောက် လုပ်နေပြီး ကိုယ့်အမှားကိုယ်တောင် တာဝန်မယူရဲဘူးလား။ အဲလောက်ထိ တာဝန်မဲ့တယ်လား။ ဒါဆိုရင်တော့ စိတ်မကောင်းဘူး။ ခင်ဗျားလက်အောက်က လူတွေလည်း ခင်ဗျားနဲ့ အတူတူပဲ ဖြစ်လိမ့်မယ်။ ပြီးရင် . . ခင်ဗျားနောက်ကျောကို အချိန်မရွေး ဓားနဲ့ထိုးလိမ့်မယ်"

"ဘာကွ . . . "

ကိုယ့်ထိမှာတော့ ကြောက်သည်ထင်သည်။ အသံမှာ ကျယ်ကာသွား၏။ အခြေအနေကို သဘောပေါက်ဟန်ရှိ အကြံပေး ခမိန်သုက ယမမင်းနားကပ်၍ အကြံပေးသည်။ ပြီးတော့ နားမှ ပြန်ခွာပြီး ဆရာဖြစ်သူမျက်နှာအား အကဲခတ်သလို ကြည့်ပါ၏။

ဆရာသမားမျက်နှာမှာတော့ ပုံစံမပြောင်း။ အလွန်တစ်ရာ အတ္တကြီးမားသူတို့၏ ထုံးစံအတိုင်း မာထန်ကာနေဆဲ။ ဒါပေမဲ့ ခမိန်သုက ဆရာဖြစ်သူ၏ အင်္ဂါရုပ်ကို ကြည့်ကာ သူ့စကားကို လက်ခံ၏၊ မခံ [illegible] သဘောပေါက်သည် ထင်သည်။ ဒေါသကြီးလျက်ရှိသော ဘိုကြီးဘက်ကို လှည့်ကာ သက်ပြင်းကိုချရင်း . . .

"ကောင်းပြီလေ . . . ငါတို့ ငရဲပြည်ကြီးရဲ့ ဂုဏ်သိက္ခာ၊ ငါတို့ သခင်ကြီးရဲ့ တာဝန်ယူတတ်မှုကို ထောက်ထားပြသသောအားဖြင့် မင်းကို လူ့ပြည်မှာ သန္ဓေပြန်တည်ခွင့် ပေးလိုက်မယ်"

စကားကို ရပ်၍ ကျောက်စားပွဲပေါ်မှ စာအုပ်ထူကြီးကို လှန်သည်။ လူ့ပြည်မှာ သန္ဓေပြန်တည်ခွင့် ပေးမယ်တဲ့။ ဘာအဓိပ္ပာယ်လဲ။ တစ်နေရာ ရောက်တော့ ခမိန်သုမှာ လှန်နေသော စာမျက်နှာကို ရပ်ပြီး . . .

"မကြာခင် အချိန်အတွင်း လူ့ပြည်မှာ အမျိုးသမီးတစ်ယောက် [illegible]လိမ့်မယ်။ နတ်ပြည်၊ ငရဲပြည် ခွဲတမ်းအရ ငါတို့ငရဲပြည်က သန္ဓေတည်ပေးရမှာ။ အဲဒီကို မင်းကို ပို့လိုက်မယ်။ လူသားတစ်ယောက်အဖြစ် အမိဝမ်းခွင်ကနေ ပြန်မွေးဖွားလာလိမ့်မယ်။ ကောင်းကျိုးတွေကိုသာ

www.burmeseclassic.com

www.burmeseclassic.com

လုပ်ဆောင်ပါ။ အလျှုဒါနပြုပြီးတိုင်း ငါတို့ ယမမင်းကို အမျှဝေဖို့ မမေ့ပါနဲ့"

"အဟက် . . . ဟက် . . . ဟား ဟား"

ဘိုကြီး ခြောက်ကပ်ကပ် အော်ရယ်လိုက်ပါသည်။ သူ့ရယ်သံကြောင့် ငရဲခန်းကြီးတစ်ခုလုံး အုံ့ဩတိတ်ဆိတ်ကာ သွားသည်။ တန်းစီရပ်နေသော ငရဲထိန်းတို့ထံမှ 'ဘာကြောင်တာလဲ' ဟူသော အကြည့်တွေ ရောက်လာတော့ . . .

"လူ့ပြည်မှာ သန္ဓေပြန်တည်ရမယ် ဟုတ်လား။ လူသားတစ်ယောက်အဖြစ် အမိရင်ခွင်ကနေ ပြန်မွေးဖွားရမယ် . . . ဟုတ်လား။ ကျုပ်က လက်ခံပါတယ်လို့ ခင်ဗျားကို ဘယ်သူပြောလဲ"

"ဘာ . . . "

"ဟင် . . . "

ခမိန်သုနှင့် ယမမင်းထံမှ အာမေဍိတ်သံတွေ ထွက်လာသည်။ ကျန်ငရဲထိန်းများမှာလည်း သူ့ကို အကြောင်သား။

"ကျုပ် လက်မခံနိုင်ဘူး။ လောကမှာ ဘိုကြီးဆိုတဲ့ ဘဝတစ်ခုဖြစ်လာဖို့ နှစ်ပေါင်းနှစ်ဆယ်ကျော် ရင်းခဲ့ရတာ။ နောက်ပြီး ဘိုကြီးရဲ့ အနာဂတ်က လှနေပြီ။ ထူးခြားအောင်မြင်တဲ့ ဓာတ်သတ္တုရှာဖွေရေးပညာရှင်၊ ကမ္ဘာကချီးမြှင့်တဲ့ ဒေါက်တာဘွဲ့၊ နာမည်ကြီး ရုပ်ရှင်မင်းသမီးနဲ့ကလည်း ညားဦးမှာ။ ကဲ . . . ခင်ဗျားတို့ပဲ စဉ်းစားကြည့်။ ကျုပ်ရဲ့ အနာဂတ် ဘယ်လောက်လှလဲ။ အခု အဲဒါတွေ အကုန်စွန့်လွှတ်ပြီး မွေးကင်းစ ကလေးအရွယ်ကနေ ပြန်စရမယ် . . . ဟုတ်လား။ သေတောင် မလုပ်နိုင်ဘူး"

လက်သီးကိုဆုပ်လို့ ပြတ်သားသော စကားကို ထပ်ဆိုသည်။

"ရှင်းရှင်းပဲ ပြောမယ်ဗျာ။ ကျုပ်ခန္ဓာထဲပဲ ကျုပ် ပြန်ဝင်ချင်တယ်"



"မဖြစ်နိုင်တော့တာ မပြောနဲ့လေ။ ဘယ်လိုလုပ် ဖြစ်နိုင်တော့မှာလဲ"

"အဲဒါ ကျုပ်နဲ့ မဆိုင်ဘူး"

"လူမှားခေါ်မိလို့ ငါတို့က လူပြန်ဖြစ်ခွင့် ပေးတယ်လေ"

"ဟာ . . . ကျုပ် အနာဂတ်တွေ ရှုံးတယ်ဗျ။ ကမ္ဘာက ချီးမြှင့်မယ့် ဒေါက်တာဘွဲ့ရော၊ နာမည်ကြီး ရုပ်ရှင်မင်းသမီးနဲ့ ညားဖို့ရော၊ ဒါလည်းနည်းနော်နော် အခွင့်အရေးမဟုတ်ဘူး။ ဒီလို အနာဂတ်မျိုး၊ ခင်ဗျားတို့ အိပ်မက်တောင် မက်ဘူးလို့လား"

အပြတ် ပြောလိုက်သည်။ ဘယ်လို့မှ လက်မခံနိုင်။ ဒီလို အနာဂတ်မျိုးရဖို့ လွယ်တာမဟုတ်။

"ကဲ . . . လုပ်ဗျာ . . . အချိန်မရှိဘူး။ ကျုပ် သွားချင်ပြီ"

ခမိန်သုက ဆရာဖြစ်သူ ယမမင်းကြီးကို လှမ်းကြည့်သည်။ ခေါင်းမျက်နှာမှာ ပြိုတော့မည့် မိုးကဲ့သို့ အုံ့မည်းညိုပုတ်လျက် ရှိနေ၏။ ဆရာတပည့်နှစ်ဦး မျက်လုံးချင်းဆုံပြီးနောက် ခမိန်သုက အဓိပ္ပာယ်ပါပါ ခေါင်းညိတ်ပြသည်။ ထို့နောက် သူ့ဘက်ကို ပြန်လှည့်လာသော . . .

"ဘိုကြီး . . . အခု အသစ်စတင်မယ့် ဘဝမှာလည်း အရင်ဘဝက အခွင့်အရေးတွေ၊ အနာဂတ်တွေ ရရစေမယ်လို့ ယမမင်းက တာဝန်ယူတယ်"

"မယုံဘူး . . . ခင်ဗျားတို့လို လူမျိုးတွေရဲ့ ပါးစပ်က ထွက်လာတဲ့စကားကို မယုံတာ၊ လက်ရှိဘဝပဲ လိုချင်တယ်"

ဘူးဆို ဖရုံမသီးသော သူ့စကားကြောင့် ခမိန်သု မျက်နှာပျက်သွားသည်။ ယမမင်းဆိုလျှင် ချက်ချင်းပဲ ဖနောင့်နှင့် ထပေါက်တော့သည်။

"ဘိုကြီး . . . မင်းရောက်နေတာ ဘယ်နေရာလဲ၊ မင်း အခု စကားပြောနေတာ ဘယ်သူတွေနဲ့လဲ သတိရပါ"



www.burmeseclassic.com

www.burmeseclassic.com

ဘိုကြီး 'ဟက်' ခနဲ ရယ်ကာ . . .

"ဘာလဲ . . . ခြိမ်းခြောက်တာလား၊ ခြိမ်းခြောက်ရင် ဆီထည့်လိုက်။ ကျုပ်ကတော့ လုံးဝပဲ"

ယမမင်းထံမှ အံကြိတ်သံများပင် ထွက်လာနေပြီ၊ ဘိုကြီး ဂရုမစိုက်။ ခမိန်သုက ပျက်ယွင်းနေသောမျက်နှာကို အတန်တန်ထိမ်း၍ . .

"ဘိုကြီး . . . မင်းပြုထားတဲ့ ကောင်းမှုကုသိုလ်တွေကို ထောက်ထားပြီး နောက်ဆုံးအကြိမ် အခွင့်အရေး ပေးလိုက်မယ်။ မျက်စိမှိတ်ပြီး မင်းပြုခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်တွေကို အာရုံပြုပါ"

"မပြုဘူး . . . ဘာကိစ္စ ပြုရမှာလဲ . . . ။ ကျုပ်ကို အခုခေတ် တက္ကသိုလ်ကျောင်းသားဆိုပြီး ဘာမသိ၊ ညာမသိ ကလေးသာသာလို့ ထင်နေတာလား။ မထင်နဲ့၊ ဘိုကြီးဆိုတဲ့ကောင် ငပေါမဟုတ်ဘူး။ ပညာရေးကို စနစ်တကျ ဖျက်စီးထားပေမဲ့ ကျုပ် စာတွေဖတ်ထားတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတင်မကဘူး ခင်ဗျားတို့ ငရဲအကြောင်းပါ ဖတ်ထားတယ်။ ငရဲကြီးရှစ်ထပ်ကျမ်း၊ ငရဲခန်းပျို့၊ မာဃဒေဝလင်္ကာသစ် . . . အဲဒါတွေပါ ကြေညက်ထားပြီးသား။

အခု ကျုပ်ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကို အာရုံပြုပြီး နှလုံးသွင်းလိုက်ရင် ငရဲကလွတ်ပြီး သုဂတိဘုံကို လားရလိမ့်မယ်။ ခင်ဗျားတို့ ပို့ပေးမယ်ဆိုတဲ့ နေရာမှာ သန္ဓေသွားတည်ရလိမ့်မယ်။ ဟင်း . . . ဟင်း . . . မရဘူး . . . ဘိုကြီး အချာပင်ကောင် မဟုတ်ဘူး။ ဒါမျိုး လာမလုပ်နဲ့"

"ဘိုကြီး . . . "

ကြီးကျယ်ပြင်းထန်စွာ ထွက်လာသည့် ယမမင်းအသံ။ ငရဲခန်း တစ်ခုလုံး တုန်လှုပ်သွားပေမဲ့ သူကတော့ ရင်ကော့လျက်၊ လာမလုပ်နဲ့။ အာထာရှင်စတိုင် လာမဖမ်းနဲ့ လုံးဝမရဘူး။

နှုတ်ခမ်းကို ညွတ်ကာ မခိုးမခန့် ရယ်လိုက်၏။ ပြီး ခြေကို ရှေ့ တစ်လှမ်းတိုးကာ . . .



"ဟုတ်တယ် . . . ကျုပ်နာမည် ဘိုကြီး၊ ခင်ဗျား ဘာလုပ်မလဲ အာရုံလည်း မပြုနိုင်ဘူး။ ခင်ဗျားခိုင်းတာလည်း မလုပ်နိုင်ဘူး"

"ဟုတ်လား . . . ခိုင်းတိုင်း မလုပ်နိုင်ဘူးလား။ ဒါဆိုလည်း ခိုင်းတိုင်းလုပ်အောင် လုပ်ရတာပေါ့ကွာ"

ယမမင်းက စားပွဲအား ဒုန်းခနဲ ထု၏။ ပြီးတော့ . . .

"လာကြစမ်း . . . ငါ့ရှေ့လာပြီး ဆောင့်ကြွားကြွားလုပ်နေတဲ့ ကောင် ကြိမ်လုံးစာ ကျွေးလိုက်ကြစမ်း"

"ဟင် . . . "

ဘိုကြီး မျက်လုံးပြူးသွားသည်။ ရပ်နေသော ငရဲထိန်းသုံးဦး မြန်းဆို ရှေ့ထွက်လာပြီး . . .

"ဘယ်နှချက်လဲ . . . အဘ"

"အချက်နှစ်ရာ။ ပြီးရင် မြား၊ လှံ ငရဲကိုပါ တစ်ခါတည်း ပို့လိုက်"

"ဗျာ . . . "

ငရဲထိန်းများက ဘိုကြီးအား ကြက်ကလေး၊ ငှက်ကလေး ဖမ်းသလို အလွယ်တကူ ဖမ်းချုပ်ကာ ကျောက်ကြမ်းခင်းပေါ် တွန်းလှဲသည်။

"အမိန့် . . . "

ခမိန်သုအပါအဝင် ငရဲထိန်း၊ ငရဲကြပ်တွေ အကုန်လုံး ခါးမတ်ခေါင်းထောင်သွားသည်။

"အဖဦးဘို၏သား မောင်ဘိုကြီး ၁၃/ကခဂ(နိုင်) . . . . . အား ယမမင်းအား စော်ကားမှု၊ ငရဲပြည်တော်အား အကြည်ညိုပျက်စေမှုဖြင့် မြား၊ လှံ ငရဲ၌ သုံးကမ္ဘာတိတိ ကျခံစေ"

ယမမင်းက စင်ပေါ်မှနေ၍ လက်သုံးလုံးခန့် ဝါးပြားတစ်ချပ်ကို သူ့ရှေ့ပစ်ချသည်။ တရုတ်ကားတွေထဲက အမိန့်ချသော တရားသူကြီး အထာမျိုး။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . မဟုတ်ဘူးလေ . . . မဟုတ်သေးဘူးလေ"

ဘိုကြီး တစာစာတားပါသော်လည်း ဘယ်လိုမှ မရတော့။ ငရဲထိန်းတစ်ဦးက ယောကျ်ားခြေသလုံးအရွယ် ကြိမ်လုံးကြီးတစ်လုံးကို ထုတ်ယူလာသည်။ ကြိမ်လုံးကို မြင်တော့ အလိုလိုနေရင်း ဘိုကြီး မျက်ဖြူလန်သွား၏။ မကြာပါ . . .

လေနှင့်အတူ မြောက်တက်သွားသည့် ကြိမ်လုံးကြီးက . . .

"ဟာ . . . လုပ်ကြပါဦး၊ မဟုတ်သေးဘူးလေ"

"ဖြောင်း . . . "

"အား . . . "



# VIII

သူ့တစ်ကိုယ်လုံး ဖူးညိုပြာယောင်ကာ နေသည်။ အချက်နှစ်ရာ ဆ တစ်ချက်မျှ မလျှော့။ အသည်းနိုက်အောင် နာလှ၏။ ဒါပေမဲ့ ထို ဆဝေဒနာအားလုံးကို မေ့ထားနိုင်လောက်သော အကြောင်းတစ်ခုက သူ့ ခေါင်းတွင်းမှာ ကြီးစိုးနေသည်။ အဲဒါက ကြိမ်အဏ် လေးဆယ့်ကိုးချက် မှာ ဖြစ်ပျက်ခဲ့သော အကြောင်းအရာ . . .

သာမန် လူသုံးကိုယ်စာလောက် ကြီးသည့် ငရဲထိန်းများက ယောကျ်ားခြေသလုံးနီးနီးရှိသော ကြိမ်လုံးကြီးနှင့် သမလိုက်တာ လေး ဆယ့်ကိုးချက်အရောက်မှာ ခံနိုင်ရည်မရှိတော့ဘဲ လဲကျသေဆုံးသွား သည်။ ဒါပေမဲ့ အချက်ငါးဆယ်မပြည့်ခင် အသက်ပြန်ရှင်လာသည်။

လူက လုံး၀ အသစ်၊ ဒဏ်ရာဒဏ်ချက်မရှိ။ စိတ်တွင်လည်း နာကျင်မှုဝေဒနာမဖြစ်။ အကောင်းပကတိအတိုင်း။ ဒါပေမဲ့ ငါးဆယ့် မြောက်ချက်မှာ နာကျင်မှုကို (ပြန်လည်၍) စတင်ခံစားရသည်။

ငရဲထိန်းက တစ်ချက်ချင်း ဆက်သမသည်။ အချက်တစ်ရာ မပြည့်ခင် ဒုတိယအကြိမ် သေဆုံးရပြန်သည်။ တတိယအကြိမ် အသက် ပြန်ရှင်သည်။ ဆက်သမသည်။ တစ်ရာ့သုံးဆယ့်ကိုးမှာ ထပ်သေသည်။

www.burmeseclassic.com

အချက်နှစ်ရာမပြည့်ခင် လေးကြိမ်တိုင်တိုင် ကြိမ်ဒဏ်ဖြင့် သေဆုံးခဲ့ရ၏။ စဉ်းစားမရတာက ဘာကြောင့် အသက်ပြန်ရှင်လာရတာနည်း။ တစ်ပါတည်း သေသွားလည်း အေးပါ၏။ အခုဟာက အချက်နှစ်ရာမပြည့်မချင်းကို ရှောင်လွှဲမရနိုင်စွာ အနှိပ်စက်ခံနေရသည့်သဘော။

အခုလည်း ကြည့်ဦး . . . ။

အချက်နှစ်ရာပြည့်သော်လည်း နောက်တစ်ကြိမ် ထပ်သေရန် ဝေဒနာမပြင်းသေးသဖြင့် ဒဏ်ရာပရပွနှင့် ဖြစ်နေသည်။ လမ်းပင် လျှောက်မရနိုင်တော့။ ထို့ကြောင့် ငရဲထိန်းနှစ်ဦးက လက်မောင်းတစ်ဖက်စီမှ ကိုင်ကာ ခေါ်သွားနေသည်။

လူသွားစင်္ကြံတစ်ခုဖြစ်မည် ထင်ပါသည်။ ဒါပေမဲ့ ကြမ်းခင်းမှာ မြေကြီးမဟုတ်။ ကျောက်သားခင်းလည်း မဟုတ်။ အငွေ့ရှိန်းရှိန်း ထွက်နေသော ပြာပူများ၊ တစ်ဖက်တစ်ချက်မှာလည်း မည်းကြုတ်မြင့်မားသော နံရံကြီးတွေ ရှိနေသည်။ ငရဲထိန်းနှစ်ဦးက ပြာပူများပေါ် နင်းဖြတ်ပြီး သူ့ကို တစ်နေရာ ခေါ်သွားနေခြင်းဖြစ်သည်။

ဘိုကြီး အံကို ကြိတ်ထားလိုက်၏။ အထင်ကြီးလေးစားခဲ့သော ငရဲပြည်က အသို့နည်း။ အပြစ်မရှိသော လူသားတစ်ယောက် အခြောက်တိုက် ငရဲပြည်ရောက်လာရသည်။ နေရင်းထိုင်ရင်း ပါးစပ်ထဲရှိရာ ပုဒ်မတပ်ပြီး ကြိမ်ဒဏ် အချက်နှစ်ရာ အဆော်ခံရ၏။ ဒါနှင့်ပင် အားမရသေး၊ တစ်နေရာသို့ ခေါ်သွားနေပြန်ပါသည်။

အလွန်တစ်ရာ ကြည်ညိုဖွယ်ကောင်းလွန်းသော ယမမင်းကြီးက သူ့အား 'မြား၊ လှံ' ငရဲတွင် သုံးကမ္ဘာကျစေရန် အမိန့်ပေးထားသည်မို့ ယခုခေါ်သွားရသည် ထိုနေရာမှလွဲပြီး ကျန်တာ မဖြစ်နိုင်တော့။ ခေါင်းညိတ်တာကလွဲပြီး ဘာမှမလုပ်တတ်သည့် လက်အောက်ငယ်သားများကလည်း အမိန့်အတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်နေပါ၏။

သြော် . . . တရားကျဖို့ ကောင်းလွန်းပေစွ။



ကောသလမင်းရဲ့ အိပ်မက်ဆယ့်ခြောက်ချက်က လူ့ပြည်မှာပင် မဟုတ်။ ငရဲပြည်မှာ ပါလာမှန်နေသည်။

ဒါဟာ ငရဲပြည်သည် အာဏာရှင်စနစ်ကို အကြွင်းမဲ့ ကျင့်သုံးကြောင်း ပြလိုက်ခြင်း၊ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ အမှန်တရားတွေ ဘေးချိတ်၊ စိတ်ထဲထင်ရင် ထင်သလို (စိတ်ရူးပေါက်ရင် ပေါက်သလို) အုပ်ချုပ်သော စနစ်ဖြစ်ကြောင်း ပြလိုက်ခြင်း၊

ဘိုကြီး လက်သီးကို ဆုပ်ထားလိုက်သည်။ လျှော့ပေးလို့မဖြစ်ပါ။ အမှန်တရား၏ ဘက်တော်သားတစ်ဦးဖြစ်ကြောင်း သူတို့သိအောင် ပြရပါမည်။ ခန္ဓာကိုယ်သာ ခွေလဲသွားပါလိမ့်မည် စိတ်ကတော့ ခွေကျသိမ့်မည်မဟုတ်။

ထိုစဉ်မှာပင် ရှေ့မလှမ်းမကမ်းဆီမှ သွေးဖြင့်ရေးထားသော ဆိုင်းဘုတ်ကြီးတစ်ခုကို တွေ့လိုက်ရသည်။

## မြား၊ လှံ ငရဲ

အောက်ဖက်မှာ သံတိုင်များကာရံထားသည့် တံခါးကြီးတစ်ချပ်ရှိနေသည်။ သူတို့အနီးရောက်လာတော့ တံခါးကြီးမှာ အလိုလို ပွင့်သွား၏။ ငရဲထိန်းနှစ်ဦးက ပွင့်သွားသော တံခါးမှ သူ့ကို အတွင်းသို့ ပစ်ထည့်ပါသည်။

ဘိုကြီး မြေပေါ် ခြေပစ်လက်ပစ် ပြုတ်ကျကာသွား၏။ ထို့နောက်မှာ ပွင့်နေသော သံတံခါးကြီးက အလိုလို ပြန်ပိတ်သွားသည်။ ငရဲထိန်းနှစ်ဦးမှာကား ထောင်ကျအကျဉ်းသားတစ်ယောက်လို သူ့အား သနားစဖွယ် တစ်ချက်ကြည့်ပြီး နောက်လှည့်လို့ သွားလေပြီ။

www.burmeseclassic.com

ချက်ချင်းပဲ ကုန်းရုန်းထကာ ရောက်ရှိရာဒေသကို လှေ့လာတော့ စိမ်းဖန့်သောတောအုပ်၊ မစိပ်မကျဲ သစ်ပင်ကြီးငယ်အချို့။ ညာမှဘယ်သို့ ဖြန့်ခင်းထားသော မြေနီလမ်းကလေး၊ ရှေးဟောင်းဥရောပ ရုပ်ရှင်ကားတွေထဲကလို လျှို့ဝှက်နက်နဲဟန်တွေ အပြည့်။

ထိုခဏမှာပင် အန္တရာယ်အငွေ့အသက်ကို ရှူရှိုက်လိုက်ရ၏။ တိုက်ခတ်လာသော လေက သွေးညှီနံ့တွေ ရောနေသလို၊

နားထဲမှာ ဆတ်ခနဲ ကြားလိုက်ရသည်က . . .

အသံများ။ ဘာသံတွေလဲ နားစိုက်ထောင်တော့ . . .

"ဟေး . . . ဟေး . . . "

အားတက်သရော ညာသံပေးလာသည့် စုပေါင်းအော်ဟစ်သံ။ ပြီးတော့ ခြေသံ၊ တောတိုးပြေးလာသံ။ တစ်ဦးတည်းမဟုတ်။ အဖော်အပေါင်းများစွာ စုဝေးပြေးလာနေသလိုမျိုး။ ဘိုကြီး မျက်မှောင်ကြုတ်မိလိုက်ပါ၏။ မြေနီလမ်းလေး၏ ညာဘက်ခြမ်းဆီမှ ထွက်ပေါ်လာနေခြင်း ဖြစ်သည်။ ဘာသံတွေလဲ။ ပြီးတော့ ဘယ်သူတွေလဲ။

နားထောင်လို့မှ မဆုံးသေး မျက်လုံးတွင်း ဝင်ရောက်လာသည်ကား . . .

"ဟာ . . . "

အသက်လုပြေးလွှားလာသော လူအုပ်ကြီး။ ထိုလူအုပ်ကြီးနောက်မှာ မြားတွေ၊ လှံတွေ၊ တင်းပုတ်တွေကိုင်ပြီး ညာသံပေးလိုက်လာသာ ငရဲထိန်းများ။

နောက်ကျကျန်ခဲ့သူကို လှံနှင့်ထိုး၏။ မြားနှင့်ပစ်၏။

လှံချက်ကြောင့် အထိုးခံရသူမှာ ခွေလဲသည်။ လဲကျသူကို တင်းပုတ်ဖြင့် ထုသည်။ ဦးခေါင်းဟက်တက်ကွဲသည်။ သွေးတွေ ဖြာဆင်းကုန်သည်။ အသားစတွေ ဖွာလန်ကျဲကုန်သည်။ တစ်ခါတည်း အသက်ထွက်သူလည်း ရှိသည်။ ဆန့်ငင်ဆန့်ငင်ဖြင့် အကြောဆွဲပြီးမှ အသက်သေသူလည်း ရှိသည်။



မြားချက်ကြောင့် ထုတ်ချင်းပေါက်သူ၊ ဒလိမ့်ကောက်ကွေး လဲကျသူ၊ တင်းပုတ်ဖြင့် အထုခံရမည်စိုးသဖြင့် ထပြေးသူ စသည်ဖြင့် ကမ်ကုန်အောင် ရက်စက်သူများနှင့် အရက်စက်ခံရသူများကို တစ်ထွေးကြီး မြင်လိုက်ရပါသည်။ မြင်ကွင်း၌ မြားတွေ၊ လှံတွေ ပလူပျံနေသည်။

"ဟေး . . . ဟေး . . . "

"ဝိုး . . . "

"ဒုတ် . . . "

အသံတွေ ပိုကျယ်လာသည်။ ပြေးလာသော လူအုပ်ကြီးက သူနှင့် တဖြည်းဖြည်း နီးလာသည်။ မောဟိုက်သံများ၊ လဲပြိုသံများ၊ အော်ဟစ် အကူညီတောင်းသံများ စတာတွေနှင့် မြင်ကွင်းက တဖြည်းဖြည်း ဖြတ်သားလာကာ သူနှင့် နီးသထက် နီးလာတော့ . . .

"ဟင် . . . "

ဘာကြောင့်မှန်းမသိ။ ဘိုကြီး ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။ လူအုပ်ကြီးနှင့် လိုက်ပြေးချင်စိတ်တွေ အလိုလို ပေါ်လာသည်။ ဘာဖြစ်တာလဲ။ ပြေးလာသော လူအုပ်ကြီး နီးကပ်လာချိန်မှာ သူ့စိတ်တွေ ပြောင်းလာခြင်းဖြစ်၏။ အံကိုကြိတ်၍ ရုန်းကြွလှုပ်ရှားလာသော စိတ်ကို ဖိနှိပ်လိုက်သည်။ ဒါပေမဲ့ မရ။

အသက်ရှူတွေ မြန်လာသည်။ ပါးစပ်က အော်ချင် ဟစ်ချင်စိတ်တွေ ဖြစ်လာသည်။

"ဟေး . . . ဟေး . . . "

ညာသံပေးနေသော ငရဲထိန်းတို့၏ အသံက သူ့စိတ်ကို အပ်နှင့် ထိုးနေသကဲ့သို့။

"ဟေး . . . ဟေး . . . "

အတန်တန် ချုန်းအုပ်ဖိနှိပ်ပါသော်လည်း ပြေးလာသော လူအုပ်ကြီး သူ့ရှေ့ရောက်လာစဉ်မှာတော့ . . .

ဘယ်လိုမှ ထိန်းမနိုင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

"အား . . . "

*လှက ဂုန်းခနဲ ခုန်ထမိသွားသည်။ ပြီးတော့ အသာငေးငေးဖြင့်*
လူအုပ်ကြီးရှိရာ အရပ်သို့ . . .

"ဝိုး . . . ဝိုး . . . "

မြားတံတွေ သူ့နံဘေးမှ ဖြတ်ကျော်သွားသည်။ မတတ်နိုင်တော့ပြီ။ လူအုပ်တွင်းရောက်ပြီးသည့်နောက်မှာ အခြားသူများနည်းတူ သူသည်လည်း အသက်လုပြေးရပါတော့၏။ စိတ်နှင့်ကိုယ် မကပ်မိသလိုမျိုး။ ကိုယ်မဟုတ်ဘဲ အခြားတစ်ယောက် ဝင်စီးထားသလိုမျိုး။

"ဝိုး . . . "

နောက်ကျောမှ ပြေးဝင်လာသော မြားချက်ကို ငုံ့ရှောင်လိုက်သည်။ ဒါပေမဲ့ . . .

နောက်ထပ် ခြေသုံးလှမ်းမပြည့်ခင်မှာပဲ တစ်ဖြောင့်တည်း ပျံသန်းလာသော လှံတစ်စင်းသည်ကား . . .

"ဒုတ် . . . အား . . . "

ကျောမှ ရင်ကိုဖောက်ကာ ရှေ့ကို ဟပ်ထိုးလဲကျသွားသည်။

ထို့နောက်မှာ . . .

# IX

နားထဲမှာ တဒုန်းဒုန်းပြေးလာသော ခြေသံများကို ကြားရ၏။ ...လုံးဖွင့်ကြည့်တော့ မြေကမ္ဘာပေါ် လဲကျနေသော ကိုယ့်ကိုယ်ကိုယ် ...မြင်သည်။ နောက်လှည့်ကြည့်စဉ် ခပ်လှမ်းလှမ်းမှ သွေးရူးသွေးတန်း ...သာနေသော လူအုပ်ကြီးကို တွေ့ရပြန်သည်။ သူတို့နောက်မှာ မြား၊ ...သတ်နက်တွေဖြင့် ငရဲထိန်းများက နွားမောင်းသလို ညာသံပေးလျက်။

"ဟင် . . . "

ဒီတော့မှ ကိုယ့်ကိုယ်ကိုယ် သတိရကာ ငုံ့ကြည့်စဉ် မျက်မှောင် ...မိသွား၏။ ခုနက လှံတစ်ချောင်းက ကျောမှရင်ကို ထုတ်ချင်းပေါက် ...ထားတာပါ။ ဒါပေမဲ့ ထိုဒဏ်ရာမှာ အစ ရှိမနေတော့။ နောက်ပြီး ...ဆုံးသွားသော အသက်တစ်ချောင်းသည်လည်း အလိုလို ပြန်ရှင်လာ ...သည်။

ကိုယ့်အဖြစ် ကိုယ်ကြောင်ငေးနေစဉ်ပဲ ရှေ့မလှမ်းမကမ်းမှ လဲ ...သော လူတစ်ယောက် ကုန်းထလာသည်ကို မြင်ရ၏။ ထိုလူလည်း ...သည် သူ့အတိုင်းပင်။ သေရာမှ ပြန်လည်ရှင်သန်လာခြင်း ဖြစ်နိုင်ပါ ...သည်။

www.burmeseclassic.com

www.burmeseclassic.com

သွေးရူးသွေးတန်း ပြေးလာသော လူအုပ်ကြီး နီးလာပြန်တော့ ခုနအတိုင်းပင် စိတ်ရိုင်းတွေ ပြန်လည်ဝင်ရောက်လာသည်။ သူတို့နည်းတူ အသက်လု ပြေးသွားချင်စိတ်တွေ ပြင်းထန်လာသည်။ မကြာလိုက်ချေ . . . ဘိုကြီး၏ ကိုယ်ခန္ဓာသည်ကား နဖားကြိုးအထိုးခံသော နွား တစ်ကောင်လို အလိုလို ကုန်းထမိလေတော့၏။

ပြေးသည်။

လက်ရေတပြင်တည်း ဝင်ပြေးသည်။

နောက်မှ ဓိဝိန်ခြွေမည့် လက်နက်တွေ လေကို ပျံဝဲကာ လိုက်လာသည်။ သူပဲ အပြေးမြန်သည်လား၊ ကံပဲကောင်းသည်လားမသိ။ ဒီ တစ်ခါ တော်တော်နှင့် မသေ။ နယ်မြေသစ်တော်တော်များများကို ဖြတ် ကျော်လာနိုင်ခဲ့သည်။

ဒါပေမဲ့ သူ့အချိန်ကျလာပြန်တော့ . . .

"ဗိုး . . . ဒုတ်"

ဘယ်ဘက်တံကောက်ကွေးကို မြားတံက တည့်တည့်ထိုးစိုက်သည်။ ဘိုကြီး ကမ္ဘူးရှူးထိုး ပစ်လဲသွားပါ၏။ သူ့အပေါ်မှ လူတွေ ဖြတ်ကျော်ကုန်သည်။ တချို့က ရှောင်မရနိုင်စွာ တက်နင်းသည်။

လူကုန်တော့ ပြန်ထဖို့ ကြိုးစားရာ . . .

"ဟာ . . . "

ဘယ်အချိန်ရောက်လာမှန်း မသိသည့် ငရဲထိန်းတစ်ကောင် လက်ထဲမှာ ဇရာမတင်းပုတ်ကြီးတစ်ခု။

"အုန်း . . . "

• • •

တစ်ဘဝ ပြီးဆုံးသွားပြန်သည်။ ဘဝသစ်သည်ကာ ထိုနေ မှာပင် ပြန်လည်ဖြစ်တည်လာသည်။ အသက်ရှင်တော့ ထပြေးသည် ထပြေးတော့ ပြန်အသတ်ခံရသည်။



ဒီလိုနှင့် မုန့်လုံးစက္ကူကပ်လိုက်တာ တစ်နေ့တည်းမှာပင် ဘယ် နှစ်ကြိမ်သေလို့ သေမှန်း မသိတော့။

ထိုသံသရာက တစ်နေ့တာ အလင်းရောင်ကွယ်ပျောက်မှပင် ပြီးဆုံးပါသည်။ ဒါပေမဲ့ ညဘက်မှာလည်း စောင့်နေသောငရဲက အဆင် သင့်။

မှောင်ရီပျိုးချိန်မှာ နောက်ဆုံးစုဝင်သော လုံ့ချက်ဖြစ်သည်။ ထို လုံ့ချက်က ရှေ့ကအကြိမ်တွေလို တစ်ခါတည်း ကိစ္စတုံးမသွား။

နေ့ခင်းနေ့လယ်လို မသေမရှင် ငရဲသားအား ကိစ္စတုံးပေးမည့် တင်းပုတ်ကိုင် ငရဲထိန်းလည်း ရောက်မလာတော့ . . .

စုန်းစုန်းချုပ်နေသော မိုးသားအောက်မှာ ငရဲသားများကို အဆာရာကိုယ်စီနှင့် ထားပစ်ခဲ့၏။

ဘာရည်ရွယ်ချက်မှန်းတော့ မသိ။

ငရဲကြီးတစ်ခုလုံးက နာကျင်လှသော ဝေဒနာတွေဖြင့် ညည်းညူ သံတွေ ဆူညံနေပြီ . . .

ဒီညလို ဘယ်လိုဖြတ်ကူးအံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com

# X

"အား . . . ကျွတ် . . . ကျွတ် . . . "

ကိုယ်ကို ခွေခေါက်ရင်း ညည်းညူနေသော ပုဂ္ဂိုလ်ကို ကြည့်တာ . . .

"ဟေ့လူ . . . ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

သူ့အမေးစကားကြောင့် အော်နေရာမှ နောက်လှည့်ကြည့်လာသည်။ ထိုလူ၏ မျက်နှာတစ်ပြင်လုံးမှာ အဆီပြန်ပြီး ချွေးသီးတွေ တွဲရွဲကနေသည်။ ညာဘက်ရင်အုံ၌ မြားတစ်ချောင်းစိုက်ဝင်ထားပြီး ထိုဒဏ်ရာဖြင့် အဆိပ်တက်နေသည့် ပုံစံမျိုး။ ရင်ဝ၌ လှံတန်းလန်းရှိနေသော သူ့ကိုကြည့်ကာ ထိုလူက တအံ့တသြ အမူအရာဖြင့် . . .

"ဘာလုပ်မလို့လဲဗျာ . . . ခင်ဗျားကလည်း နာရတဲ့ကြားထဲ"

"ကျုပ်လည်း နာတာပါပဲဗျာ"

"နာရင်လည်း ငြိမ်ငြိမ်နေလေဗျာ။ သေမယ့်အချိန်ကို . . . ထိုင်စောင့်။ အပိုတွေ လျှောက်လုပ်မနေနဲ့"

စကားဆုံးတော့ ခေါင်းကိုငုံ့ကာ တအီးအီးဖြင့် ညည်းညူနေပြန်ပါသည်။ ဘိုကြီး စိတ်မသက်သာစွာ ခေါင်းယမ်းမိလိုက်၏။ သူ



သူလည်း နာတာပါပဲ။ ဒါပေမဲ့ ထိုနာကျင်မှုကြောင့်တော့ စိတ်ကို လျှော့ချမပေးနိုင်။ သူသည် ဤငရဲသို့ အကုသိုလ်လုပ်၍ ရောက်လာရသူမဟုတ်။ အပြစ်ရှိသော ငရဲသားမဟုတ်။

ဒီတော့ . . .

"ခင်ဗျား အဲလို ညည်းညူနေလို့ ဒဏ်ရာက သက်သာသွားမှာလား"

မြေပေါ် လှဲချထားရာမှ ဦးခေါင်းအနည်းငယ် မော့လာပြီး . . .

"သက်တော့ မသက်သာဘူးပေါ့ဗျာ၊ ဒါပေမဲ့ သက်သာသလိုတော့ ခံစားရတယ်"

"Docto Simpliciter ပဲ။ အဲဒါ မတူတာတွေကို တူသလိုလို ရောထွေးပြောမိတဲ့ အမှား။ တကယ်က ဘာမှမဆိုင်ဘူး။ ဒဏ်ရာက နာတာတခြား၊ ညည်းညူနေတာက တခြားပဲ။ ပါးစပ်က ညည်းနေလို့ နာတဲ့ဒဏ်ရာက သက်သာသွားမှာမှ မဟုတ်တာ"

"ဒါပေမဲ့ အကုန်လုံး အဲလိုလုပ်နေတာပဲလေ"

"အဲဒီအကုန်လုံးကို မှားနေတာ"

စူးဝင်နေသော မြားတံကို လက်ဖြင့်အသာအုပ်ပြီး သူ့ကို ဘုကြည့်ကြည့်လာသည်။

"ဒါဖြင့် ကျွန်တော်က ဘာလုပ်ရမှာလဲ"

"အာရုံပြောင်းလိုက်။ နာနေတာကို လျစ်လျူရှုပြီး အခြားတစ်ခုဆီ အာရုံပြောင်းကြည့်လိုက်။ အဲဒါ psychology ပဲ"

မှောင်ထဲမှာပင် မဲ့သွားသောမျက်နှာကို မြင်လိုက်ရ၏။

"ခင်ဗျားဟာက ဘာတွေလဲဗျာ . . . နာလို့ သေချင်ပါတယ်ဆိုမှ ရူးအောင် ထပ်လုပ်နေပြန်ပြီး . . . "

"ရှင်းရှင်းလေးပါဗျာ . . . နာတာကို နာတယ်လို့ ခံစားနေလို့တော့ နာလို့ဆုံးမှ မဟုတ်ဘူး။ အဲတော့ မနာဘူးလို့ မှတ်၊ ဒဏ်ရာကို မေ့ပစ်။ တခြားဟာတစ်ခုနဲ့ အာရုံပြောင်း"



www.burmeseclassic.com

www.burmeseclassic.com

"ဘာနဲ့ အာရုံပြောင်းရမှာလဲ"

"ကျုပ်နဲ့ စကားပြောလေ"

သူ့အား အကဲခတ်သလို လှမ်းကြည့်လာသည်။

"စကားပြောရင် ဒဏ်ရာက သက်သာမှာလား"

"နာကျင်တဲ့ စိတ်ခံစားမှုတော့ လျော့သွားလိမ့်မယ်"

"သေချာတယ်နော်"

"ဩော် . . . လုပ်ကြည့်ပေါ့ဗျာ။ လက်တွေ့လုပ်တော့ သိလိမ့်မပေါ့"

တစ်ဖက်လူ တွေသွားသည်ကို မြင်ရ၏။ ဘိုကြီး စိတ်မှာ ကျေနပ်သွားသည်။ လူရွေး မှန်သွားပါပြီ။ စိတ်ဝိညာဉ်အားနည်းသော လွှမ်းမိုးရလွယ်သူတစ်ဦးပါ။ မမှန်လည်း နောက်ထပ်ရွေးချယ်စရာ လူမရှိ။ ဤအနီးဝန်းကျင်မှာတော့ သူတို့နှစ်ဦးသာ ရှိသည် မဟုတ်ပါလား။

"ကျုပ်နာမည် ဘိုကြီးလို့ ခေါ်တယ်"

"ကျွန်တော်က ငွတို . . . လူ့ပြည်အခေါ်တော့ ကျွဲငွတိုပေါ့ဗျာ"

"ဘာလဲဗျ . . . ကျွဲငွတို"

"လူ့ပြည်မှာ ကျွန်တော်က ကျွဲသူခိုးလေ။ ကျွဲချည်း သီးသန့်ခိုးတာ။ ကျန်တဲ့ ဘာကောင်၊ ဘာပစ္စည်းမှ မခိုးဘူး"

"ဟေ . . . "

မျက်ခုံးပင် အနည်းငယ် လှုပ်သွားရသည်။ ပေါ့သေးသေးတော့ မဟုတ်ပါ။

"အဲဒါကြောင့် ဒီငရဲကို ရောက်လာတာလား"

ငွတိုမှာ နေရင်းထိုင်ရင်း မျက်နှာကြီး ရှုံ့မဲ့လာပြီး . . .

"ဟုတ် . . . ဟုတ်ပါတယ်ဗျာ။ ကျွဲတွေ ခိုးပြီး သတ်ရောင်းခဲ့လို့ ဒီငရဲကို ရောက်လာတာ။ အခုတော့ ကျွန်တော် ကောင်းကောင်းနာ



ညီသွားပါပြီ။ နောက်နောင်ဘဝများ လူပြန်ဖြစ်ခဲ့ရင် ကျွန်တော် အဲဒီ အလုပ် မလုပ်ဝံ့တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

ကျလာသော မျက်ရည်ကို သုတ်၏။

"ကျွဲတွေကို သတ်ခဲ့တဲ့နည်းအတိုင်း သူတို့ ကျွန်တော့်ကို ပြန် ထုတ်တယ်။ အရှင်လတ်လတ် လှံနဲ့ထိုးတယ်။ ပုဆိန်နဲ့ ထုတယ်။ တင်း ပုတ်နဲ့ ရိုက်တယ်။ တစ်ခါ မဟုတ်ဘူး။ အခါခါလည်း သေခဲ့ပြီးသွား ပြီ။ အခုလည်း သေနေရတုံးပဲ။ ကြောက်ပါပြီဗျာ . . . ကျွန်တော် လုံးဝ ကို ကြောက်သွားပါပြီ"

ငွတိုမှာ ရှပ်ကြမ်းကြီးနှင့် ငိုပါတော့၏။ သနားစရာပုံ လုံးဝ ပေါက်သည့် ငွတိုပုံစံကို ကြည့်ပြီး ဘိုကြီး တော်တော်စိတ်ပျက်သွား သည်။ ဒါပေမဲ့ မိမိသည်လည်း ထပ်တူခံစားရပါကြောင်း သိစိမ့်သောငှာ သေးကို တိုးတိမ်ကြေကွဲရင်း . . .

"ခင်ဗျားက တော်ပါသေးတယ်ဗျာ။ အပြစ်လုပ်လို့ ပြစ်ဒဏ်ခံ ရတာ။ ကျုပ်က ဘာအပြစ်မှမရှိဘဲ ဒီလိုအလွတ်ကြီး ရောက်လာရတာ"

ငိုနေသော မျက်လုံးအိမ်မှာ သူ့ဘက်သို့ ခပ်ဆွေဆွေ ရောက် လာ၏။ သက်ပြင်းကိုချရင်း အဖြစ်အပျက်အလုံးစုံကို ဘိုကြီး ပြော ပြလိုက်သည်။ စကားဆုံးတော့ ငိုနေတာကိုပင် သတိမရတော့ဘဲ . . .

"ဒါဆို ခင်ဗျားက အမြင်ကပ်ပုဒ်မနဲ့ ရောက်လာတာပေါ့"

"အင်း . . . "

"ဒါများဗျာ . . . သူတို့ပြောသလို လူ့ပြည်မှာ သန္ဓေပြန်တည် ခိုင်းရောပေါ့"

"အဟင်း . . . အဲလိုလုပ်လို့ မရဘူးလေ။ ကျုပ်သမိုင်းတစ်ခုလုံး ခံနိုင်ဘူး။ သူတို့ကို ပေးလုပ်လိုက်ရင် ဒါဟာ အစဉ်အလာကြီး ဖြစ်သွားလိမ့်မယ်။ နောက်နောင် ဒါမျိုးကိစ္စတွေ ကြုံလာရင် ဒီနည်း



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဖြေရှင်းလို့ရတယ်လို့ သူတို့ ... ဒါ ကျုပ်ခေါင်းမာတာ မဟုတ်ဘူး။ အမှန်ကို အမှန်အတိုင်းပဲ ဖြစ်စေ ချင်တာ။ အမှန်တရားကို တကယ်ချစ်ရင် အမှန်အတိုင်း ပြောရဲရမယ် အမှန်အတိုင်း လုပ်ရဲရမယ်"

ကြံ့တုန်း တစ်လုံး ကပ်ထည့်လိုက်၏။ နားလည်သည်၊ မလည် သည် မသိ။ ဝှတိုမှာ အကြောင်းသား ငေးလျက် . . .

"အဓိကကတော့ စိတ်ဓာတ်ပဲ။ အဲဒီစိတ်ဓာတ်နဲ့ပဲ သူတို့အမှား ကို သူတို့သိအောင် လုပ်ရမယ်"

အေးငြိမ်သော အထိအတွေ့ကို ခံစားရ၏။ ညှဉ်းသွဲ့စိုစွတ်သော လေအလျဉ်က သူတို့နှစ်ဦးကြားကို ဝင်ရောက်လာသည်။ ညဉ့်နက်ပိုင်း ရောက်လာသည်ထင်၏။ တောငွေ့တောင်ငွေ့က စိမ့်ပြီး အေးလာသလို

ဝှတိုက သူ့ရင်ဝမှ လှံကြီးကို ငေးကြည့်ကာ နေ၏။ အပြစ်မဲ့ သော လူတစ်ယောက် ငရဲပြည်မှာ အနှိပ်စက်ခံနေရခြင်းကို နားလည် သဘောပေါက်သွားသည် ထင်သည်။ ဘိုကြီး မရှိတင်ကဲ အပြုံးတစ်ခု ကို ပြုကာ . . .

"ခင်ဗျားကရော . . . ဒီမှာ ဘယ်လောက်ကြာကြာ နေရဦးမှာ လဲ"

"မသိဘူး . . . ကျွန်တော်ပြုခဲ့တဲ့ အကုသိုလ်တွေ မကုန်မချင်း ပေါ့"

"အကုသိုလ်တွေ မကုန်မချင်း သေလိုက်၊ ပြန်ရှင်လိုက်၊ ဖြစ် ခံလိုက် လုပ်နေရမယ်ဆိုတဲ့ သဘောလား"

"အင်းပေါ့ . . . ခင်ဗျားကရော"

ဘိုကြီး ဟက်ခနဲ ရယ်လိုက်ကာ . . .

"သုံးကမ္ဘာ . . . "

"ဟာ . . . များလှချည်လား"

ဘိုကြီး ခေါင်းယမ်းလိုက်ပါသည်။ ဖြေရှင်းမနေချင်တော့ပါ။



... နှင်းပွင့်လေးတွေက သူတို့ခေါင်းပေါ် တစ်ပွင့်ချင်း ကြွေကျလာသည်။ ဆောင်းဦးပေါက်လေဟု အမည်တပ်နိုင်လောက်မည့် လေအချို့လည်း ဖွဲ့ဝဲရောက်ရှိလာ၏။ တောအုပ်ကြီးတစ်ခုရဲ့ မြေနီလမ်း လေးပေါ်မှာ ဒဏ်ရာကိုယ်စီနှင့် လဲနေသူနှစ်ယောက် ရှိနေသည်။

ငရဲပြည်အခေါ် ငရဲသားနှစ်ယောက်ပေါ့။

အအေးဓာတ်ဝင်လာသည်ကြောင့် နာနေသောဒဏ်ရာက တဆစ် ဆစ် ကိုက်လာသည်။

"ဒီဒဏ်ရာကြီးတွေနဲ့ ငါတို့က ဘယ်လောက်ကြာကြာ နေရဦး မှာလဲ"

သူ့အမေးကို ဝှတိုက အားအင်မဲ့စွာ ပြန်ဖြေသည်။ လွမ်းမော ဖွယ်ကောင်းကင်ကြီးကို မော့ကြည့်လို့ပေါ့။

"နှင်းတွေ ကျလာပြီလေ . . . မကြာတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

# XI

လက်ဆက်ကြည်လင်သော မနက်ခင်းနှင့်အတူ သူ နိုးလာခဲ့သည်၊ အရှေ့ဆီမှာ လဲကျနေသူတစ်ဦး ရှိပါသည်။ ထိုသူလည်း မရေးမနှောင်းမှာပင် သူ့နည်းတူ အသက်ဝင်လာခဲ့၏။ အာရုံမှာ ချက်ချင်းပဲ သိလိုက်သည်။

“ပွတို . . . ”

ညက သူနှင့် စကားတွေ အတော်ကြာအောင် ပြောခဲ့သူတစ်ဦး။ ထူးခြားတာက နှစ်ဦးလုံးတွင် ပြင်းထန်သောဒဏ်ရာတွေ ရှိမနေတော့။

နှင်းဖွဲဖွဲအောက်တွင် ဘယ်‘အချိန်’သေလို့ သေသွားမှန်း မသိခဲ့သော်လည်း ယခုအခါမှာတော့ မနက်ခင်းအလင်းရောင်နှင့်အတူ ဘဝသစ်တစ်ဖန် ရှင်သန်လာခဲ့ပါပြီ။

နှစ်ယောက်သား အကြည့်ချင်း တစ်ချက်ဆုံမိလိုက်၏။

ထိုခဏ . . .

“ဟေး . . . ဟေး . . . ”

နောက်ဖက်ဆီမှ ထွက်ပေါ်လာသော အသံများ။ ခဏချင်းပဲ ပြေးသံ၊ လွှားသံ၊ တောတိုးသံတွေ ဆူညံလာသည်။



“အား . . . ”

“အမယ်လေး . . . ”

“ကယ်ပါဦး . . . ”

လေးသံ၊ မြားသံတွေနှင့်အတူ ငရဲသားတို့၏ ထိတ်လန့်တကြီး အော်ဟစ်သံ၊ ကယ်ပါယူပါ အသံများက တစ်စထက်တစ်စ ကျယ်လောင်ပြင်းထန်လာပြီးနောက် . . .

“ဟေး . . . ”

အရှေ့ဆီမှ မြေဝပ်ငှက်တစ်အုပ် ထပျံသည်။ သွေးညှီနံ့ ပြင်းသောလူများ အုပ်လိုက်ကြီး ရောက်လာသည်။

ပြေးပေဦးတော့ ဘိုကြီးရေ . . .

ကိုယ့်ကိုယ်ကိုယ် အားပေးရင်း ထပြေးတော့ ပွတိုကလည်း အားကျမခံ။

ဒီနေ့လည်း ဘယ်နှစ်ကြိမ်လောက် မုန့်လုံးစက္ကူ ကပ်ရဦးမည်သိပါ။ ထူးဆန်းတာ မဟုတ်သည့်မို့ သိပ်လည်း ခံစားမနေတော့။

ဒါပေမဲ့ နောက်ဆုံးထွက်သက်ကတော့ အရေးကြီးပါသည်။

ဒါမှသာ . . .



www.burmeseclassic.com

www.burmeseclassic.com

# XII

ညသည် ခြောက်ချားရင့်ရော်ကာ နေ၏။ ခပ်ဝေးဝေးဆီမှ ပိုးတောင်မွှားကောင်တို့၏ အော်သံများကို ကြားရသည်။ ဒီညလည်း မြေနီလမ်းလေးပေါ်မှာ လူနှစ်ယောက် (ဝါ) ငရဲသားနှစ်ယောက် လဲကျနေပါသည်။

တစ်ဦးနှင့်တစ်ဦး ဝေးလည်းမဝေး၊ နီးလည်းမနီးသော ပြောရဆိုရလွယ်ကူသည့် အနေထားမှာ။ တစ်ဦး၏ရင်ဘတ်မှာ မြားစူးဝင်ပြီး နောက်တစ်ဦးက နောက်ကျောကို လှံထိုးခံထားရ၏။

ဒါပေမဲ့ သူတို့နှစ်ဦး ညည်းညူမနေ။

သူတို့၏ အနောက်ဘက် ခြေလှမ်းငါးဆယ်လောက်မှာတော့ ငရဲသားတစ်ဦး ဒဏ်ရာပရပွနှင့် ပိုးလိုးပက်လက် လဲကျနေသည်။ အရုဏ်မတက်၊ နှင်းမကျသေးသည်မို့ သေလို့မရသေး။ ခံရဦးမည်။

"ဒီညလည်း ကျွန်တော်တို့ ဆုံကြပြန်ပြီ"

"ဆုံတာမဟုတ်ဘူး၊ မဆုံဆုံအောင် လုပ်ထားတာ"

"ဗျာ . . . "



"ဟုတ်တယ် . . . မင်းနဲ့ မနီးမဝေးမှာ တမင်သေအောင် လုပ်ထားတာ"

"ဘာဖြစ်လို့လဲ"

"ပြောစရာတွေရှိလို့"

ဂွတို နားမလည်နိုင်သလို မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက ဘာပြောချင်လို့လဲ"

ဘိုကြီး တံတွေးကို မျိုချကာ . . .

"ကျုပ်တို့ အခုရောက်နေတဲ့ မြား၊ လှံ ငရဲက အရမ်းကြီး ရက်စက်လွန်းတယ် မထင်ဘူးလားဗျာ"

"ဟာ . . . ခင်ဗျားကလည်း ပြောမှ ပြောတတ်တယ်။ ရက်စက်ရုံဘယ်ကမလဲ အဲဒါထက် အဆပေါင်း ထောင်သောင်းမက ပိုတာပေါ့ဗျာ"

"အဲဒီရက်စက်မှုတွေ မရှိတော့ဘူးဆိုရင် ခင်ဗျား ဘယ်လိုနေမလဲ"

"တအားကို ပျော်မိမှာပေါ့။ ဒါပေမဲ့ အဲဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ငရဲသက်စေ့လို့ ငရဲကလွတ်မှ ဖြစ်လိမ့်မယ်"

ဘိုကြီး ပြုံးလိုက်ပါသည်။

"ငရဲသက်စေ့တဲ့ထိ စောင့်ဖို့ မလိုပါဘူးဗျာ။ ငရဲသက်မစေ့ဘဲနဲ့ အခု ကျုပ်တို့ခံစားနေရတဲ့ ဒုက္ခတွေ လျော့သွားအောင် လုပ်လို့ရပါတယ်။ နောက်ဆုံး . . . လုံးဝ မရှိတော့တဲ့ထိပေါ့"

ပထမ မျက်မှောင်ကြုတ်သွား၏။ ပြီးတော့ နားမလည်နိုင်သလို တွေးဆရခက်သော အကြည့်တွေ သူ့ထံ ရောက်လာသည်။

ဂွတို၏ အခြေအနေကို အကဲခတ်ကာ သူကြံစည်ထားသမျှတို့အား ဘိုကြီး တစိုးတစိ ပြောပြလိုက်သည်။

ပထမတော့ သူ့စကားတို့ကို ဂွတို နားမလည်။ သူ့ဘဝ၌ ကျွဲနွားသာလုပ်ခဲ့သည်မို့ ဘိုကြီးအကြံအစည်တွေကို လိုက်မမီခြင်း ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ စိတ်ရှည်လက်ရှည် ရှင်းပြရပါ၏။ ဒါမျိုးကိစ္စတွေသည် အပြော ကောင်းရုံမဟုတ်၊ စိတ်ရှည်ဖို့လည်း လိုသည် မဟုတ်ပါလား။

နောက်တစ်ကြိမ် သေသေချာချာ ထပ်ရှင်းပြမှ ဠတို မရွံ့မရဲ နားလည်လာသည်။ ထိုအခါမှာတော့ . . .

"ဘယ်လိုလဲ . . . ကျုပ်ပြောတာ သဘောတူလား"

ဠတို ခေါင်းကုတ်၏။ ပုံစံကို အကဲခတ်ကာ ဘိုကြီး နောက်တစ်လုံး ထပ်ထည့်သည်။

"ပြိုင်တူတွန်းရင်တော့ ရွှေ့နိုင်ပါတယ်ဗျာ"

ဂျာနယ်များတွင် မြင်ရအများဆုံး စကားလုံးကို လက်နက်အဖြစ် အသုံးပြုလိုက်သည်။ ဒါပေမဲ့ ဠတိုထံမှ ကျေနပ်စရာကောင်းသော အဖြေ ထွက်မလာ။ အီး အီး . . . အဲ အဲ . . . ဖြင့် ဖင်ကုတ်၊ ခေါင်းကုတ် လုပ်ပြီး . . .

"လုပ်တော့ လုပ်ချင်ပါတယ်ဗျာ။ ဒါပေမဲ့ သူတို့ တစ်ခုခုလုပ်မှာကို ကျွန်တော် ကြောက်တယ်"

"ကျွတ် . . . မင်းကလည်း ဒီထက်များ ထပ်ကြောက်နေရဦးမှာလားကွာ။ ဘယ်နှကြိမ်သေလို့ သေမှန်းတောင် မသိတော့တဲ့ကိစ္စ။ မင်းက ဘာကို ထပ်ကြောက်ချင်နေသေးတာလဲ"

သူ့စကား ဟုတ်နေသည်မို့ ဠတို ငြိမ်သွားပါသည်။ နှုတ်ခမ်းကိုက်၍လည်း အချိန်အတော်ကြာအောင် စဉ်းစားသွားသည်။

"ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်တည်းတော့ ဖြစ်မှာမဟုတ်ဘူးနော်။ ခင်ဗျားပြောပုံအရဆိုရင် အင်အားလိုတယ်"

"လာမယ်လေ . . . မင်းတစ်ယောက်တည်း မဟုတ်ဘူး၊ ဟောဒီမြား၊ လုံ ငရဲက ငရဲသားတွေအကုန်လုံးကို ငါ ဆော်ဩမှာ"

"ခင်ဗျားတစ်ယောက်တည်း လိုက်ပြောမှာလား"

"ဒါပေါ့"



"ဟာ . . . ခင်ဗျားကလည်း တွေးရဲလိုက်တာ။ ဒီတောအုပ်က ယူဇနာ (၆၀) ကျယ်တယ်ဗျ။ ကျွန်တော်တို့ပြေးနေရတဲ့ မြေနီလမ်းက တောအုပ်ကြီးတစ်ခုလုံးကို ပတ်ထားတာ။ လမ်းပေါ်မှာ ကျွန်တော်တို့လို ငရဲသားတွေက နည်းနည်းနောနော မဟုတ်ဘူး။ တစ်ယောက်ချင်းသာ လိုက်ပြောလို့ကတော့ ကမ္ဘာသာ ကုန်သွားမယ်၊ ပြောလို့ဆုံးမှာ မဟုတ်ဘူး"

ဟုတ်ပါ၏။ ဒါလည်း စဉ်းစားရမည့် အချက်ပါ။ ငရဲရောက်တာ နှစ်ရက်ပင် ရှိသေးတာမို့ ဒါတွေ သူမသိ။

"လုပ်ပါဦး . . . အဲလိုဆို ငါ ဘာလုပ်ရမလဲ"

"ဒီ မြား၊ လုံ ငရဲမှ ငရဲသက် အရှည်ဆုံး လူတစ်ယောက်ရှိတယ်။ နာမည်က ဘဦးတဲ့။ ခင်ဗျား သူ့ကိုတွေ့အောင်ရှာပြီး စည်းရုံး။ သူလက်ခံရင်တော့ ဟောဒီငရဲတစ်ခုလုံး ခင်ဗျားနောက် ပါလာပြီပဲ"

ဒဏ်ရာတန်းလန်းနှင့်ပင် ဝမ်းသာအားရ လက်ဖျောက်ထတီးမိလိုက်၏။ ဟန်ကျလေပြီ . . . အချိန်တွေ၊ အင်အားတွေ အများကြီး ဖြုန်းတီးထုတ်စရာ မလိုတော့။ အညာကို ကိုက်လိုက်ရုံသာ။

"ဘဦးက ဘယ်လိုပုံစံမျိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com

# XIII

မနက်လင်းသည်နှင့် ဘဦးကို ရှာဖွေရပါတော့သည်။ မြား၊ လှံ၊ တင်းပုတ်တွေကို ရှောင်ရှားရင်း၊ ညှဉ်းပန်းနှိပ်စက်မှုကို ခံစားရင်း၊ တစ်ခါ တစ်ခါ (သို့) အကြိမ်ကြိမ် သေဆုံးရင်း ရှာလိုက်တာ နေ့တစ်ဝက်ကျိုး မှဝင် ပွတိုပြောသော ရုပ်ရည်နှင့် ဘဦးကို တွေ့ပါ၏။

အသားမည်းမည်း၊ ဗိုက်ပူပူ၊ မျက်နှာပေါက်ဆိုးဆိုး၊ အသက် မှာလည်း သူ့ထက် ထက်ဝက်ကျော်ကျော်လောက် ကြီးမည်ထင်ရပါ သည်။ ဘဦးမှာ ဤ မြား၊ လှံ ငရဲ၌ နှစ်သက်အကြာဆုံးဟု ဆိုသော် လည်း ယခုချိန်ထိ အသက်လုပြေးနေရဆဲပါ။ ငရဲထိန်းတို့၏ နှိပ်စက် မှုတို ကြောက်လန့်နေရဆဲပါ။ ဘဦးအား ကြည့်ပြီး စိတ်မကောင်းပင် ဖြစ်ရပါသေးသည်။

လူ့ပြည်မှာဆိုပါက ဒီလောက် နှစ်သက်ကြာလျှင် ထောင်မှုး လောက်တော့ ကောင်းကောင်းဖြစ်လောက်ပြီ မဟုတ်ပါလား။

ဘဦးမှာ ဘဝကို ဤ၍ဤမျှနှင့်ပင် ဆုံးခန်းတိုင်ထားသည် ထင် ပါ၏။ ငရဲကျနေတာ ဖြစ်သည့်အတွက် မျှော်လင့်ချက် ကုန်ဆုံးပြီထင်



ဘာ ပြုသမျှ နေခြင်းလည်း ဖြစ်လောက်သည်။ ဘာပဲဖြစ်ဖြစ် သူက တော့ ကိုယ့်ဘက်ပါအောင် စည်းရုံးရပေမည်။

ဝါရင့် သမ္ဘာရင့်မို့ ပြေးနေသော ခြေလှမ်းတွေက သွက်သည်။ ကြီး နောက်မှ မနည်းမီအောင် အပြေးလိုက်ကာ . . .

"ဘယ်လိုလဲဗျ . . . အခြေအနေ ကောင်းရဲ့လား"

သူ့အမေကြောင့် နံဘေးကို လှည့်ကြည့်လာသည်။ လူသစ် စ်ယောက် ဖြစ်နေသည်ကို တွေ့တော့ . . .

"ငရဲလာပြီး မိတ်ဖွဲ့မနေနဲ့။ အသားမနာချင်ရင် ငရဲထိန်းတွေ တက လွတ်အောင်သာ ပြေး"

"ဟင့်အင်း . . . ဘယ်လောက်ပြေးပြေး ပြေးလွတ်မှာမှ မဟုတ် ။ ဒါပေမဲ့ အသားမနာအောင်တော့ ကျွန်တော် လုပ်တတ်တယ်"

အကြည့်တစ်ချက် သူ့ထံ ဒိုင်းခနဲ ရောက်လာ၏။ ဘိုကြီး ဖြုံး တ်သည်။ စိတ်ပညာနံပါတ် (၁) သီအိုရီ။

'စွမ်းအားပြည့်အဖွင့်'

မမြင်မတွေ့ဖူးသူ နှစ်ဦး၏ ပထမအကြိမ် တွေ့ဆုံမှု ည် အရမ်း အရေးကြီးသည်။ တစ်ဦးချင်းစီ၏စိတ်၌ အဦးဆုံး ပေါ်လာသော အမြင်သည် ဘယ်လိုမှ တန်ဖိုးဖြတ်၍မရ။ ဆို သည်မှာ အဝင်မှားလျှင် အမှားပြင်ရန် အခွင့်အရေး မရှိနိုင် တော့။

ထိုနည်းကို လူ့ပြည်မှာတော့ ယောကျ်ားလေးအများစု ုံးများ၏။ သူစိမ်းမိန်းကလေးတစ်ဦးနှင့် ပထမဆုံးအကြိမ် ဆုံမှုမှာ အထူးသဖြင့် သုံးတတ်ကြသည်။

ယခု ဘဦးမှာ မိန်းကလေးမဟုတ်သည်ကြောင့် ပို၍ ရိုက်ရမည်။ နောက်ပြီး ရာဇဝင်တွေ တစ်သီတတန်းကြီးနှင့် လ်၊ ငရဲမှာ နှစ်သက်အကြာဆုံးဆိုရုံမျှနှင့် ဘာကောင်လဲ ရာ မလိုတော့။



www.burmeseclassic.com

www.burmeseclassic.com

ထို့အတွက် စဖွင့်ကတည်းက အားကောင်းထားဖို့ လို သည်။ ထိုစဉ်မှာပင် နောက်ဖက်မှ လေတိုးသံတစ်ချက်ကို ကြား လိုက်ရ၏။ နောက်လှည့်ကြည့်တော့ ငရဲထိန်းတို့ ပစ်လွှတ်လိုက် သည့် လှံတစ်စင်းက ဘိုကြီး၏ ဗိုဗိန်ကို ခြွေရန် ရောက်လာ သည်။ ချက်ချင်းပဲ ထိုလှံ၏ ပြင်းအားအလျင်ကို တွက်ဆကာ ဘိုကြီးရှေ့ကို ခုန်ထွက်လိုက်သည်။

ပြောခဲ့သလိုပင် ပြေးလို့ကတော့ လွှတ်မည်မဟုတ်။ ထို့ ကြောင့် အနာသက်သာစေရန်သာ။

လှံသွားမှာ တစ်မုဟုတ်ချင်း သူ့ခန္ဓာကိုယ်ကို ဖောက် ဝင်သွား၏။ ဒါပေမဲ့ အလျင်တူသော အခြေနေမှာ ဖြစ်သဖြင့် ရိုက်ဝင်ဂုံက သိမ်မွေ့လွန်းလှသည်။ အရှိန်ကုန်တော့ ကြောင် လေးတစ်ကောင်ကို မြေပေါ် ပြုတ်ကျလာသည်။

ဒါပေမဲ့ သူ့ရင်ဝမှာ သွေးပွက်ပွက် အန်လျက်။ မကြာ ခင် ဒဏ်ရာကြောင့် သေဆုံးရတော့မည်။ မသေခင် ဘဦးကို လှမ်းပြောလိုက်သည်။

"ဒါ ရှုပဗေဒ သီအိုရီလေဗျာ"

• • •

အသက်ဝင်တော့ ဘဦးကို ပြန်ရှာသည်။ အော်ဟစ်ဆူ ပျက်နေသူများ၏ ရှေ့လှမ်းလှမ်းမှာ မျက်နှာသေနှင့် ဘဦး နေသည်။ ဘိုကြီး ကုန်းရုန်းထကာ ဘဦးနောက် အမီလိုက်ရ ၏။ အနီးကို ရောက်တော့ . . .

"အမိကကတော့ဗျာ . . . ကျွန်တော်တို့ ခန္ဓာကိုယ် မြားတွေ၊ လှံတွေ စိုက်တယ်ဆိုတာ သူတို့အသွားတွေ ချွန်လို့ တာထက် အလျင်တစ်ခုနဲ့ လှုပ်ရှားနေတဲ့ အရာတစ်ခုကို ရ ရုက်ရပ်စလိုက်လို့၊ အဲဒီအခါမှာ ကြီးမားတဲ့အားတစ်ခု ဖြစ် ပေါ်လာတယ်။ အဲဒီအားက ကျွန်တော်တို့ ခန္ဓာကိုယ်ပေါ်ကို ဖိ လိုက်တယ်။ ခန္ဓာကိုယ်ရဲ့ မာကျောမှုက လှံရဲ့ မာကျောမှုကို မယှဉ်နိုင်ဘူး။ ဒီအခါမှာ ကျွန်တော်တို့ လှံစိုက်သေတာပဲ"

ပြောလို့မှ မဆုံးသေး 'ဒုတ်' ဟူသော အသံနှင့် ဘဦး နောက်ကျောကို လှံတစ်ချောင်း စိုက်ဝင်သွားပါ၏။ ကြီးမား သော အရှိန်ကြောင့် ဘဦး မြေပေါ်ကို လေးငါးပတ် လိမ့်ဆင်း သွားသည်။

"အား . . . လုပ်ကြပါဦးဗျာ"

ထုံးစံအတိုင်း နာသည့်ဒဏ်ကို မခံစားနိုင်စွာ အော် သည်။ အကူ အညီတောင်းသည်။ ဒါပေမဲ့ မည်သူက ကူညီနိုင်ပါ ည်နည်း။ နောက်မှ ငရဲထိန်းတွေ လိုက်လာနေသည်ဖြစ်ရာ ဘိုကြီးလည်း ကြည့်ရုံသာ ကြည့်နိုင်ပြီး ပြေးရပါ၏။

တစ်အောင့်ကြာတော့ အသက်ပြန်ရှင်လာသည့် ဘဦးကို ပြေးလွှားနေသော ငရဲသားများကြားတွင် ပြန်တွေ့ရသည်။ အပြေးကတော့ မြန်သည်။ ခဏချင်းပဲ အားလုံးကို ကျော်တက် ကာ သူ့နံဘေးကို ပြန်ရောက်လာသည်။

"ခင်ဗျားက ကျွန်တော်ပြောတာမှ လက်မခံဘဲ . . . သီအိုရီရဲ့ သဘောက လျင်မြန်စွာ လှုပ်ရှားနေတဲ့ အရာဝတ္ထု ခုကို ရုတ်တရက် ရပ်တန့်လိုက်ရင် ကြီးမားသော စွမ်းအင် ပေါ်တယ်။ ဖြည်းညင်းစွာ ရပ်တန့်ရင်တော့ သေးငယ်သော စွမ်းအင်သာ ဖြစ်ပေါ်တယ်။ ကျွန်တော် သုံးလိုက်တာ ဒုတိယ နည်း။ ဖြည်းညင်းစွာ ရပ်တန့်စေဖို့အတွက် အလျင်တူအောင် ကျွန်တော်က ခုန်ပေးလိုက်တယ်။ ရုတ်တရက် ရပ်ပစ်သောမဟုတ် အတွက် ကျွန်တော့်ပေါ်ကျလာတဲ့အားက မပြင်းတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဒါပဲ၊ ခင်ဗျားလည်း ခံရသက်သာအောင် ဒီတစ်ခေါက် ကျွန်တော့်လို လုပ်ကြည့်ပါလား"

သူ့ကို ဘုကြည့် ကြည့်လာသည်။

"ဒါဆို ငါက ဖားတွေလို ခုန်ဆွခုန်ဆွ လုပ်နေရမှာလား။ မင်းဘာသာ ခုန်ခုန်၊ မခုန်ခုန် သေမှာက သေမှာပဲ"

"ဒါတော့ ခင်ဗျား ပြောမှလားဗျာ . . . သေတာတော့ သေမှာပေါ့။ သက်သက်သာသာ သေဖို့ကို ပြောတာ"

သူ့အကြံပေးချက်ကို လက်ခံပုံ မရပါ။ သမားရိုးကျတွေထဲမှာ ပိတ်မိနေသော ငရဲသားတစ်ယောက် ဖြစ်မည်ထင်ပါသည်။

"ဒါဆို ကျွန်တော် နောက်တစ်နည်း ပြောပြမယ်။ ခင်ဗျား ခန္ဓာကိုယ်ကို ရဟတ်လို လည်ပစ်လိုက်"

"ဘာ . . ."

"ရဟတ်လို လည်ပစ်လိုက်၊ အဲဒါလည်း အနာသက်သာတယ်"

ဘုကြည့် ကြည့်ရုံမဟုတ်၊ အနည်းငယ် တင်းလာပုံပါရလေသည်။ ဒီအခြေအနေရောက်မှ ဘိုကြီး မလျှော့တော့။ စွမ်းအားပြည့်အဖွင့်ကို ဆက်ဖွင့်သည်။

"ခင်ဗျား သတိထားမိလားတော့ မသိဘူး။ ကျွန်တော်တို့ဆီ ပစ်လွှတ်လိုက်တဲ့ မြားတွေ၊ လှံတွေက ငြိမ်ငြိမ် တစ်ဖြောင့်တည်းရောက်လာတာ မဟုတ်ဘူးဗျ။ ကလေးတွေ ကျင်ပေါက်သလို တဝီဝီလည်ပြီး ရောက်လာတာ။ အဲဒါ ဘာဖြစ်လို့လဲ . . . သိလား။ ပစ်မှတ်ကို တည့်တည့်ထိအောင် တမင်တကာ လှည့်ပြီး ပစ်လိုက်တာ။ ဒါလည်း ရူပဗေဒ သီအိုရီပဲ။ အဖက်ဖက်ကို ပြောင်းလဲနိုင်တဲ့ လှည့်ဝင်ရိုးကို ခုခံထိန်းသိမ်းပေးတဲ့သဘော။ အဲလိုလည်နေမှသာ ပစ်မှတ်ကို တည့်တည့်ထိမှာ။ ဒီအတိုင်း ငြိမ်နေရင်တော့ ဘေးကိုရောက်ပြီပဲ။ သေနတ်တွေမှာ သုံးထားတာလည်း အဲဒီနည်းပဲလေ။ သေနတ်အိမ်ထဲကနေ ကျည်ဆန်ထွက်ဖို့အတွက် ပြောင်းမှာ ဝက်အူရစ်ပုံစံ လုပ်ပေးထားရတယ်။ ငရဲထိန်းတွေကို လျှော့မတွက်နဲ့ဗျ။ သူတို့လည်း ဒီနည်းကို သိတယ်"

ဘဦးကတော့ 'ဘာတွေပြောနေတာလဲ' ဟူသည့်သဘောစိတ်မသက်သာဖွယ် ခေါင်းယမ်းနေသည်ကို မြင်ရပါ၏။

"ကျွန်တော့်လို မခုန်ချင်ဘူးဆိုရင်တော့ လက်နက်လည်တာတဲ့ ပုံစံကိုကြည့်ပြီး သူ့ပုံစံအတိုင်း ခန္ဓာကိုယ်ကို ရဟတ်လို လိုက်လည်ပေးလိုက်။ ဒီအတိုင်း ငြိမ်ခံနေတာထက်တော့ သက်သာမှာ သေချာတယ်။ ကျွန်တော်ကတော့ ရဟတ်လို မလည်တတ်လို့ ဒီနည်းကို သိပ်သဘောမကျဘူး"

ထိုအခိုက် သူတို့နံဘေးသို့ မြားတွေ ကျလာသဖြင့် ရှောင်ရသေးသည်။ ငရဲထိန်းများသည်ကား နောက်မှ ညာသံပေး လိုက်လာနေဆဲ။ ခြောက်ခြားဖွယ်အသံကို ပြုနေဆဲ။ အနီးနားမှ ဘဝတူငရဲသား လှံချက်ကြောင့် မြေတွင် လူးလိမ့်သွားသည်ကို မြင်ရ၏။ ဘိုကြီး အခြေအနေကို သဘောပေါက်ပါသည်။ သူတို့အလှည့်လည်း ကြာတော့မည်မဟုတ်ပါ။

"ဘယ်လိုလဲ . . . ခင်ဗျား ဘယ်နည်းကို ရွေးချင်လဲ"

"ဘယ်နည်းမှ မရွေးချင်ဘူးကွာ။ ထပ်လည်း မပြောနဲ့၊ နားငြီးတယ်။ မင်းပြောတိုက် လိုက်လုပ်ရအောင် မင်းလက်အောက်ငယ်သား မဟုတ်ဘူး"

ခေါင်းကို လေးပင်စွာ ယမ်းရင်း သက်ပြင်းတစ်ခုကို ရှုတ်ထုတ်လိုက်သည်။

"ကောင်းပြီလေ . . . သေရတာချင်း အတူတူတောင် သက်သက်သာသာ မသေချင်တော့လည်း ခင်ဗျားကံပဲပေါ့"





www.burmeseclassic.com

www.burmeseclassic.com

လေကိုခွင်းသော မြားတစ်စင်း၏ အော်မြည်သံကို ကြားရသည်။

ဘိုကြီး အချိန်ဆိုင်းမနေတော့ . . .

"ကဲ . . . ကျွန်တော်တော့ ခုန်ပြီဗျို့"

"ဒုတ် . . . အား"

နောက်တစ်ကြိမ် နိုးထပြန်တော့ ဝတ္ထုရားအရ ဘဦးကို ရှာဖွေရပြန်သည်။ မရှာလို့က မရ။ ဒီငရဲမှာ သူက အရေးကြီးသည်။ သိပ်မရှာလိုက်ရ။ ထုံးစံအတိုင်း သမ္မာရင့်ပီပီ ဘဦးက ရှေ့ဆုံးမှာ တစ်ထီးတည်း။

ထိုစဉ်မှာပဲ ငရဲထိန်းတစ်ဦး၏ မြားတံက လေကိုခွင်းကာ ဘဦးဆီ ပျံဝဲလာသည်။

"ဟာ . . . "

ဘိုကြီး မျက်လုံးပြူးသွားရ၏။ တစ်ဆက်တည်းဆိုသလို ဝမ်းလည်း သာသွားသည်။ ဘဦး ခုန်နေပါပြီ။

"ဗိုး . . . ဒုတ်"

• • •

သူ အသက်ပြန်မရှင်လောက်သေးဘူးထင်၍ စမ်းသပ်ခုန်ကြည့်ခြင်း ဖြစ်နိုင်ပါသည်။ ဘာပဲဖြစ်ဖြစ် ဘိုကြီး အားတက်သွားရပါ၏။ စမ်းကြည့်ပြီးပြီဆိုတော့ ခုန်ခြင်းရဲ့ အရသာကို သိသွားလောက်ပြီ မဟုတ်ပါလား။

ဘဦး ပြန်ပေါ်လာတော့ ချက်ချင်းပဲ အနားကို ပြေးသွားလိုက်သည်။ ပြီးတော့ နံဘေးမှ ယှဉ်ပြေးပြီး ဘဦးအခြေအနေကို အကဲခတ်နေလိုက်သည်။ ထင်သည့်အတိုင်းပါပင် ကြာလာတော့ ဘဦးမှာ လိပ်ပြာမလုံသလို အမူအရာဖြင့် . . .



ငါ့နောက်ကို အကြောင်းမဲ့လိုက်နေတာတော့ မဟုတ်လောက်ဘူး ထင်တယ်နော်"

ဘဦးကို စူးစိုက်ကြည့်ပြီး စကားကို တစ်လုံးချင်း ဆိုလိုက်သည်။

"အရမ်းအရေးကြီးတဲ့ ကိစ္စတစ်ခုအတွက် ခင်ဗျားနဲ့ ဆွေးနွေးချင်လို့"

"ဘာကိစ္စလဲ"

"ကျွန်တော်တို့ ခံစားနေရတဲ့ ဒုက္ခတွေက လွတ်ကင်းရေးပေါ့ဗျာ"

အူကြောင်ကြောင် အကြည့်တစ်ခု ရောက်လာ၏။ ပြီးတော့ ဘိုကြီးဆက်ပြောမည့် စကားကို ငံ့လင့်နေသည်။

မပြော။

စိတ်ပညာ နံပါတ် (၂) သီအိုရီ။

သိချင်သည့်နေရာတွင် စကားကို ရပ်ထားပါ။



www.burmeseclassic.com

www.burmeseclassic.com

## XIV

လူ့ပြည်မှာဆိုလျှင်တော့ ဒီအချိန်သည် ကော်ဖီတစ်ခွက်၊ ဆေးလိပ်တစ်လိပ်ဖြင့် ယူနေရမည့် အချိန်ဖြစ်ပါသည်။ ကော်ဖီလေး တစ်ငုံ သောက်လိုက်၊ ဆေးလိပ်လေးတစ်ချက် ဖွာလိုက်နှင့် လောကစည်းစိမ်ကို အပြည့်အဝ ခံစားနေရမည့်အချိန်။ ယခု ငရဲပြည်မှာတော့ . . .

တင်းပုတ်ဒဏ်ကြောင့် ဘိုကြီး၏ လက်မောင်းတစ်ဖက်မှာ စိစိညက်ညက် ကြေနေပြီ။ ထိုမှ စိမ့်စီးကျလာသော သွေးတွေက ခန္ဓာကိုယ်နှင့် မြေပြင်တစ်ဝိုက်မှာ မြင်မကောင်း။ လူက သွေးမရှိတော့သယောင် ဖြူလျော် ဖျော့တော့နေပြီ။ ဒါပေမဲ့ ဘိုကြီး အံကြိတ်ထားဆဲ။

မနီးမဝေးအရပ်မှာလည်း ငရဲသားအချို့ လဲနေသည်။ ငရဲကျခံရသည့်အားလျော်စွာ သူသူကိုယ်ကိုယ် မြည်တမ်းညည်းညူနေကြပါ၏။ ထူးခြားသည်က ဘဦး။ သူသည်လည်း တင်းပုတ်ဒဏ်ကြောင့် မသေရုံတမည်သာလျှင် ကျန်တော့သည်။

ဒါပေမဲ့ တစ်ချက် မညည်းညူ။ မြားလှံငရဲမှ ငရဲသက်အနည်းဆုံးပုဂ္ဂိုလ်ဖြစ်သည့် အားလျော်စွာ ဆရာအထာရှိနေ၏။



ဒီညကို လော့ခ်တော်ရပါဦးမည်။

နှင်းမကျမချင်း၊ အရုဏ်မတက်မချင်း၊ မသေမချင်းပေါ့။

ဘိုကြီး အံကိုကြိတ်ကာ ဘဦးရှိရာကို လှမ်းကြည့်လိုက်သည်။ ဘဦးမှာ မြေပေါ်တွင် ဆန့်ဆန့်လဲနေပြီး အသက်ရှူမှန်ရန် မနည်းကြိုးကြိုးစားနေရပါ၏။ ယခုကဲ့သို့ ဘဦးနှင့်အတူ ရှိနေဖို့အရေး ခက်ခက်ခဲခဲ ကြိုးစားထားရခြင်းဖြစ်သည်။ ကြိုးစားမှုကိုတော့ အလဟဿ ဆုံးရှုံးမခံနိုင်။ ထို့ကြောင့် . . .

"ကိုဘဦး . . . "

အနီးအနားမှာ ကျန်ငရဲသားများလည်း ရှိသည်မို့ နှစ်ဦးတည်းကြားရုံလောက်သော လေသံဖြင့် လှမ်းခေါ်လိုက်သည်။ စိတ်ကိုတင်းထား ဝေဒနာကို ကြိုးစားအန်တုနေသည်မို့ သူခေါ်သံကို မကြား။ နောက်တစ်ကြိမ်ထပ်ခေါ်ကာမှ ဖြည်းညင်းစွာ လှည့်ကြည့်လာသည်။

"ကျွန်တော်တို့ ဒီအတိုင်း ငြိမ်နေလို့ မရတော့ဘူးထင်တယ်"

မောပန်းသောအကြည့်မှာ ရိဝေမှုတွေ စွန်းဖိတ်လာ၏။

"တစ်နေ့ကုန်လည်း ငရဲခံရတယ်။ အခုလည်း မသေမရှင်ဆဒနာတွေနဲ့ အရုဏ်မတက်မချင်း နေရဦးမယ်။ ကျွန်တော်တို့တွေအပေါ် အနိုင်ကျင့်လွန်းအားကြီးတယ်လို့ မထင်မိဘူးလားဗျာ"

ဘဦးက အသက်ကို ပါးစပ်ဟကာ ရှူသွင်းရင်း . . .

"ငါနဲ့ ဆွေးနွေးချင်တယ်ဆိုတာ အဲဒါလား"

"ဟုတ်တော့ဟုတ်တယ် . . . ဒါပေမဲ့ မဟုတ်သေးဘူး"

သူ့စကားကြောင့် ဘာကို နားလည်ရမှန်းမသိ ဖြစ်သွားပုံရသာ . . .

"အဲဒီကိစ္စအတွက်ဆိုရင်တော့ ကိုယ့်ပါးစပ်ကိုယ် ပိတ်ပြီး သက်သာသလို နေလိုက်တော့။ ဆွေးနွေးလို့ ဘာအကြောင်းမှ ထူးလာမှာမဟုတ်ဘူး။ ဒါဟာ ဒီငရဲရဲ့ ထုံးစံပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ကိုဘဦး၊ ထုံးစံဆိုတာ တရားသေကိုင်ဆွဲထားရမယ့်အရာ မဟုတ်ဘူးလေဗျာ။ ခေတ်၊ စနစ် အခြေအနေကို ကြည့်ပြီး ပြင်တန်တာပြင်၊ ညှိတန်တာညှိ လုပ်ရမယ့်အရာ။ ကျွန်တော်တို့မှာ အပြစ်ရှိလို့ အပြစ်ပေးတာ လက်ခံတယ်။ ဒါပေမဲ့ အပြစ်ပေးသူနဲ့ ခံယူသူ ညီမျှမှုရှိဖို့တော့ လိုတာပေါ့"

ငြိမ်သက်စွာ နားထောင်နေရာမှ ဘဦးက တစ်ခွန်းထမေးသည်။

"မင်း ဘာကို ဆိုလိုတာလဲ"

ဘိုကြီး အံကိုကြိတ်လိုက်သည်။ ပြီးတော့ . . .

"ကျွန်တော်တို့ရသင့်တဲ့ အခွင့်အရေးအတွက် ကျွန်တော်တို့ ကိုယ်တိုင် တောင်းဆိုရလိမ့်မယ်"

"ဟေ . . ."

"ဟုတ်တယ် . . . ဒီအတိုင်း ငြိမ်နေလို့ကတော့ ဘာအခွင့်အရေးမှ ရလာမှာ မဟုတ်ဘူး"

ဘဦးတစ်ယောက် ကြောင်အန်းကာ သွားလေပြီ။ အလျင်စလိုလေသံဖြင့် . . .

"ဘာ . . . ဘာအခွင့်အရေးလဲ။ ငါတို့က ဘယ်သူ့ဆီက တောင်းရမှာလဲ"

"ယမမင်းဆီက"

ပြူးကျယ်သွားသော မျက်လုံးအစုံကို မသိကျိုးကျွံပြုရင်း . . .

"ခင်ဗျားက ဒီ မြား၊ လှံ ငရဲမှာ ငရဲသက်အကြာဆုံးလို့ ပြောသံကြားတယ် . . . ဟုတ်လား"

"ဟုတ်တယ်လေ"

"အဲလိုဆို ခင်ဗျားကို တစ်ခုလောက် မေးကြည့်ဦးမယ်။ ယမမင်းက ဒီငရဲကြီးတစ်ခုလုံးကို ဘာစနစ်နဲ့ အုပ်ချုပ်နေလဲ . . . သိလား"

"မသိဘူး"



ဘိုကြီး ဟက်ခနဲရယ်လိုက်၏။

"မသိရင် . . . မှတ်ထား၊ အာဏာရှင်စနစ်နဲ့"

"အာဏာရှင်စနစ်"

မကြားဖူးသော စကားတစ်ခွန်းလို ဘဦးက နှုတ်မှ လိုက်ရွတ်ကြည့်သည်။ ပြီးတော့ . . .

"တစ်ခါမှ မကြားဖူးဘူး"

"ဘယ်ကြားဖူးမလဲ . . . ခင်ဗျားတို့က မျက်စိတွေ၊ နားတွေ ပိတ်ထားတာကိုး။ လူ့ပြည်မှာတော့ အာဏာရှင်စနစ်ကို ဘယ်သူမှ လက်မခံကြတော့ဘူးဗျ။ ဒီမှာတော့ သူတို့စနစ်က တော်တော်အခြေခိုင်နေပြီ။ ဦးဆောင်တော်လှန်မယ့်သူ မရှိတာလည်း ပါတာပေါ့လေ။ ကျွန်တော် ခင်ဗျားနဲ့ ဆွေးနွေးချင်တယ်ဆိုတာ အဲဒါပဲ"

အသက်ပင် မှန်ရန် မနည်းရှူနေရသော ဘဦး ဆတ်ခနဲ ထထိုင်လာသည်။

"မင်း . . . မင်းက တော်လှန်ရေးလုပ်မလို့လား"

ကြောက်လန့်တကြားဖြင့် စကားတွေပင် ထစ်လာရကာ . . .

"မဟုတ်ပါဘူးဗျာ . . . အဲလောက်ထိလုပ်ဖို့ မလိုပါဘူး။ လုပ်လည်း မလုပ်နိုင်ဘူး။ တော်လှန်ဖို့ဆိုတာက ကျွန်တော်တို့မှာ အချိန်လိုတယ်၊ အင်အားလိုတယ်။ အခု ကျွန်တော်တို့ ရသင့်ရထိုက်တာလေးတွေ တောင်းဆိုကြည့်ရုံပါ"

စိတ်အေးသလို 'ဘုန်း' ခနဲ ပြန်လှဲကျသွားသည်။ ပြီး . . .

"မင်းက ဘာတွေတောင်းချင်လို့လဲ"

"အခုလို ညအချိန်တွေ ကျွန်တော်တို့အတွက် လွတ်လပ်ခွင့်၊ တစ်နေ့လုံးလည်း ငရဲခံထားရတယ်ဗျာ၊ ညဘက်တွေမှာတော့ သူ့သူ ကိုယ်ကိုယ် နားချင်တာပေါ့။ အခု ကျွန်တော်တို့ဟာက ညလည်း မသေမရှင်ဒဏ်ရာတန်းလန်းနဲ့ ဆက်ခံရတယ်။ အဲဒါက မဟုတ်သေးဘူး။ ဒီအခွင့်အရေးကို အရင်ဆုံး ရအောင်တောင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုတောင်းမှာလဲ"

"အဲဒါတွေက အဆင်သင့် ကျွန်တော့်မှာ ရှိပြီးသား။ အဓိကက လူညီဖို့ပဲ"

ဘဦး ငြိမ်နေပါသည်။ ပြီးတော့ . . .

"ဒါပဲလား"

"ကျန်သေးတယ်။ ဒုတိယတစ်ခုက ကျွန်တော်တို့ကို လက်နက်တစ်မျိုးနဲ့ တစ်ကြိမ်သာ စီရင်ခွင့်၊ မြားဖြစ်ဖြစ်၊ လှံဖြစ်ဖြစ်၊ တင်းပုတ်ဖြစ်ဖြစ် တစ်ကြိမ်မှာ တစ်မျိုးတည်းနဲ့ပဲ ကျွန်တော်တို့ကို စီရင်ရမယ်။ ရှေ့တစ်မျိုးနဲ့ မသေလို့ နောက်တစ်မျိုးနဲ့ လက်စတုန်းတာမျိုး မလိုချင်ဘူး။ နောက်တစ်ခုကတော့ ကျွန်တော်တို့ကို စီရင်မယ့်လက်နက်ကို ကျွန်တော်တို့ကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်ခွင့်"

ဘဦး၏ မျက်လုံးနှစ်ဖက် မြင့်တက်သွားသည်။

"ဒါလည်း အရေးကြီးတယ်။ ကျွန်တော်ဆို မြား၊ တင်းပုတ်နဲ့ သေရတာကို မကြိုက်ဘူး။ လှံနဲ့သေရတာ သဘောကျတယ်။ ဒါကို သူတို့ဘက်က နားလည်ပေးဖို့ လိုတယ်"

ဘဦးမှာ တခွီးခွီး ရယ်တော့၏။ ဒဏ်ရာကို သတိရပုံမပေါ်တော့။

"မဖြစ်နိုင်တာတွေကွာ"

"မလုပ်ရသေးဘဲနဲ့ မဖြစ်နိုင်ဘူး မပြောနဲ့ ကိုဘဦး၊ လူ့ပြည်မှာတောင် ဖြစ်သေးတာ ဒီမှာလည်း ဘာလို့ မဖြစ်ရမှာလဲ"

သူ အနည်းငယ် တင်းသွားကြောင်း သဘောပေါက်ကာ ဘဦးက ဆက်မရယ်ဘဲ အရယ်ကို ရပ်လိုက်ပါသည်။ နောက်ပြီး ရယ်ချင်စိတ်ကို မနည်းထိန်းထားရသော ပုံစံမျိုးနဲ့ . . .

"ကဲ . . . ဟုတ်ပါပြီ။ မင်းပြောတဲ့ အခွင့်အရေးတွေ ငါတို့တောင်းကြပါမြီတဲ့။ ဘယ်ကဘယ်လို စတောင်းမှာလဲ"



ဘိုကြီး သက်ပြင်းကို ချလိုက်၏။ လူ့ပြည်နဲ့ နှစ်ပေါင်းရာချီအောင် အလှမ်းဝေးနေသူဖြစ်သည်ကြောင့် သူ့ဘက်က သေချာနားလည်းအောင် ရှင်းပြဖို့တော့ လိုပါသည်။ အပြစ်မမြင်ပါ။ ဘဦး လူ့ပြည်ရှိစဉ်က ဖြတ်သန်းခဲ့ရသော လူ့အဖွဲ့အစည်းနဲ့ သူဖြတ်သန်းလာခဲ့သည့် လူ့အဖွဲ့အစည်းက လွန်စွာ ကွဲလွဲနေလိမ့်မည် မဟုတ်ပါလား။

"ကိုယ်လိုချင်တာတွ တောင်းဖို့အတွက် လူ့ပြည်မှာ အလွယ်ဆုံးနည်းလမ်းကတော့ ဆိုင်းဘုတ်ကိုင်ပြီး လမ်းလျှောက်တာပဲ"

"ဟေ . . ."

"ဒီလိုဗျာ . . . ကိုယ်တောင်းဆိုချင်တဲ့ အချက်တွေကို ဆိုင်းဘုတ်မှာ ရေးတယ်။ ပြီးရင် လူစုပြီး လမ်းမထွက် လမ်းလျှောက်တယ်။ တစ်နည်းအားဖြင့် ပြောရရင်တော့ ဆန္ဒပြတယ်ပေါ့ဗျာ။ မဆူပူဘူး။ အကြမ်းမဖက်ဘူး။ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်တာပေါ့။ အဲလိုမှ မရရင် နေရာတစ်ခုသတ်မှတ်ပြီး အထိုင်သပိတ်လုပ်တယ်။ အဲမှာပဲ အိပ်၊ အဲမှာပဲ စား၊ တောင်းဆိုတာတွေကို လိုက်လျောမပေးမချင်း နေရာကနေ တစ်ဖဝါးမှ မခွာဘူး။ အထိုင်သပိတ်နဲ့မှ မထူးရင်တော့ တတိယအဆင့် အစာငတ်ခံတာပဲ"

ဘဦးမှာ သူ့ပြောစကားတို့အား တစ်ခွန်းမှ နားမလည်ဘဲ အူကြောင်ကြောင်ဖြင့် ရှိနေပါ၏။ နားမလည်သူကို ရှင်းပြရန်မှာ သူ့တာဝန်ဖြစ်သည်မို့ . . .

"ဒီမှာကတော့ ကိုင်စရာ ဆိုင်းဘုတ်မရှိဘူး။ အစာငတ်ခံရအောင်လည်း အရင်ကတည်းက ထမင်းကျွေးထားတာ မဟုတ်တော့ လိုချင်တာတွေရရှိဖို့ အထိုင်သပိတ်နည်းကိုပဲ သုံးရလိမ့်မယ်။ သူတို့ ငရဲထိန်းတွေနဲ့ အနီးဆုံးနေရာတစ်ခု သတ်မှတ်မယ်ဗျာ။ ပြီးရင် အဲမှာထိုင်ပြီး လိုချင်တာတွေ ပါးစပ်နဲ့ တောင်းကြမယ်"



www.burmeseclassic.com

www.burmeseclassic.com

အကြောင်ကြောင် အနေအထားမှ ဘဦး စိတ်ညစ်ဟန်တွေ ပေါ်လာသည်။ ခေါင်းကိုကုတ်ရင်း . . .

"မင်းတို့ အဲလိုတောင်းကြတော့ သူတို့ကရော ပေးလား"

"လွယ်လွယ်နဲ့တော့ ဘယ်ပေးမလဲ။ ပေးတဲ့အခါလည်း ပေးတယ်၊ မပေးတဲ့အခါတော့လည်း ရယ်ရတယ်"

"ဘယ်လို ရယ်ရတာလဲ"

"သူတို့တွေရဲ့ ပါးစပ်က တကယ့်သမိုင်းဝင်စကားတွေ ထွက်လာတတ်လို့"

"ဘာတွေများလဲကွ"

"ဩော် . . . စစ်တပ်ဆိုတာ သေနတ်ကို မိုးပေါ်ထောင်မပစ်ဘူးတို့၊ တုတ်တုတ်ချင်း၊ ဓားဓားချင်းတို့ပေါ့ဗျာ။ ဒီဘက်ခေတ်လူတွေကျတော့ စကားတွေက ပိုပြီး ဂန္ထဝင်မြောက်လာတယ်။ လယ်သမားတွေ နောက်ဘဝ ဝဋ်ကြွေးမပါအောင် ထမင်းတစ်နပ်လျှော့စားပါတို့၊ မီးလာချင် ဘုရားမှာ ဆုတောင်းတို့၊ နိုင်ငံရေးသမားတွေ ဘာတွေ မသိဘူး၊ တစ်နိုင်ငံလုံး ပတ်ပြီး ပါးလှည့်ရိုက်ရဲတယ်တို့၊ မြန်မာနိုင်ငံသားတွေ တစ်နေ့ ပိုက်ဆံနှစ်ထောင်နဲ့ လောက်ပါတယ်တို့ပေါ့ဗျာ။ ကဲ . . . ဘယ်လောက် ရယ်ဖို့ကောင်းလဲ"

ဒဏ်ရာကို မေ့ကာ ဘိုကြီး တဟားဟား အော်ရယ်မိပါသည်။ ဘဦးကတော့ လက်တွေ့ကြုံဖူးသူ မဟုတ်သည်မို့ ရယ်ရကောင်းမှန်း မသိ။ ထို့ကြောင့် နားလည်လွယ်အောင် အမှားနှင့် အမှန်ကို ဆက်ခွဲပြရသည်။

"အဓိကကတော့ အရည်အချင်းပဲ။ ရွေးကောက်ခံရလို့ အမတ်ဖြစ်လာပြီဆိုရင် သူ့ကို လေးစားကြမှာပဲ။ အရည်အချင်းရှိမှ လေးစားရမယ်လို့ မဆိုလိုဘူး။ သူတာဝန်ယူမယ့် ဌာနမှာ ကျွမ်းကျင်ဝန်ထမ်းတွေ ရှိနေပြီးသားမို့ သူ့အရည်ချင်းက ဗလာဖြစ်နေဦး အုပ်ချုပ်ရေးယန္တရားက ရပ်သွားမှာ မဟုတ်ဘူး။



အဲ . . . ဒါပေမဲ့ တိုင်းပြည်က အကျိုးခံစားရပုံချင်းတော့ မတူတော့ဘူး။ တစ်ကျပ်ဖိုးပဲ အရည်အချင်းရှိတဲ့လူကို ဝန်ကြီးခန့်ရင် တိုင်းပြည်က တစ်ကျပ်ဖိုးပဲ အကျိုးခံစားရမယ်။ တစ်ရာဖိုး အရည်အချင်းရှိသူကို ဝန်ကြီးခန့်ရင်တော့ တစ်ရာဖိုး အကျိုးခံစားရမယ်။ အဲဒီမှာ ကွာသွားတာ။

အဓိကက ကိုယ်တာဝန်ယူမယ့် လုပ်ငန်းဌာနနဲ့ ပတ်သက်ပြီး လိုအပ်တဲ့ ဗဟုသုတ၊ ပညာဉာဏ်ကြီးမြင့်မှု၊ ကျွမ်း ကျင်မှု၊ အဲဒါတွေ ရှိထားဖို့ လိုတယ်။ တစ်နှစ်ကို စာတစ်အုပ်မဖတ်တဲ့ လူက ပညာရေးဝန်ကြီး လုပ်ချင်လို့ မရဘူး။ ဘောလုံးပွဲလောက် ကြည့်တတ်တဲ့လူက ပြန်ကြားရေးဝန်ကြီး တက်လုပ်လို့ မရဘူး"

ထိုစကားနောက်မှာ ဘဦး မျက်မှောက်ကြုတ်သွားပြီး . . .

"မင်း ဘယ်သူ့ကို ပြောချင်တာလဲ"

"ခမိန်သူကို ပြောချင်တာ။ ကျွန်တော့်ကိုပဲ ကြည့်။ အပြစ်မရှိဘဲနဲ့ ဒီမှာ လာငရဲခံနေရတယ်။ တကယ်ဆို ဒီကိစ္စ သူ့မှာ တာဝန်ရှိတယ်။ မှားတယ်၊ မှန်တယ် သူ ပြတ်ပြတ်သားသား ဆုံးဖြတ်ပေးရမှာ။ အဲလောက်လေးတောင် မလုပ်နိုင်တဲ့လူက အကြံပေးဝင်လုပ်နေတော့ သွားပြီပေါ့ဗျာ"

ဒီတစ်ချီတော့ ဘဦး စိတ်ဝင်စားသွားလေပြီ။

"ဘာဖြစ်တယ်။ အပြစ်မရှိဘဲနဲ့ ဒီမှာ လာငရဲခံနေရတယ် . . . ဟုတ်လား"

ဘိုကြီး ဟက်ခနဲ ရယ်လိုက်ကာ . . .

"အဟုတ်ပေါ့ဗျာ"

ထို့နောက် ဤငရဲပြည်သို့ ရောက်ရှိလာသော အစအကြောင်းစုံကို ဇာတ်ထုပ်ခင်းလိုက်ပါသည်။ အဆို၊ အငို မပါပေမဲ့ ဝမ်းနည်းဖွယ်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းအောင်တော့ ဘိုကြီး ခင်းပြလိုက်သည်။ ဇာတ်သိမ်းနိုးတော့ မျက်ရည်ပင် ဝဲပြလိုက်သေး၏။ လွန်စွာ ဆို့နင့်ကြေကွဲ ခံစားနေရသည့်သဘော။ အဆုံးသတ်မှာတော့ . . .

“ခင်ဗျားပဲ စဉ်းစားပါ . . . ကိုဘဦး၊ အဲဒီကိစ္စမှာ ဘယ်သူက မှားပြီး ဘယ်သူက မှန်တာလဲ”

ဘဦးဆီမှ အဖြေ ထွက်မလာတော့ချေ။ အရင်လို ခနဲ့တဲ့တဲ့၊ အထင်မကြီးသော ပုံစံများလည်း မမြင်ရတော့ပါ။

“မတရားခံရတာက ကျွန်တော်တစ်ယောက်တည်းပါ။ ဒါပေမဲ့ အခုလုပ်မယ့်ကိစ္စတွေအားလုံးက ကျွန်တော်တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး . . . အားလုံးအတွက်ပါ”

ဘဦး ငြိမ်သွားလေပြီ။ အခြေအနေကို အကဲခတ်နေသူတစ်ဦးဖြစ်သည်မို့ . . .

“ဆိုရိုးစကား တစ်ခုရှိတယ်ဗျ။ လူအချို့ကို အမြဲလိမ်၍ရမည်။ လူအများကို အချို့အချိန်ကာလ လိမ်၍ရမည်။ လူအားလုံးကို အမြဲလိမ်၍မရတဲ့။ ယမမင်းနဲ့ အပေါင်းပါတစ်စုက ခင်ဗျားတို့ အကုန်လုံးကို အမြဲ လိမ်လာခဲ့တာ။ ဒါပေမဲ့ အခု မရတော့ဘူး။ ကျွန်တော် ရောက်လာပြီး ငရဲသားတစ်ယောက် ရသင့်ရထိုက်တဲ့ အခွင့်အရေးအတွက် ငြိမ်းချမ်းစွာ တောင်းဆိုတော့မယ်”

“ဖြစ်ပါ့မလားကွာ”

“ဖြစ်ပါ့မလားလို့ တွေးမိရင် ကိုလံဘတ်ဟာ အမေရိကတိုက်ကြီးကို ရှာတွေ့မှာမဟုတ်ဘူး။ နပိုလီယံဟာ တိုက်ပွဲတွေ အကြိမ်ကြိမ် အောင်နိုင်ခဲ့မှာ မဟုတ်ဘူး။ အဲတော့ ဖြစ်ကိုဖြစ်ရမယ်”

ဘဦးတစ်ယောက် နှုတ်ခမ်းကိုက်ပြီး တစ်နေရာ ငေးသွားသည်ကို မြင်ရလေသည်။

“ထောင်ကျတဲ့ အကျဉ်းသားတစ်ယောက်မှာတောင် လိုအပ်တဲ့ ရပိုင်ခွင့်တွေ၊ လွတ်လပ်ခွင့်တွေ ရှိသေးတာပဲလေ”



ဘိုကြီး သက်ပြင်းလေးလေးကို ချလိုက်ပါသည်။ အေးစက်နေသော အခြေအနေကို အကောင်းဆုံး ပြီးဆုံးစေရတော့မည်ဖြစ်ကြောင်း နားလည်လိုက်သည်။ ဒီအတိုင်း ကြာနေလို့ မဖြစ်။ တိုက်ပွဲတစ်ပွဲ၏ အနိုင်အရှုံးသည် အခြေအနေနှင့် အချိန်ခါ တွက်တတ်ခြင်းပေါ်တွင်လည်း မူတည်နေသည်ဖြစ်ရကား . . .

“အဲတော့ ဒီလိုလုပ် . . . ။ ကျွန်တော့်ကို လူစုပေး။ သူတို့ကို ကျွန်တော် တစ်ည စနည်းနာမယ်။ အဲဒီက ထွက်လာတဲ့အဖြေကို ကြည့်ပြီးတော့မှ လုပ်သင့်၊ မလုပ်သင့် ခင်ဗျားဆုံးဖြတ်ပေါ့။ ဘယ်လိုလဲ”

အချိန်အကြာကြီး ငြိမ်သွားပြန်လေသည်။ ပြီးတော့ ချီတုံချတုံ အမူအရာဖြင့် မပွင့်တစ်ပွင့် ဆိုလာ၏။

“အဲလိုတော့ ဖြစ်ပါတယ်”

* * *



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ညမှာပင် ဘိုး၏ အရှိန်အဝါကို
သိလိုက်ရသည်။ ဒဏ်ရာရ ငရဲသားများအားလုံး၊
မြားတန်းလန်း၊ လှံတန်းလန်း၊ သွေးတန်းလန်းတွေနဲ့
နေရာတစ်ခုမှာ စုဝေးရောက်ရှိနေကြပါသည်။
ဘိုကြီး၏ စည်းရုံးဟောပြောမှုကို နားယူရန်အတွက်
ဘိုးက ဆောင်ကြဉ်းပေးထားခြင်းဖြစ်၏။
ဟောပြောပုံနည်းစနစ်ကိုတော့ မေးခွန်းများမေး၍ သူ့နောက်
လိုက်လာစေခြင်းဖြင့် စည်းရုံးသည်။ ဒါပေမဲ့ လူများသည်ကြောင့်
အကြားမှိုင်းဖုံးရ၏။ မျက်စိပိတ်၊ နားပိတ်ခံထားရသူများ
ဖြစ်သည့်အားလျော်စွာ သူ့ဟောပြောမှုများကို
ပထမ နားမလည်ကြ။
အကြိမ်ကြိမ် ရှင်းပြမှ ဖြေးဖြေး နားလည်လာသည်။
ထိုနောက်မှာ ပွဲက ပိုမြိုင်ဆိုင်သွား၏။ လုပ်ငန်းစဉ်နှင့်
ပတ်သက်ပြီး နားမလည်သူများက တစ်ဦးပြီးတစ်ဦး
ထမေး။ သူကလည်း တစ်ခွန်းချင်း ပြန်ရှင်းပြနှင့်
အရုဏ်တက်ကာနီးမှ ပွဲက ပြီးဆုံးသည်။

ရရှိသည့် အဖြေမှာကား . . .

# XV

ညဟုပင် ဆိုရပါမည်။ ဒါပေမဲ့ ညနှင့်မတူသောအရာများ ရှိနေသည်။ အထူးသဖြင့် ညဟူသည် အေးချမ်းမှုကို ဆောင်ကြဉ်းပေးပါသည်။ အိပ်စက်အနားယူမှုကို သူနှင့်အတူ ယူဆောင်လာပါသည်။ ယခုထိုသို့မဟုတ်၊ ညသည် ပူလောင်ကာ နေပါ၏။

ပြင်ပအပူထက် ရင်တွင်းအပူများက သူတို့၏စိတ်နှင့် ခန္ဓာကိုယ်ကို ဝိုင်း၍ ပင်ပန်းနွမ်းနယ်စေသည်။

ဘိုကြီးဦးဆောင်သော ငရဲသားများမှာ တစ်ယောက်လက်တစ်ယောက် ကိုင်ပြီး ငြိမ်သက်စွာ ထိုင်နေသည်ကို မြင်ရပါ၏။ မျက်လုံးကို မှိတ်ပြီး ဆုတောင်းတစ်ခုကို စိတ်တွင်းမှ ရွတ်ဆိုနေကြသည်။ ရှေ့လျှောက် ကြုံတွေ့ရင်ဆိုင်ရမည့် အခက်အခဲများအတွက် အန္တရာယ်ကင်းပါစေကြောင်း ဆုတောင်းသမှု ပြုနေကြတာပါ။

ငရဲသမိုင်းအတွက် မှတ်တမ်းဝင်စေမည့် ညတစ်ညသည်ကား မကြာမီ ရောက်လာတော့မည် မဟုတ်ပါလား။

ဆုတောင်းမှုဆုံးတော့ ဘိုကြီး စကားသံ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . သွားကြရအောင်"

"ဘယ်ကိုလဲ"

"ငရဲတံခါးဝကိုလေ"

"ဟေ . . . "

*ဘဦး ကြောက်သွားပြီး အလျင်စလို အမူအရာဖြင့် . . .*

"ဘာနဲ့ သွားမှာလဲ"

"ဒီအတိုင်းပဲ လမ်းလျှောက်သွားမှာပေါ့"

"ဟာ . . . မဖြစ်နိုင်တာ"

ဘဦး နောက်တွန့်သွားသည်။ ကပ်လျက်ရှိနေသော ငွတိုက အားကျမခံ။

"သွေးထွက်လွန်လို့ မျက်ဖြူတောင် ဆိုက်နေပြီ၊ ဘယ်လိုသွားလို့ ဖြစ်မှာလဲ"

ငွတိုမှစပြီး မဖြစ်နိုင်ကြောင်း ကန့်ကွက်သံတွေ တစ်သီကြီး ထွက်ပေါ်လာပါ၏။ ဒဏ်ရာကိုယ်စီရထားသူများ ဖြစ်သည်မို့ သွားရန် မဖြစ်နိုင်ကြောင်း ဝိုင်းဝန်းကန့်ကွက်ကြခြင်းဖြစ်သည်။ ဘိုကြီးကိုယ်တိုင် လည်း ပခုံး၊ ကျောနှင့် ခါးတို့မှာ မြားသုံးချောင်း စိုက်ဝင်ထားပါသည်။ ဒါပေမဲ့ . . .

"ခင်ဗျားတို့ ဘယ်လိုမှ မဖြစ်နိုင်တော့တာလား"

"ဘယ်လိုမှကို မဖြစ်နိုင်တော့တာ"

တစ်သံတည်း ထွက်လာသည်။

"ဟုတ်ပြီ . . . အဲဒါဆို မေးခွန်းနည်းနည်းလောက် မေးကြည့် ရအောင်"

"လုပ်ပြန်ပြီဟ . . . လာပြန်ပြီမေးခွန်း"

"ညကလည်း တစ်ညလုံး မေးပြီးသွားပြီ၊ မဝသေးဘူးလား မသိဘူး"



စသော မကြားတကြားအသံများကို ကြားရသည်။ ဘိုကြီး မသိ ကျိုးကျွံပြုရင်း . . .

"ခင်ဗျားတို့ . . . ဒီ မြား၊ လှံ၊ လက်နက်တွေရဲ့ နှိပ်စက်မှုကို ခံနေရလား"

"ခံရတယ်"

"နာရောနာလား"

"နာတာပေါ့"

"အဲဒီနာတဲ့ အရသာကို ခင်ဗျားတို့ နှစ်သက်လား"

"မနှစ်သက်ဘူး"

"မနှစ်သက်ရင် ဘာလို့ မနာအောင် မကြိုးစားကြတာလဲ"

ဦးဆောင်ဖြေကြားနေသူ အပါအဝင် နောက်လိုက်နောက်ပါတွေ အကုန်လုံး ငြိမ်သွား၏။ ဘိုကြီး နောက်ထပ်မေးခွန်းတွေကို ဆက်မေး သည်။

"ကဲ . . . ထားပါတော့၊ အခု ကျွန်တော်တို့ ငရဲတံခါးဝကို သွားရင် ဘာဖြစ်မလဲ"

ပေါင်နှစ်ချောင်း မြားစိုက်နေသော ပုဂ္ဂိုလ်က ချက်ချင်းထဖြေ သည်။

"လက်ရှိနာနေတာထက် အဆပေါင်းများစွာ ပိုနာမှာပေါ့"

"နာရုံ ဘယ်ကမလဲ၊ ဒီဝေဒနာတွေကြောင့် ကျွန်တော်တို့ စိတ်ဓာတ်တွေပါ ပျက်စီးသွားနိုင်တယ်။ ဟုတ်တယ်မလား"

အဖြေမှာ သံပြိုင်ထွက်လာ၏။

"ဟုတ်တယ်"

အကုန်လုံးကို ဝေ့ကြည့်ရင်း ဘိုကြီး စကားကိုဆက်သည်။

"ဒါပေမဲ့ သေချာတာတစ်ခုက ဘယ်လောက်ပဲနာနာ ခင်ဗျား တို့ အရဏ်မတက်မချင်း သေလို့မရဘူး။ အဲဒါကိုရော ခင်ဗျားတို့ လက်ခံ လား"



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သွားကြ၏။ ပြီးတော့ မညိတ်ချင်ညိတ်ချင်ဖြင့် ခေါင်းတွေ ညိတ်လာသည်။

"နာတာတော့ နာမှာပဲ။ ဒီမှာ ထိုင်နေလည်း နာမှာပဲ၊ ထသွားလည်း နာမှာပဲ။ ဒါပေမဲ့ ဘယ်လောက်နာနာ သေလို့မှ မရတာ။ ဒါကို ဘာလို့ ခင်ဗျားတို့ မစွန့်စားရဲကြတာလဲ။ တစ်ညနဲ့ တစ်ဘဝကို ဘာလို့ မလဲရဲကြတာလဲ"

အကုန်လုံး ငြိမ်သွားသည်။ အသံများ ထပ်ကြားရဦးမလဲ စကားမဆက်ဘဲ ငြိမ်ကာ နားထောင်နေလိုက်သေး၏။ ဘာမှ ထပ်ထွက်မလာတော့မှ . . .

"ကျွန်တော်လည်း ဒဏ်ရာရထားတာပါပဲ။ ကျွန်တော်လည်း နာတာပါပဲ။ ဒါပေမဲ့ ဒီနာကျင်မှုတွေကို နှစ်တွေအကြာကြီး ထပ်မခံနိုင်ဘူး။ အဲတော့ . . . ကျွန်တော် တိုက်မယ်။ ဘယ်သူမှမပါလည်း ကျွန်တော်တစ်ယောက်တည်း သွားမယ်။ ကိစ္စမရှိဘူး . . . သရဲဘောမကြောင်ဘူး"

ပြီးတော့ အားလုံးကို ဝေ့ကြည့်ကာ နောက်ဆုံးစကားတစ်ခွန်း ဖြုတ်ချလိုက်ပါသည်။

"တစ်ခုတော့ ပြောခဲ့မယ် . . . ကိုယ်တိုင်ဝင်မတိုက်ဘဲ ရတဲ့အောင်ပွဲဟာ ဘယ်တော့မှ ကိုယ့်အောင်ပွဲမဟုတ်ဘူး။ ဒါကို ခင်ဗျားတို့ မြဲမြဲမှတ်ထားပါ"

စကားဆုံးတော့ ဘိုကြီး ကုန်းထလိုက်သည်။ ကျောပြင်မှ ရှုးအောင့်သော ဝေဒနာကို ခံစားရ၏။ မှုမနေတော့၊ မည်မျှပင်နာနာ အရှုံးမတက်မချင်း သေလို့မရသော အမှန်တရားတစ်ခုကို သိနေပြီးခဲ့ပြီ မဟုတ်ပါလား။

ခဲရာခဲဆစ်ဖြင့် ခြေနှစ်ချောင်းပေါ် မတ်မတ်ရပ်ပြီးနောက်မှာ ခြေလှမ်းကို စသည်။

တစ်လှမ်း . . .



နှစ်လှမ်း . . .

သုံးလှမ်း မပြည့်လိုက် . . .

"နေဦး"

နောက်ကို လှည့်ကြည့်တော့ မြေပေါ်လက်ထောက်လို့ ဘဦး ကုန်းထလာသည်။

"ငါလည်း လိုက်မယ်"

ပြီးတော့ ဝတို . . .

"ကျွန်တော်လည်း ကိုယ်တိုင် ဝင်တိုက်မယ်ဗျာ"

ပြီးပြီပေါ့ . . .

ဘဦးပင်ထမှတော့ ကျန်သူအားလုံးသည်လည်း . . .

• • •

တော်လှန်ရေးသီချင်းတော့ မဆိုကြပါ။ သီချင်းဆိုနိုင်လောက်အောင်လည်း သူတို့မှာ ကျန်းမာရေးမကောင်း။ ဒါပေမဲ့ ငရဲတံခါးဝကိုတော့ မျှော်လင့်ချက်ပါသော ခြေလှမ်းတွေနှင့် လှမ်းနေကြသည်။

ဦးဆောင်သူ ဘိုကြီး။ နောက်လိုက်တွေက ဘဦး၊ ဝတိုနှင့် မြား၊ လုံ ငရဲမှ ငရဲသားများ။ မြား၊ လုံတွေ စိုက်ဝင်ထားရုံမဟုတ်။ တချို့တွေဆို တင်းပုတ်ကြောင့် သွေးထွက်လွန်ပြီး မျော့ခွေကာနေပြီ။ ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦး ဖေးကူလက်တွဲကာ လျှောက်လာကြသည်။

အံကြိတ်သူကြိတ်၊ ညည်းသူက ညည်း၊ အော်သူက အော်။ ဒါပေမဲ့ သူတို့ရင်ထဲမှာ မျှော်လင့်ချက်တွေက အပြည့်။ ဒဏ်ရာပြင်းပြင်းရထားသူတွေပါသည်မို့ ဖြည်းဖြည်းမှန်မှန်သာ လျှောက်လှမ်းလာကြပါသည်။ လမ်းတစ်လျှောက်တွင်လည်း လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး တိုးတိုးတိတ်တိတ် တိုင်ပင်ကာလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့် လျှောက်လာလိုက်ကာ အချိန်တစ်ခုကြာပြီး သွားချိန်မှာတော့ . . .

အားလုံး၏ မျှော်လင့်ချက်ဖြစ်သော ငရဲတံခါးဝသို့ ရောက်ရှိကာ လာပါတော့၏။

မြင့်မားသော သံတိုင်ကြီးများဖြင့် ကာရံထားပြီး တစ်ဖက်ခြမ်းမှာ အစောင့်နှစ်ဦး အိပ်ပျော်နေသည်။ အခြေအနေကို အကဲခတ်က တံခါးနှင့် နီးနိုင်သမျှ နီးအောင်၊ သူတို့တွေ တိုးသွားလိုက်သည်။ ပတ်ဝန်းကျင်ကို မျက်စိကစားတော့ ခပ်လှမ်းလှမ်းတွင် တောင်ကုန်းလေးတစ်ခုကို မြင်ရပါ၏။

ဘိုကြီး ဝမ်းသာသွား၏။ တရားဟောစင်တော့ တွေ့လေပြီ။ လူ့ပြည်မှာလည်း ဒီလိုအခြေအနေမျိုးဆိုလျှင် ခေါင်းဆောင်လုပ်သူက စင်ပေါ်တက် တရားဟောရသည်ဖြစ်ရာ . . .

ဝမ်းသာအားရဖြင့် တောင်ကုန်းလေးပေါ်သို့ ဘိုကြီး ပြေးတက်သွားလိုက်၏။ လမ်းတစ်လျှောက် တိုင်ပင်လာခဲ့သည်မို့ ဘဦးနှင့်ဗွတို့လည်း သဘောပေါက်ကာ တောင်ကုန်းလေးအခြေ၌ ဘိုကြီးတရားကို နားထောင်ရန် နေရာယူသည်။

ကုန်းပေါ်မှနေ၍ ပရိသတ်များကို ဘိုကြီး စီးမိုးကြည့်လိုက်ပါသည်။ အင်အားက နည်းတော့မနည်း။ လူညီလျှင်တော့ ယမမင်း တုန်လှုပ်သွားနိုင်ပါသည်။ နေရာယူပြီးသွားစဉ်မှာတော့ . . .

တစ်ချိန်မှာ နောင်လာနောက်သားတွေ တသသ ခံစားနားစင်ရမည့် ရဲရဲတောက်မိန့်ခွန်းကြီးကို ဘိုကြီး စတင်လိုက်ပါတော့သည်။

"အဟမ်း . . . အဟမ်း . . . "

ယမမင်းကြီးသိစေ၊ ကြားပါစေသော် . . .



# XVI

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . "

လက်ခုပ်သုံးချက်ကို အရင်ဆုံး တီးလိုက်သည်။ ကြိုတင်ဓာတ်တိုက်ထားသည့်အတွက် လက်ခုပ်သံကြားတော့ အားလုံးမှာ မီးကို ရေဖြင့် ငြိမ်းလိုက်သလို ရှဲခနဲ ငြိမ်၏။ Ray Ban မျက်မှန်တော့ တပ်မထား။ ဒါပေမဲ့ လူ့ပြည်တွင် အကြိမ်ကြိမ် မြင်ဖူးနေသည့် အိုက်တင်များကို ဖမ်းကာ . . .

"အရင်ဆုံး (State) ဆိုတဲ့စကားကို ကျွန်တော် စရှင်းပါ့မယ်။ မြန်မာလို ပြန်ရရင်တော့ (State)ဆိုတာဟာ တိုင်းပြည်ပေါ့။ လူတွေအတွက်တော့ (State) ဟာ လူ့ပြည်၊ ငရဲသားတွေအတွက်တော့ (State) ဟာ ငရဲပြည်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက (State) ရဲ့ တန်ဖိုးအစစ်အမှန်ဟာ ဘာလဲ"

တက္ကသိုလ်ကျောင်းသား ဖြစ်သည်ကြောင့် ဘိုကြီးပုံစံမှာ မှင်မောင်းအပြည့်။ ဒါပေမဲ့ နောက်ကျော မြားစိုက်ထားသည်မို့ အားတော့ သိပ်ထည့်လို့မရ။ နာသည်လေ။



www.burmeseclassic.com

www.burmeseclassic.com

"State နဲ့ပတ်သက်ပြီး 'အာအမ်မက်ခိဘား' (R.M. Maciver) က ဒီလို ဖွင့်ပြထားပါတယ်။ ရည်ရွယ်ချက် အထွေထူးမရှိဘဲ သဘာဝ အတိုင်း လူတွေစုဖွဲ့နေတာကို လူစု (Society)လို့ ခေါ်ပါတယ်တဲ့။ အဲဒီကမှ လူတွေ တိုးပွားလာပြီး ဆက်သွယ်ပေါင်းသင်းမှု ဓလေ့ထုံးစံများ အရ နေထိုင်ခြင်းကို (community)လို့ ခေါ်ပါတယ်တဲ့။

အတူစုဝေးနေထိုင်ခြင်းထက် သာလွန်ပြီး ရည်ရွယ်ချက် သေချာစွာဖြင့် ဖွဲ့စည်းထားတာကိုတော့ 'အသင်း' လို့ ခေါ်ပါတယ်တဲ့။ တိုင်းပြည်ဆိုတာ လူအများအတွက် ရည်ရွယ်ပြီး ဖွဲ့စည်းထားတဲ့ အသင်း တစ်မျိုးပါ။

စကားကို ရပ်ပြီး ပရိသတ်အခြေအနေကို လေ့လာတော့ . . .

"ကျွတ် . . . ဒီကောင် ဘာတွေ ပြောနေတာလဲ မသိဘူး"

"နာရတဲ့ကြားထဲ ဒုက္ခကွာ"

ရှေ့ပိုင်းဆီမှ တီးတိုးဝေဖန်သံများ ထွက်ပေါ်လာ၏။ နှုတ်ခမ်းတွင် လက်ညှိုးကပ်ပြီး ငြိမ်ငြိမ်နေကြရန် ဘိုကြီး အမူအရာလုပ်ပြလိုက်သည်။ ဒါကို . . .

"ရှူး တိုးတိုး လုပ်မနေနဲ့ဟ။ မင်းပြောတာတွေ တစ်လုံးမှ ငါတို့နားမလည်ဘူး"

သေဟ။ ဟောချင်ဦးဟဲ့ တရား . . . ။

"နားမလည်လည်း ငြိမ်ငြိမ်သာနေ။ ဒါ ထုံးစံပဲ။ ဆန္ဒပြရင် တရားဟောရတယ်"

"ဟာ . . . မင်းတရားကလည်းကွာ၊ State တွေရော၊ စတုတ်တွေရောကို ရှုပ်ယှက်ခတ်နေတာပဲ။ ဘာတွေမှန်းလည်း မသိဘူး"

သံတိုင်တစ်ဖက်တွင် အိပ်ပျော်နေသော အစောင့်နှစ်ဦးထိုလက်ညှိုးထိုးပြမှ သူကောင်းသားတွေ ငြိမ်သွားသည်။ ထိုအခြေအနေကို အခွင့်ကောင်းယူ၍ ဘိုကြီး တရားကို ဆက်သည်။



"ဒါပေမဲ့ တိုင်းပြည် (State) နဲ့ တခြားအသင်းအဖွဲ့တွေကို ခွဲခြားထားတဲ့ ထူးခြားချက်တစ်ရပ် ရှိပါတယ်။ အဲဒါ ဘာလဲဆိုတော့ တိုင်းပြည်မှာ အပြစ်ပေးနိုင်ခွင့် (Sovereignty) လို့ခေါ်တဲ့ အချုပ်အခြာအာဏာမျိုး ရှိပါတယ်။ ဥပမာ ပြောရရင်တော့ ဘောလုံးအသင်းတစ်သင်းမှာ အသင်းသားက စည်းကမ်းချိုးဖောက်ရင် အသင်းမှ ထုတ်ပယ်ခြင်းမှတစ်ပါး ဖမ်းဆီးချုပ်နှောင်ခွင့်၊ ထောင်ချပိုင်ခွင့် မရှိပါဘူး။ အဲ . . တိုင်းပြည်မှာတော့ အပြစ်ပေးပိုင်ခွင့်၊ ထောင်ချပိုင်ခွင့် စတဲ့ အာဏာမျိုး ရှိပါတယ်။

အခု အချုပ်အခြာအာဏာပိုင်တဲ့ တိုင်းပြည်နဲ့ တိုင်းပြည်မှာရှိနေတဲ့ အစိုးရ တို့ကို ကျွန်တော် ဆက်ရှင်းပါ့မယ်။ တိုင်းပြည်ဆိုတာ ရှေ့မှာပြောခဲ့တဲ့အတိုင်း လူများစွာ ပါဝင်ဖွဲ့စည်းထားတဲ့ အသင်းအဖွဲ့ပါ။ ဒါပေမဲ့ အဲဒီလူအားလုံးဟာ နေ့စဉ် အုပ်ချုပ်ရေးကိစ္စတွေမှာ မပါဝင်နိုင်ပါဘူး။

ဒီတော့ တိုင်းပြည်အာဏာကိုသုံးပြီး အလုပ်လုပ်ရတဲ့ အဖွဲ့ငယ်တစ်ခုကို ဖွဲ့ပါတယ်။ အဲမှာ အစိုးရဖြစ်လာတာပါပဲ။ အစိုးရရဲ့ တာဝန်က တိုင်းပြည်အာဏာကို သုံးပြီး စည်းကမ်းများ ပြုလုပ်အုပ်ချုပ်ဖို့ပါ။ မေးစရာတစ်ခု ရှိလာပါတယ်။ ဒါဆို အာဏာကို ဘယ်သူက ပိုင်ပါသလဲ။ တိုင်းပြည်က ပိုင်တာလား၊ အစိုးရက ပိုင်တာလား၊ ရှင်းရှင်းလေးပါ။ အစိုးရဆိုတာ အရင်ကတည်းက အာဏာလက်ဝေခံအဖွဲ့ဖြစ်လို့ တိုင်းပြည်အာဏာကို အစိုးရ မပိုင်ပါဘူး။ တိုင်းပြည်အာဏာကို တိုင်းပြည်ကသာ ပိုင်ပါတယ်"

နောက်ပိုင်းကလူတွေ ခေါင်းကုတ်လာကြပါသည်။ တချို့က . . .

"စိတ်ညစ်တယ်ကွာ . . . ဘာတွေပြောနေတာလဲ"

www.burmeseclassic.com

အခြေအနေကို နားလည်စွာ ဘိုကြီး လက်ခုပ်တီးလိုက်သည်။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

ဒုတိယအကြိမ် လက်ခုပ်တီးလျှင် တိုက်ပွဲစပြီဖြစ်ကြောင်း အသိပေးထားသည်မို့ စိတ်ညစ်နေသူများ ခေါင်းပြန်ထောင်လာကြသည်။

တကယ်လည်း စလေပြီ။

"အာဏာရရှိမှုနဲ့ ပတ်သက်ပြီး နိုင်ငံရေးဝါဒအမျိုးမျိုးမှာ အဖြေအမျိုးမျိုး ရှိနေပါတယ်။ ဒါပေမဲ့ အသေချာဆုံးတစ်ခုကတော့ ရှင်ဘုရင်ပဲဖြစ်စေ၊ အာဏာရှင်ပဲဖြစ်စေ၊ သမ္မတပဲဖြစ်စေ၊ ဘယ်သူပဲ အုပ်ချုပ်အုပ်ချုပ် လူအများရဲ့ အလိုဆန္ဒနဲ့ မကိုက်ညီရင် အဲဒီတိုင်းပြည်က ငြိမ်းချမ်းမှုရှိမှာ မဟုတ်ပါဘူး။

ဒီထက်ခိုင်လုံတဲ့ အချက်လည်း ရာဇဝင်မှာမရှိပါဘူး။ အဲတော့ တိုင်းပြည် ငြိမ်ဝပ်ခြင်းရှိတယ်ဆိုတာ အုပ်ချုပ်တဲ့စနစ် အမျိုးအစားထက် လူအများတို့ရဲ့ အလိုဆန္ဒနဲ့ ကိုက်ညီမှု ရှိ၊ မရှိပေါ်မှာပဲ မူတည်ပါတယ်။ ဒီတော့ အကြောင်းအရာအားလုံးကို ပြန်ချုပ်ရရင် တိုင်းပြည်နဲ့ အစိုးရ တည်တံ့မှု ရှိ၊ မရှိဆိုတာ လူတွေအပေါ်မှာသာ မူတည်နေတဲ့အတွက် လူတွေကသာလျှင် အာဏာပေးနိုင်သော ပိုင်ရှင်အစစ်အမှန်များ ဖြစ်ကြပါတယ်။ ကဲ . . . အားလုံးပဲ ကျွန်တော့်အဆိုကို ထောက်ခံပါသလား"

ဘိုကြီးက လက်သီးလက်မောင်းတန်းကာ ရှေ့မှ တိုင်ပေးတော့ နောက်ကလူတွေကလည်း . . .

"ထောက်ခံပါတယ် . . . ထောက်ခံပါတယ်"

"လူ့ပြည်မှာ အာဏာကို လူတွေကပိုင်ရင်၊ ငရဲပြည်မှာရော ဘယ်သူတွေက ပိုင်ပါသလဲ"

"ငရဲသားတွေ ပိုင်ပါတယ်"



"ငရဲသားတွေ ပိုင်ပါတယ်"

မြား၊ လှံ ငရဲကြီးတစ်ခုလုံး တုန်လှုပ်ကာ သွားလေပြီ။ လက်သီးလက်မောင်းတန်းကာ သံပြိုင်ဟစ်ကြွေးသံတွေက . . .

အိပ်ပျော်နေသော အစောင့်နှစ်ဦး နားရင်းအုပ်ခံလိုက်ရသလို 'ဝုန်း'ခနဲ ထလာသည်။ ပြီး အလန့်တကြားဖြင့် ငရဲအတွင်း လှမ်းကြည့်တော့ . . .

"ဟာ . . . "

တစ်ဦးမှာ လန့်ဖျတ်ပြီး နောက်ခုန်ဆုတ်သွားသည်။ တစ်ဦးက သံတိုင်ကိုင်ပြီး ဖင်ထိုင်လျက် လဲသွားပါ၏။ ဘာတွေဖြစ်နေမှန်းပင် စဉ်းစားနိုင်တော့။

"အာဏာကို ဘယ်သူက ပိုင်ပါသလဲ"

"ငရဲသားတွေ ပိုင်ပါတယ်"

"ယမမင်းလုပ်ရပ် တရားပါသလား"

"မတရားပါဘူး"

ဘောလုံးပွဲနိုင်၍ အောင်ပွဲခံသလို၊ သကြန်သံချပ်ထိုးသလို အတိုင်အဖောက်တွေ ညီကုန်ကြပါပြီ။

တကယ်တော့ ဘိုကြီး လူလည်ကျလိုက်ခြင်းပါ။

သူတင်ပြသော အကြောင်းအရာတွေသည် လူ့ပြည်အရေးသာဖြစ်၏။ ငရဲပြည်နှင့် ဘာမှမပတ်သက်။ အာဏာကို ပိုင်ရအောင် ကိုယ်က လွတ်လပ်သော ပြည်သူတွေမဟုတ်။ အပြစ်ရှိလို့ ငရဲကျလာသည့် ငရဲသားများ။

ဒါပေမဲ့လည်း ပွဲဆူအောင်လုပ်ဖို့က ဒီနည်းပင်ရှိသည် မဟုတ်ပါလား။ ဒီတော့ . . .

"အာဏာကို ဘယ်သူက ပိုင်ပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ ပိုင်ပါတယ်"

"ကျုပ်တို့ ပိုင်ပါတယ်"

ငရဲထိန်းနှစ်ဦးမှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေရာမှ သတိဝင်ပြီး အရေးပေါ် သတိပေးခလုတ်ကို ကောက်နှိပ်လိုက်သည်။

"ဝူ . . ."

ငရဲပြည်ကြီးတစ်ခုလုံး အချက်ပေးသံတွေ ဆူညံကာ သွားတော့၏။

✱ ✱ ✱



## XVII

"ဝူ . . ."

အချက်ပေးသံ ကျယ်ကြီးကြောင့် ငရဲပြည်၌ အဆင့်မြင့်ဆုံး၊ အခန့်ညားဆုံး၊ သက်သောင့်သက်သာ အရှိဆုံး အိပ်ရာကြီးပေါ်တွင် စက်တော်ခေါ်နေသော ယမမင်း လန့်နိုးသွားသည်။

တစ်ခါမှ မကြားဖူးခဲ့ရသော အချက်ပေးသံကြောင့် ထထိုင်စဉ် အိပ်ငွေ့မပြယ်သေးသော မိဖုရားက 'အရေးမကြီးပါဘူး' ဟူသည်သဘော ခါးကို လာဆွဲသည်။ အခြေအနေကို နားမလည်သည့် မိဖုရားအား ဒံတောင်ဖြင့် လှမ်းတွတ်ရင်း အိပ်ရာပေါ်မှ ဆင်းလိုက်၏။

ညကြီးအချိန်မတော် ဘာဖြစ်တာလဲ။

သူ့တိုင်းပြည်မှာ ဒါမျိုး တစ်ခါမှ မဖြစ်ဖူး။

စိုးရိမ်စိတ်ကြောင့် ယမမင်းပီပီ အခင်းဖြစ်ရာကို အလုံးစုံကြားနိုင်သော နား၊ မျက်စိဖြင့် လှမ်းကြည့်လိုက်ရာဝယ် . . .

"ဟာ . . ."

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

## XVIII

"ဒီတော့ ခုနစကားကို ပြန်ဆက်ရရင် အစိုးရသည် အာဏာပိုင် မဟုတ်ဘူး။ အစိုးရအဖွဲ့ဝင် လူကြီးတွေဟာလည်း အာဏာကို မပိုင်ဘူး။ အဲဒီအတွက် ထင်သလို အုပ်ချုပ်ပိုင်ခွင့်ဆိုတာလည်း မရှိဘူး။ အားလုံးသည် ဥပဒေရဲ့ လက်အောက်မှာပဲ ရှိရမယ်။

ဥပမာ – သမ္မတအိမ်နားကို ဘယ်သူမှမလာရလို့ တားမြစ်ထားတဲ့ ဥပဒေမရှိရင် အိမ်နားသွားသူကို ဖမ်းလို့မရဘူး။ ဥပဒေမရှိတဲ့ ကိစ္စတစ်ခုကို အထက်လူကြီးခိုင်းလို့ လုပ်ရတယ်ဆိုတာ ဒီနေ့ခေတ်မှာ အသုံးကို မဝင်တော့ဘူး။ သမ္မတအိမ်နားသွားလို့ သမ္မတကဖမ်းရင် သမ္မတကိုယ်တိုင် အပြစ်ခံရမယ်။ ဒါဟာ (Rule of Law)ပဲ။ လူတွေကို ကာကွယ်ဖို့ရာ ပြုလုပ်ထားတဲ့ ဥပဒေပဲ။

အခု ဒီငရဲပြည်မှာ ဘာဥပဒေကို လက်ကိုင်ထားလဲ ကျွန်တော်တို့ မသိရဘူး။ ထုတ်ပြန်လည်း မထားဘူး။ အဲဒီအတွက် ကျွန်တော်တို့ကို အပြစ်ပေးနေတဲ့ပုံစံသည် ဥပဒေနဲ့အညီ ဖြစ်တယ်၊ မဖြစ်ဘူး ကျွန်တော်တို့ သိချင်တယ်။ လူ့ပြည်မှာ အပြစ်လုပ်လို့ ဒီမှာ ငရဲလာခံရ



တာကို လက်ခံတယ်။ ဒါပေမဲ့ ဥပဒေနဲ့အညီပဲ ဖြစ်စေချင်တယ်။ အဲဒါကိုရော လက်ခံပါသလား"

"လက်ခံပါတယ် . . . လက်ခံပါတယ်"

"ငရဲပြည်ရဲ့ 'ငရဲခံ အခြေခံဥပဒေ' ကို ကျွန်တော်တို့ သိချင်ပါတယ်။ ခင်ဗျားတို့ အဲဒါကို ထောက်ခံလား"

"ထောက်ခံတယ် . . . ထောက်ခံတယ်"

ဘိုကြီးနှင့် ပရိသတ်၊ ပရိသတ်နှင့် ဘိုကြီး အချိတ်ဆက်မိသွားလေပြီ။ ဘိုကြီး၏ ရဲရဲတောက် မိန့်ခွန်းများက အားလုံးရဲ့ရင်ကို ဆွဲလှုပ်လိုက်ပြီ။

"ငရဲခံ အခြေခံဥပဒေကို သိချင်ပါတယ်"

"ပွင့်လင်းမြင်သာမှုရှိပါ"

"ငရဲခံ အခြေခံဥပဒေကို ထုတ်ပြန်ပေးပါ"

"ဥပဒေနဲ့အညီ အပြစ်ပေးတာကိုပဲ ခံချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"တောက် . . . "

ယမမင်း၏ တောက်ခတ်သံကြီးက နန်းဆောင်ကြီးတစ်ခုလုံးကို သိမ့်သိမ့်တုန်သွားစေသည်။

ရာရာစစ မလောက်လေးမလောက်စားကောင်က သူ့ငရဲကို ဆူအောင်လုပ်နေချေပြီ။ တမင်တကာ ပိတ်ထားသော ငရဲသားတွေရဲ့ နားမျက်စိကို ဖွင့်ပေးဖို့ ကြိုးစားနေပေပြီ။

လက်သီးကို ဆုပ်တော့ တစ်ကိုယ်လုံးမှ ရှိသမျှ အကြောအချင်တွေ ထောင်ထသွား၏။ အံကိုကြိတ်ကာ ထအော်သည်။

"လွှတ်တော် . . . "



လက်ရှိအခြေအနေကို ကိုင်တွယ်ရန် ချက်ချင်းပဲ
လွှတ်တော်ခေါ်ကာ ဆုံးဖြတ်သည်။
သူ့ငရဲတွင် ဒါမျိုး အဖြစ်မခံနိုင်။
ဆူပူအုံကြွမှုဟူသည်က တိုင်းပြည်၏ ပုံရိပ်ကို
ထိခိုက်စေသည်။
ထို့အတူ သူ့ကိုလည်း သိက္ခာကျစေသည်။
အာဏာရှင်စနစ်ကို ကျင့်သုံးနေကြောင်း
လူ့ပြည်နှင့် နတ်ပြည်မှ သိသွားပါက တံခါးပိတ်ဝါဒ
ကျင့်သုံးသွားနိုင်၏။
ဒီလိုဆိုလျှင် သူ့စီးပွားတို့ ထိခိုက်လေပြီ။
မဖြစ်ချေတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလုပ်ကြမလဲ . . . ဒီပြဿနာကို မင်းတို့ ဘယ်လို ဖြေရှင်းကြမှာလဲ"

ခမိန်သုက ပညာရှိပီပီ ရှေ့တစ်လှမ်းတိုးကာ တင်လျှောက် သည်။

"လူ့ပြည်မှာတော့ မျက်ရည်ယိုဗုံးပစ်ပြီး ဝါးရင်းတုတ်နဲ့ ရိုက် ပါတယ်"

ယမမင်းမျက်နှာ တစ်မုဟုတ်ချင်း ဝင်းထိန်သွားပြီး . . .

"အေး . . . အဲဒီအတိုင်းသာ ဆော်"

ဆင်ကြဲ ကြဲနေသော အရှေ့ပိုင်းတိုင်း ငရဲဌာနချုပ် တိုင်းမှူး လှသိန်းက ရဲရဲဝံ့ဝံ့ တောင်းဆိုသည်။

"စစ်ဆင်ရေးကို ကျွန်တော် တာဝန်ယူပါရစေ . . . ငရဲမင်း"

"ရတယ် . . . ယူ . . . ကြိုက်သလိုသာလုပ်။ ငြိမ်သွားဖို့က အရေးကြီးတယ်"



# XXI

ခွင့်ပြုမိန့်ရသည်နှင့် လှသိန်းမှာ စစ်ဆင်ရေးအတွက် စီစဉ်ရ ပါတော့သည်။ ငရဲမင်းပြောသလို အသေဆော်ဖို့က လွယ်၏။ ဒါပေမဲ့ ထိုသို့မလုပ်ချင်။ အားအားယားယား အလုပ်လာရှုပ်သည့် သူကောင်း သားတွေကို တစ်ခါတည်း နောင်ကြဉ်သွားစေချင်သည်။

ထို့ကြောင့် သူအစီအစဉ်ဆွဲထားသည်ကား . . .

ပထမဆုံး လူ့ပြည်ကအတိုင်း ဝါးရင်းတုတ်နှင့် ဝင်ရိုက်မည်။ မျက်ရည်ယိုဗုံးတော့ သူတို့ဆီမှာ မရှိ။ ငရဲပြည်တွင် ထိုမျှလောက် စက်မှု လုပ်ငန်း မထွန်းကားသေး။

ဒါပေမဲ့ ကိစ္စမရှိ။ လူ့ပြည်မှာက လူလူချင်းမို့ အကြောက်လွန်ကာ မျက်ရည်ယိုဗုံးသုံးပြီး လူစုခွဲခြင်းဖြစ်သည်။

သူတို့ဆီမှာ ထိုသို့မဟုတ်။ ငရဲသားတွေထက် သူတို့က ခန္ဓာကိုယ်၊ အင်အား၊ လက်နက် သာလွန်ထားသူများဖြစ်ရကား တံခါး ဖွင့်ပြီး ဒီအတိုင်း ဝင်ရိုက်ရုံသာ . . . ။



www.burmeseclassic.com

www.burmeseclassic.com

ဝါးရင်းတုတ်နှင့် စိတ်ရှိလက်ရှိ အရင်ဆုံးရိုက်မည်။

မသေရုံတမည် ဆော်မည်။

အားရပါးရ သမမည်။

အရိုးတွေပင် ကွဲကြေသွားလောက်အောင်၊ ခန္ဓာကိုယ်တွေ
အပိုင်းပိုင်း ပြတ်သွားလောက်အောင် . . .

ပြီးမှ အပေါ်မှ မြားမိုးရွာချမည်။

ကဲ . . . ဘယ်လောက် ကောင်းပါသနည်း။

✻ ✻ ✻



# XXII

ထိုအကြောင်းတွေ ဘာမှမသိရှာသော ဘိုကြီးတို့အဖွဲ့မှာ ဆော့ . . .

“ကျွန်တော်တို့ အခုလို ပြောနေတာသည် ယမမင်းကြီးကို မုန်းဆိုလား . . . မဟုတ်ပါဘူး။ ယမမင်းကို လုံးဝ မမုန်းပါဘူး။ မမုန်းတဲ့အပြင် ချစ်လွန်းလို့ ပြောနေတာပါ။ ဘာကြောင့်လဲ . . . အဖြေက ရှိပါတယ်။ ယမမင်းရဲ့ ကျန်းမာရေးကို စိုးရိမ်လို့ပါ။ အထူးသဖြင့် စိတ်ကျန်းမာရေးပေါ့။ ကမ္ဘာမှာ ထင်ရှားကျော်ကြားတဲ့ ‘လော့အက်တမ်’ (Lord Acton)လို့ခေါ်တဲ့ ပညာရှင်တစ်ဦးက ပြောခဲ့ပါတယ်။ အာဏာဟာ လူရဲ့စိတ်ကို ပျက်ပြားစေပါတယ်တဲ့။ အဆုံးမရှိတဲ့ အာဏာဟာ လူရဲ့စိတ်ကို အဆုံးမရှိ ပျက်စီးစေပါတယ်တဲ့”

ထိုစဉ်အချိန်မှာပဲ အရှေ့ပိုင်းတိုင်း ငရဲဌာနချုပ်တိုင်းမှူးလှသိန်း၏ အဖွဲ့ဝင်များ လက်နက်ကိုယ်စီကိုင်ပြီး ရောက်လာကြလေပြီ။ လေးများ ကိုင်ဆောင်ထားသူများက ငရဲကြီးအပြည့် ကာရံထားသော နံရံအုတ်တံကြီးပေါ်တက်၏။ အုတ်တံတိုင်းကြီးက အကာသသောပင်မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com

တရုတ်ပြည် မဟာတံတိုင်းကြီးလို ဆောက်လုပ်ထားသည်ဖြစ်ရာ အပေါ်မှ လျှောက်လမ်းအပြင် သရဲခို၊ ပြာအိုးများပါ ပါလေသည်။

ထို့အတွက်ကြောင့် နံရံအုတ်တံတိုင်းကြီးပေါ် တက်ပြီး တပ်ဖွဲ့များ နေရာယူနေပြီကို ဘိုကြီးတို့ မသိ။ ဝါးရင်းတုတ်ကိုင်တပ်ဖွဲ့များကတော့ အောက်ခြေမှာပင် နံရံကွယ်ကာ ရပ်နေကြသည်။ သူတို့ကို အမိန့်မပေးသေး။ အားလုံး၏ပုံစံက အမဲသားဝင်ဆွဲတော့မည့် ခွေးအုပ်နှင့်သဖွယ်။

"လော့အက်တမ် (Lord Acton) ဟာ ဒီစကားကို လွယ်လွယ်နဲ့ပြောတာ မဟုတ်ပါဘူး။ သက်သေသာဓကတွေနဲ့ ပြောတာပါ။ ဥပမာ – သူပြောထားတာကို ကြည့်ပါဦး။ ရောမရာဇဝင်မှာ ထင်ရှားခဲ့တဲ့ အာဏာရှင် 'နီရို'ဟာ သူချစ်မြတ်နိုးရသော 'မြင်း' သေဆုံးတာကို ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ်နဲ့ တိုင်းသူပြည်သားတွေကို ခေါင်းတုံးတုံးခြင်း၊ မျက်ခုံးမွေးရိပ်ခြင်းများ ပြုလုပ်စေပါတယ်တဲ့။ ဒါ ဘာဆိုင်ပါသလဲ။ ဘာမှ မဆိုင်ပါဘူး။

နောက်တစ်ယောက်က ပိုဆိုးပါတယ်။ အိန္ဒိယအာဏာရှင်တစ်ဦးပါ။ ဆင်တွေရဲ့ ကြောက်လန့်တကြားအော်သံကို သဘောကျလို့ တိုင်းပြည်က ရှိသမျှဆင်တွေဖမ်းပြီး တောင်ကုန်းထိပ်ကနေ တွန်းချခိုင်းပါတယ်တဲ့။ ကဲ . . . စဉ်းစားကြည့်ကြပါ။ သူတို့ရဲ့ စိတ်ဓာတ်ရေးမှုမှန်အခြေအနေကနေ ဘယ်လောက်များ ကွာဟနေပါသလဲ။ ဘယ်လောက် ပျက်စီးနေပါသလဲ။

ဒါတွေကို ကြည့်ခြင်းဖြင့် အာဏာရှင်တွေဟာ အကြီးအကျယ် စိတ်ဓာတ်ပျက်ပြားနေသူတွေ ဖြစ်ကြောင်း သိသာနေပါတယ်။ ကမ္ဘာ့ထင်ရှားတဲ့ အာဏာရှင်တွေဖြစ်တဲ့ အလက်ဇန္ဒား၊ ဆီဆာ၊ နပိုလီယံ၊ ဟစ်တလာတို့ဟာလည်း ဒီအတိုင်းပါပဲ။ ဒါကြောင့် အခုလို လူရှင်းပြောနေတာသည် ယမမင်းကို မုန်းလို့ မဟုတ်ပါဘူး။ ချစ်လွန်းလို့ ပြောနေတာပါ။ ယမမင်းကြီး စိတ်ဓာတ်ပျက်ပြားသွားမှာ စိုးရိမ်လို့ပါ"

ထိုစဉ်မှာပဲ 'ဂျိန်း'ခနဲ တံခါးဖွင့်သံကျယ်ကြီးကို ကြားလိုက်ရ၏။ ဝါးရင်းတုတ်ကိုင် ငရဲထိန်းများ အတွင်းကို အုပ်လိုက်ကြီး ဝင်ချလာသည်။ ပထမတော့ ဘိုကြီးတို့အုပ်စု ကြောင်ကာ ကြည့်နေမိကြသည်။ အတွေ့အကြုံက မရှိဘူးလေ။

ဒါပေမဲ့ မကြာလိုက်။

ညာသံပေးတက်လာသော 'တဟေးဟေး'အော်သံများနှင့်အတူ– ငရဲထိန်းတစ်ဦးက ဘိုကြီးကို အရင်ဆုံး ပြေးရိုက်သည်။

"ခွပ် . . . ဖြောင်း"

တောင်ကုန်းပေါ်မှ ဘိုကြီး လိမ့်ဆင်းကာ သွားသည်။

ထို့အတူ ကျန်တပ်သားတွေကလည်း ဆန္ဒထုတ်ဖော်သူ ငရဲသားများအား သူ့ထက်ငါ အလုအယက်။ ဘာဆေးတွေ တိုက်ထားသည် မသိ၊ ငရဲထိန်းများမှာ သရဲမရဲ စီးလွန်းလှသည်။ အရင်တွေ့နေကျနှင့်တော့၊ မျက်လုံးတွေ ရီဝေနေသလို၊ တခြားကမ္ဘာမှ ရောက်လာသလို၊ စကားပြောလည်းမရ၊ ကြောင်တောင်တောင်တွေနှင့်။

ငရဲတံခါးဝမှာ ဝါးရင်းတုတ်သံတွေ ဆူညံသွားသည်။

ဘိုကြီးမှာ ဘာကောင်မှ မဟုတ်သည်မို့ သူ့လာပြီး လက်ချင်းချိတ် ကာကွယ်ပေးမည့်သူ မရှိ။ သက်စောင့်တပ်မရှိ။ ဒီတော့ လိမ့်ပိန့်နေအောင် ခံရသည်။ အရိုက်ခံနေသည့်ကြားမှပင် ခေါင်းဆောင်ပီပီ အားတိုးကြားအောင် လှမ်းအော်လိုက်သေး၏။

"ပြန်မလုပ်ကြနဲ့ . . . ဘာမှ ပြန်မလုပ်ကြနဲ့ . . . အကြမ်းမဖက်ကြနဲ့"

အော်သာအော်ရသည် ပြန်လုပ်နိုင်လောက်သော အင်အားသည်း ကိုယ်တွေမှာ မရှိပါ။ လုပ်လို့လည်း မရပါ။ အရင်ကတည်းက ပြားတန်းလန်း၊ လုံတန်းလန်းနှင့် ရှိနေသူတွေဖြစ်ရာ ဒါကိုမှ ထပ်ရိုက်ပြန်တော့ ငြိမ်ခံကြရုံသာ ရှိတော့၏။ ရိုက်သူများဘက်ကလည်း တုတ်ချက်တွေ အားပိုပါအောင် အချင်းချင်း ကြုံးဝါးသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရိုက်ဟေ့ . . . ရိုက်ကြ . . . ခေါင်းဆောင်ကြီးက ပြောထားတယ် ဒီကောင်တွေ လဲကျသွားမှ ရိုက်တာကို ရပ်တဲ့။ ရိုက်ကြ၊ ရိုက်ကြ"

"သေစမ်း . . . ခွမ်း . . . ဘုန်း"

"ခေါင်းဆောင်ကြီးကိုများ မင်းတို့က ရာရာစစ . . . စိတ်ဓာတ်ပျက်ပြားသွားမှာစိုးလို့ . . . ဟုတ်လား . . . ခွပ် . . . အင့် . . . "

အလဲလဲ အပြိုပြို ဖြစ်ကုန်၏။ ခေါင်းတွေ ဟက်တက်ကွဲကုန်၏။ သွေးတွေ ဖြာဆင်းကုန်၏။ ငရဲသားအခွင့်အရေးကို အစွမ်းကုန်ချိုးဖောက်သူများအား ကြည့်ကာ ဘိုကြီး စိတ်မှာ ဆင်ခြင်မိပါသည်။

ခြော် . . . ငရဲပြည်လည်း လူ့ပြည်နှင့် ဘာမှမခြားပါလား။ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့။ ဤ လောဘ၊ ဒေါသတို့ ကြီးစိုးရာ အရပ်မှာ ရောက်ရှိလာသည့် ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်နေမိတော့သည်။

သည်းခံလော့ . . . ဘိုကြီး . . . သည်းခံလော့။

ပူလောင်ခြင်းကို အေးငြိမ်းခြင်းဖြင့်သာ အနိုင်ယူရာ၏။ ရက်စက်ခြင်းကို သည်းခံခြင်းဖြင့်သာ အနိုင်ယူရာ၏။ ထိုရက်စက်ခြင်းတို့၏ တစ်ဖက်ကမ်းတွင် ဘာရှိနေမည်နည်း။ ဒါကို သူ သိချင်ပါသည်။

အကြိမ်ကြိမ် ရိုက်နှက်ခံရမှုကြောင့် သူ့ခေါင်းတွေ ပူလာသည်။ အာရုံတွေ ရှုပ်ထွေးလာသည်။ နောက်ဆုံးမှာတော့ . . .

စစ်ဆင်ရေးက နာရီဝက်လောက်သာ ကြာပြီး ပြီးဆုံးသွားသည်။

မြေပေါ်ရပ်နိုင်သူ ငရဲသားတစ်ဦးမှ ရှိမနေတော့။ အားလုံးက မြေတွင်လဲကာ သေမင်းနှင့် လက်တစ်ကမ်းအလိုတွင် ရောက်နေကြပြီ။

အမိန့်သံတစ်ခုနှင့်အတူ ဝါးရင်းတုတ်တပ်ဖွဲ့များ နောက်ဆုတ်သွားပါသည်။ မကြာလိုက် . . .



သူတို့ခန္ဓာကိုယ်ပေါ်သို့ မြားမိုးများ ရွာသွန်းလာပါတော့သည်။ ဘယ်တတ်နိုင်မည်နည်း။ အရဏ်မတက်သေး။ ဒါပေမဲ့ . . .

ငရဲသမိုင်းတွင် ထိုညသည်ကား . . .

• • •

တဒုန်းဒုန်းပြေးလာသော ခြေသံများကို နားမှ ကြားရသည်။ ကပျာကယာ ကုန်းထတော့ အနီးမှ လူတစ်စုလည်း အပြိုင်းအရိုင်း ကုန်းထလာကြ၏။

သူတို့ ဘယ်သူတွေလဲ။

ပထမတော့ တစ်ဦးကိုတစ်ဦး ကြည့်ကာ ကြောင်အမ်းနေကြသည်။ ဒါပေမဲ့ ခဏချင်းပင် လွန်ခဲ့သော အတိတ်က မှတ်ဉာဏ်များ ပြန်လည်ရရှိလာခဲ့ရာ အားလုံးကို နားလည်သွားကြ၏။ ပြီးတော့ တစ်ဦးချင်း၏ မျက်နှာတွင်လည်း အပြုံးပန်းတွေ ဝေဆာလာပါသည်။

ငရဲသမိုင်း၌ တစ်ခါမှ မဖြစ်ဘူးသော တိုက်ပွဲတစ်ခုကို ညက သူတို့ တိုက်နိုင်ခဲ့သည် မဟုတ်ပါလား။ တောင်းဆိုသောအရာများ ရ၊ မရ မသိပေမဲ့ သေချာတာတစ်ခုကတော့ သူတို့ စိတ်ဓာတ်ပိုင်းဆိုင်ရာ အနိုင်ရခဲ့ပါသည်။

ယခုရော . . .

မကြာခင်အချိန်ပိုင်းမှာ ထုံးစံအတိုင်း တစ်နေကုန် နှိပ်စက်မည့် ငရဲထိန်းများ ရောက်လာတော့မည်။ အားလုံး၏ အကြည့်တွေက ဘိုကြီးထံ ရောက်လာပါ၏။ သူ ခေါင်းညိတ်ပြတော့ ကျန်သူတွေလည်း သဘောပေါက်စွာ ခေါင်းပြန်ညိတ်ပြကြသည်။ သဘောတူညီထားသည့်အတိုင်း ဆက်လက်တိုက်ပွဲဝင်ကြမည်ပေါ့။

ဒီလိုဆိုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

ခဏချင်းပဲ ငရဲတံခါးဝမှာ ရှုပ်ထွေးသွား၏။ ဒဏ်ရာဒဏ်ချက် မရှိကြသေးသည်မို့ ထိုင်နေရာမှ အလျင်အမြန်ထကာ တစ်ဦးလက် တစ်ဦးကိုင်ပြီး စုဝေးလိုက်ကြသည်။ ပြီးတော့ ငရဲတံခါးဝကို ကျောပေးကာ . . .

"ကဲ . . . အားလုံးပဲ တစ်စုတစ်ဝေးတည်း ထိုင်ကြပါ။ ဒါသည် ဆန္ဒပြခြင်း ဒုတိယအဆင့် အထိုင်သပိတ်ဖြစ်ပါတယ်"

ဘိုကြီး၏ အောင်မြင်ခန့်ညားသော အသံကို ကြားတော့ ငရဲသားများ တစ်ဦးလက်တစ်ဦး ကိုင်ကာ ထိုင်လိုက်ကြသည်။ တစ်ဦး၏ ရင်တွင်းမှ ပြင်းထန်သော စိတ်ဓာတ်တွေက ဆုပ်ကိုင်ထားသော လက်မှတစ်ဆင့် နောက်တစ်ဦးဆီရောက်၊ ထိုမှ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ဆင့်ပြီးတစ်ဆင့် ကူးလူးပျော်ဝင်ကာ သွားသည်။

အားလုံး၏ စိတ်တွေက တင်းစေ့ပြတ်သားနေကြပါ၏။ ပြိုင်တူ တွန်းမှ ရွေ့နိုင်မည် မဟုတ်ပါလား။

"ဟေး . . . ဟေး . . . ဟေး . . . "

အသံတွေ တဖြည်းဖြည်း နီးလာပြီ။ ခြေသံတွေ ပိုကျယ်လာသည်။ ဒါပေမဲ့ သူတို့ရှိနေရာနှင့် လိုအပ်သော အကွယ်အဝေးတစ်ခုသို့ အရောက် . . .

"ဟင် . . . ဘယ်လိုဖြစ်တာလဲ"

တင်းထားသော သူ့စိတ်တွေ အလိုလို အိစင်းသွားသည်။ စိတ်ဓာတ်က ရုတ်ခြည်း ပျော့ပျောင်းနူးညံ့လာကာ . . .

"ဘုရားရေ . . . "

ကြောက်လန့်တကြား ထပြေးချင်စိတ်တွေ တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာပါတော့သည်။ ဘာကြောင့်လဲ . . . ။ ဘာကြောင့် အခုလို ဖြစ်ရတာလဲ။ အလျင်အမြန် စဉ်းစားတော့ ငရဲသဘာဝကို ပြေးမြင်သည်။ ဒီငရဲ သဘာဝကိုက နှိပ်စက်သူများလာလျှင် အနှိပ်စက်ခံရမည့်လူများ အလိုလို ကြောက်လန့်လာအောင် ပြုလုပ်ထားသည် မဟုတ်ပါလား။



မျက်လုံးဖွင့်ကြည့်တော့ သူတစ်ယောက်တည်းမဟုတ်။ ကျန် ငရဲသားတွေလည်း သူ့အတိုင်း ခံစားနေရကြောင်း မျက်နှာတွေမှာ တွေ့ ရသည်။ သတိပေးသည့်သဘော ဆုပ်ကိုင်ထားသော လက်နှစ်ဖက်ကို ဖျစ်ညှစ်လိုက်၏။

ဘေးမှနှစ်ယောက်လည်း သတိဝင်ကာ သူ့လက်ကို ပြန်လည် ဖျစ်ညှစ်သည်။ ထိုစဉ်မှာပဲ . . .

"ဟာ . . . ပြေး . . . ပြေးကြ . . . လာနေပြီ . . . ငါတို့ကို သတ်ဖို့ ငရဲထိန်းတွေ လာနေပြီ"

စိတ်မထိန်းနိုင်သူတစ်ဦးက သွေးရူးသွေးတန်းအော်ရင်း ထပြေး ရန် ပြင်သည်။ သို့သော် နံဘေးမှ သတိရှိသူများက သူ့ကို လှမ်းဆွဲ ထားလိုက်၏။ ဒါပေမဲ့ ကျန်ငရဲသားများပါ လှုပ်ရှားရန်ကြွလာသည် ဖြစ်ရကာ . . .

"တိတ်စမ်း . . . ဘယ်သူပြေးမှာလဲ၊ ဘယ်သူမှ ထမပြေးရ ဘူး။ ဒါ ငါတို့နေရာ၊ ငါတို့စခန်း၊ ဒီမှာပဲ နေရမယ်။ ငါတို့တောင်းထား တာတွေ မရမချင်း ဒီနေရာက တစ်ဖဝါးမှ မခွာဘူး"

ဘိုကြီး ဒေါ်နှင့်မောနှင့် ထအော်တော့မှ လှုပ်ရှားနေသူများ ပြန် ငြိမ်သွားသည်။ သို့သော် ရေရှည်ထိန်းသိမ်းဖို့ မလွယ်ကူပါ။ သဘာဝ ကို အန်တုဖို့ကြိုးစားသလို ဖြစ်နေသည် မဟုတ်ပါလား။

ထိုခဏမှာပဲ မြား၊ လှံ၊ တင်းပုတ်ကိုင်ထားသော ငရဲထိန်းများ သူတို့အနီးသို့ ရောက်လာပါတော့၏။

"ဟာ . . . ဘာဖြစ်တာလဲ"

ရှေ့ဆုံးမှပြေးလာသော ငရဲထိန်းတစ်ဦးရဲ့ အလန့်တကြားအော သံကို ကြားရသည်။ တစ်ယောက်လက် တစ်ယောက်ကိုင်ကာ မတုန် မလှုပ်ဘဲ စုဝေးထိုင်နေကြသော ငရဲသားများကို ကြည့်ပြီး သူတို့တွေ ကြောင်တောင်တောင် ဖြစ်သွားကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com

နားမလည်နိုင် ဖြစ်နေရာမှ ငရဲထိန်းတစ်ဦးက သွေးတိုးစမ်းသည့် သဘောဖြင့် . . .

"ဟေး . . . ဟေး . . . "

တပ်လှန့်သံကြားတော့ ဘိုကြီးတို့ ငရဲသားများ ကြက်သီးတွေ ထကုန်သည်။ ဒါပေမဲ့ အံကို ပိုကြိတ်ပြီး စိတ်ဓာတ်ကို အန်တုထားဆဲ။

"ဟေး . . . ဟေး . . . "

မရ။

"ဟေး . . . ဟေး . . . "

တုတ်တုတ်မျှပင် မလှုပ်။ သူတို့အုပ်စုကို ကြည့်ပြီး ငရဲထိန်း တစ်ဦးက စိတ်မထိန်းနိုင်တော့စွာ လှံနဲ့ လှမ်းပစ်သည်။

"ဒုတ် . . . အား"

အနီးဆုံးငရဲသားတစ်ယောက် ပွဲချင်းပြီး သေဆုံးသွား၏။ ချက်ချင်းပဲ အသက်တစ်ဖန် ရှင်သန်လာသည်။ ဒါပေမဲ့ လက်ချင်းချိတ်လျက်သား။ အခြေအနေကို စောင့်ကြည့်နေသော ငရဲထိန်းအားလုံးမှာ စိတ်မထိန်းနိုင်တော့ဘဲ . . .

"ပစ်ဟေ့ . . . ပစ် . . . ပစ် . . . "

"ဒီလောင်တောင် ဖြစ်တဲ့ဟာတွေ သတ်စမ်းကွာ . . . သတ်ကြစမ်း"

လက်နက်များ တဝီဝီ ပျံသန်းလာသည်။ တစ်ခါတည်းနှင့် သေသူရှိသည်။ မသေသူကို တင်းပုတ်သမားက တာဝန်ယူသည်။ သေသူက အသစ်စတင်သည်။ ဒါပေမဲ့ သူတို့လက်တွေ ခိုင်ခိုင်မြဲနေတုန်း။

တင်းပုတ်သမားက သဘောပေါက်စွာ လက်တွေကိုချည်း လိုက်ထု၏။ ဒါကိုတော့ စိုးရိမ်ရပြီ။ ဒီအတိုင်း ပစ်ထားလို့မဖြစ်တော့။ ကြာလျှင် လူစုကွဲသွားနိုင်သည်။ ထို့ကြောင့် အခြေအနေကို သဘာပေါက်စွာ ဘိုကြီး စိတ်ဓာတ်စစ်ဆင်ရေး စတင်လိုက်၏။

"ညဘက်များတွင် လွတ်ကင်းရေး . . . "

တင်းပုတ်နှင့် အထုခံနေရသည့်ကြားမှ ဘဦးနှင့် ဝွတိုမှာ . . .

"ဒို့အရေး . . . ဒို့အရေး . . . "

"ညဘက်များတွင် လွတ်ကင်းရေး . . . "

"ဒို့အရေး . . . "

ထင်မှတ်မထားသော တိုက်ကွက်ကြောင့် ငရဲထိန်းများ အငိုက်မိသွားသည်။

"ငရဲခံ အခြေခံဥပဒေချုပြရေး . . . "

"ဒို့အရေး . . . "

"ငရဲခံ အခြေခံဥပဒေကို ထုတ်ပြရေး . . . "

"ဒို့အရေး . . . "

တဖြည်းဖြည်းနှင့် အင်အားက များလာသည်။ တစ်ကွင်းလုံးကြားလောက်အောင် ဘိုကြီး ကျူးအော်သည်။

"တစ်ခါတည်းနဲ့ အသေသတ်ရေး . . . "

"ဒို့အရေး . . . "

"ညဘက်များတွင် လွတ်ကင်းရေး . . . "

"ဒို့အရေး . . . "

"ယမမင်းကြီး ကျန်းမာရေး . . . "

"ဒို့အရေး . . . "

"ယမမင်းကြီး စိတ်ဓာတ်ကောင်းဖို့အရေး . . . "

"ဒို့အရေး . . . "

www.burmeseclassic.com

www.burmeseclassic.com

# XXIII

ယမမင်း ခေါင်းခြောက်ရပြီ။ ကြားရသော အသံတွေက လုံး၀ နားမချမ်းသာ။ ခက်တာက လူ့ပြည်လို မဟုတ်။ လူ့ပြည်ဆိုလျှင်တော့ ဒါမျိုးကိစ္စကြုံလာလျှင် အကုန်လုံး ဖမ်းပြီး ထောင်ထဲထည့်လိုက်ရုံသာ။ အဲဒါမှ မရလျှင် ရမည့်နည်းလမ်းတွေက ထောင်ထဲမှာ အသင့်ရှိနေသည်။

ဒီမှာက ထိုသို့မဟုတ်။ သတ်ပစ်လျှင်တောင် အကုသိုလ် မကုန်မချင်း အကြိမ်ကြိမ် ပြန်ရှင်လာနေမည်ဖြစ်ရာ ဘယ်လိုလုပ်လုပ် မထူးမည့်သဘောမှာ ရှိနေသည်။

“ကဲ . . . ဘယ်လိုလုပ်ကြမလဲ။ ပြဿနာက မငြိမ်းတဲ့အပြင် ပိုပြီးတော့တောင် ကြီးလာပြီ”

ဒေါသရှိန် ရှိန်းထွက်နေသော ယမမင်းစကားကြောင့် ခမိန်သုရေ့ထွက်လာရချေပြီ။ ပညာရှိပီပီ ကိစ္စတစ်ရပ်လုံးကို ခြုံ၍ အဖြေရှာနေသည်ဖြစ်ရာ . . .



“အဓိကက ဘိုကြီးဆိုတဲ့ကောင်ပါ . . . ငရဲမင်း။ သူ့ကို ငရဲအထုတ်ပြီး တစ်ယောက်တည်း ခွဲထားလိုက်ရင် ဆူပူသူတွေ အလိုလိုငြိမ်းသွားပါလိမ့်မယ်”

မြောက်ပိုင်းတိုင်း ငရဲဌာနချုပ်တိုင်းမှူး မင်းအောင်က . . .

“ဒါတွေအားလုံးက ဘိုကြီးဆိုတဲ့ကောင် မွေတဲ့မီးတွေပါ”

ယခုစစ်ဆင်ရေးကို တာဝန်ယူထားသည့် အရှေ့ပိုင်းတိုင်းသူသိန်းက ထပ်မံလျှောက်ဆော်သည်။

“တံခါးဝမှာ ဖြစ်တဲ့အတွက် တခြားငရဲတွေကိုပါ အချိန်မရွေး ကူးစက်သွားနိုင်ပါတယ်။ အဲလိုဆို အကုန်ရှုပ်ကုန်ပါလိမ့်မယ် . . . ငရဲမင်း”

ယမမင်း မျက်လုံးပြူးရပြီ။ ဒါမျိုးတော့ အဖြစ်မခံနိုင်။

“ဒီကောင့်ကို ငရဲကြီး ပို့လိုက်တော့”

“ဟာ . . . ငရဲမင်း”

ပြတ်သားပါ၏။

“အမြန်ဆုံး . . . ”

ᨒ ᨒ ᨒ



www.burmeseclassic.com

www.burmeseclassic.com

# XXIV

အရှေ့ပိုင်း လှသိန်းကိုယ်တိုင် ဦးဆောင်လာသော တပ်စုမှာ ချက်ချင်းပဲ မြား၊ လှံ ငရဲတံခါးဝကို ရောက်လာသည်။ အတွင်းမှာ တိုက်ခွဲက အရှိန်ကောင်းနေပြီ ဖြစ်၏။

'ဂျိုင်း' ခနဲ တံခါးဖွင့်သံကျယ်ကြီးနှင့်အတူ အရှေ့ပိုင်း လှသိန်းက အသံဝါကြီးဖြင့် . . .

"ဘိုကြီးဆိုတဲ့ကောင် ဘယ်မှာလဲဟေ့ . . ."

နာမည်ခေါ်သံကြား၍ ဘိုကြီးလှည့်ကြည့်တော့ အတွင်းပြေးဝင်လာသော တပ်စုတစ်စုကို မြင်သည်။ ဦးဆောင်လာသူက အရှေ့ပိုင်း လှသိန်း ကိုယ်တိုင်။ ဘိုကြီး သဘောပေါက်လိုက်လေပြီ။ ပစ်မှတ်သည် သူကိုယ်တိုင်ကလွဲပြီး မဖြစ်နိုင်တော့။

အတူတိုက်ပွဲဝင်နေသူ ရဲဘော်အချို့က သူ့အား စိုးရိမ်သလို ဝိုင်းကြည့်ကြသည်။ ဘိုကြီးပါ . . . ဒါမျိုးကိစ္စနဲ့တော့ ဘယ်တော့မှ သိက္ခာကျမခံ။ ရင်ကိုကော့ကာ ပြန်အော်သည်။

"ဒီမှာဟေ့ . . ."

"ဘယ်မှာလဲ . . ."



"ဒီမှာ . . ."

"ဒီမှာဆို လာတယ်ကွာ . . ."

ပြေးလာသောတပ်စုမှာ သူ့အား ဝိုင်းလိုက်ကြသည်။ အရှေ့ပိုင်း လှသိန်းက မလှမ်းမကမ်းမှ ရပ်ကြည့်ပြီး အမိန့်ပေး၏။

"ဆော်စမ်း . . ."

အမိန့်ရသည်နှင့် တပ်စုမှာ တစ်ယောက်တစ်လက် ပါးကွက်သား ဆန်ကြတော့သည်။ ကြိုတင်တိုင်ပင်ထားသည်ထင်တဲ့ သေအောင်မသတ်၊ နာအောင်သာ ဆော်သည်။ ကြာလာတော့ ဆုပ်ကိုင်ထားသော လက်တွေမှာ ကျိုးကျေကုန်ပါ၏။ သေအောင်မသတ်သည်မို့ အသစ်လည်း ပြန်ဖြစ်မလာ။ ထို့ကြောင့် ဆက်လက်ဆုပ်ကိုင်ခွင့်လည်း မရှိကြတော့။

အားရအောင် ဆော်ပြီးချိန်မှာ . . .

"တော်ပြီ . . . ရပ်တော့"

အမိန့်သံကြောင့် သွေးဆာသောလက်တွေ ငြိမ်သွားသည်။ အရှေ့ပိုင်း လှသိန်းက နီးစပ်ရာလှံတစ်ချောင်းကို ဆွဲယူကာ ပွဲသိမ်းကို တာဝန်ယူသည်။

"ရှော့စမ်းကွာ . . ."

လှံမှာ ဘိုကြီးရင်ကို ဖောက်ပြီး ထုတ်ချင်းခတ်သွား၏။

ညည်းညူသံတိုးတိုးနှင့် ခေါင်းငိုက်စိုက်ကျသွားသော ဘိုကြီးကို ကြည့်ကာ . . .

"သူ့ကို ထမ်းခေါ်ခဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com

ငရဲကြီး

သို့

ကြေးအိုးငရဲ

# XXV

ငါးများကို တံစို့ထိုးသကဲ့သို့ သူ့ကိုလည်း လှံဖြင့်ထိုးကာ ထမ်းခေါ်လာသည်။ လှံရှည်ကြီး၏ တစ်ဖက်တစ်ချက်ကို ငရဲထိန်းနှစ်ဦးက ထမ်းပြီး အလယ်မှာကား ထုတ်ချင်းပေါက်ဒဏ်ရာဖြင့် ဘိုကြီး။

အသက်မသေသည်မို့ ခံစားရသောနာကျင်မှုက ဆိုဖွယ်ရာမရှိ။ ဒါပေမဲ့ . . . ခံစားမနေနိုင်အား။

သူ့ကို ဘယ်ခေါ်လာတာလဲ။ လောလောဆယ် ထိုကိစ္စက အရေးကြီးနေသည်။

"ငရဲသားသစ်ဟေ့ . . ."

အော်သံနှင့်အတူ မင်းတုံးဖြုတ်သံ၊ တံခါးဖွင့်သံတွေကို ကြားရသည်။ ထို့နောက် ဘိုကြီး ခံစားမိလိုက်သည်ကား အနှစ်နှစ်ဆယ်လုံးလုံး ကမ္ဘာပေါ်တွင် နေလာခဲ့သည့် သက်တမ်းတစ်လျှောက် ယခုလောက်ပြင်းထန်အောင် တစ်ခါမှ မခံစားခဲ့ရဖူးသည့် အပူရှိန်။

www.burmeseclassic.com

www.burmeseclassic.com

ပူချက်က (၉) မဟုတ် (၉၉၉၉ . . . . . . ) လောက် ရှိသည်။ နဂါးပွက်တောင်ထိပ် ရောက်နေသလို တပွက်ပွက်ဆူပွက်သံများကိုလည်း ကြားရ၏။ ပြီးတော့ . . . ထုံးစံမပျက် ကယ်ပါယူပါ အော်သံများ။

ဘာတွေလဲ . . .

စဉ်းစားလို့ မဆုံးခင်မှာပင် သူ့ခန္ဓာကိုယ်က လေပေါ်မြောက်တက်သွားပါ၏။ ထို့နောက်မှာ . . .

"ဗွမ်း . . ."

"အား . . ."

ထိုမျှသာ အသံထွက်နိုင်တော့သည်။ ဘိုကြီး၏ ခန္ဓာကိုယ်မှာကား ဆီပူမှာ ထည့်ကြော်လိုက်သလို 'ရှဲ'ခနဲဖြင့် ကြေးအိုးငရဲ (ခေါ်) ငရဲကြီးတွင်းသို့ . . .

• • •

အသက်ပြန်ဝင်တော့ ရေနွေးအိုးထဲရောက်နေသလို ခံစားရသည်။ ဒါပေမဲ့ . . . ခဏချင်းပဲ နားလည်လိုက်ပါသည်။ ရေနွေးမဟုတ်။ ဆီပူအိုးပါ။ ငရဲပြည်၌ ဆီများ ဈေးပေါသည် ထင်၏။ ဒါမှမဟုတ် ဆီလုပ်သောစက်ရုံ၊ အလုပ်ရုံများရှိသည် ထင်သည်။ ပွက်ပွက်ဆူနေသော ဆီတွေက မျက်စိတစ်ဆုံး နည်းနည်းနောနောမဟုတ်။

ပြီးတော့ အမေဇုန်သစ်တောကြီး မီးမြိုက်ပြီး ဖင်ခုထိုင်ထားရသလို ပူလောင်နေသည်။ မည်မျှ ပူသလဲဆို အရေပြားတွေ အလွှာလိုက် ကွာကျလာသည်ထိ၊ မြင်တွေ့သမျှ ဘဝတူ ငရဲသားများမှာလည်း ပုံသဏ္ဌာန်အမျိုးမျိုး၊ ကွေးသူကကွေး၊ တွန့်သူကတွန့်၊ အကြောဆွဲသူကဆွဲ၊ မချည့်မဆန့် ဝေဒနာကို ခံစားရင်း သေသူကသေ။

ဒီအတိုင်း ငုတ်တုတ်ထိုင် အပူခံရသည်လည်း မထင်လိုက်နှင့်။ အိုးအောက်ခြေမှ ပင့်အားတစ်ခုနှင့် တက်လာသော ဆီပူတွေက သူတို့



အား အထက်သို့ ခေါ်ဆောင်ကာ သွား၏။ ရေနစ်သူတစ်ယောက် ကြမ်းပြင်တွန်းကန်အားနှင့် အပေါ်တက်လာရသလိုမျိုး။ ဆီပူမျက်နှာပြင် ဆော 'ဗွမ်း' ခနဲ ပေါ်သွားတော့ . . .

"ကဲကွာ . . ."

မာန်ဟစ်သံနှင့် 'အား' ခနဲအော်သံက တစ်ဆည်းတည်းဆိုသလို ထွက်သွား၏။ မျက်လုံးကို ပွတ်ကာကြည့်တော့ ဧရာမငရဲထိန်းကြီးက ဧရာမလှံကြီးကိုကိုင်ပြီး ပေါ်လာသူငရဲသားများကို တစ္စက်စွက် ထိုးသတ်နေသည်။ သူ့ဘေးမှ ငရဲသားတစ်ဦး လှံချက်နှင့်ကြွကာ အိုးအောက်ပြန်ဆောက်သွား၏။

ဘိုကြီးမှာ ပတ်ဝန်းကျင်ကိုမှ မလေ့လာရသေး။

"ရော့ . . . ဒုတ် . . . "

"အား . . ."

ဩော် . . . ငရဲပြည်၌ အသက်သေရတာ လွယ်လွန်းပေစွ။

• • •

နောက်တစ်ကြိမ် အသက်ရှင်ပြန်တော့ ပထမအတိုင်းပင် အိုးအောက်မှ တက်လာသော ဆီပူပင့်အားနှင့် အပေါ်ရောက်ရပြန်သည်။ မျက်နှာပြင်ပေါ် ခေါင်းဖော်တော့ လှံနှင့် ထိုးတာခံရသည်။ တတိယအကြိမ် သေရပြန်ပါ၏။ ဒါပေမဲ့ အိုးမျက်နှာပြင် အခြေအနေကိုတော့ လေ့လာနိုင်ခဲ့သည်။

မျက်စိတစ်ဆုံး ကြီးမားကျယ်ပြန့်သော ဆီပူအိုးကြီးဖြစ်၏။ မျက်နှာပြင်က အငွေ့ထောင်းထောင်းထကာ ကယ်ပါ၊ ယူပါ အသံများ ဆင်းရဲခြင်းအတိပြီးနေသည်။ ပွက်ပွက်ဆူနေသော ထမင်းအိုးမှ ဆန်များကဲ့သို့ သူတို့ငရဲသားများမှာ ပေါ်လိုက်၊ ပျောက်လိုက်။



www.burmeseclassic.com

www.burmeseclassic.com

အိုး၏ ပတ်ပတ်လည်မှာ ပေပေါင်းများစွာမြင့်သော မီးတောင်ကြီးများက တရှဲရှဲမြည်လျက် အထက်သို့ ထိုးတက်လျက်ရှိနေသည်။ ရောမ ငရဲထိန်းကြီးက လှံရှည်ကြီးကိုင်ပြီး ကျင်းဝမှာ စောင့်နေသော ဗျိုင်းကဲ့သို့ ပေါ်လာသမျှကို အဆက်မပြတ် ထိုးသတ်ကာနေပါ၏။

ယခုတစ်ကြိမ်မှာတော့ ဘိုကြီး သေချာစဉ်းစားရပြီ။ ဒီအတိုင်းတက်သွားပါက သူ့ဘဝသည် ပေါ်လိုက်၊ ပျောက်လိုက်၊ သေလိုက်နှင့်သာ ပြီးသွားတော့မည်ဖြစ်၏။ ဒီတော့ . . .

အခြေအနေကို ဆင်ခြင်မိစဉ် လေ့လာထားသော အကြောင်းအရာတွေက ခေါင်းထဲမှာ ပေါ်လာသည်။

ပူသော အရာဝတ္ထုမှန်သမျှသည် ၎င်းနှင့်ပမာဏတူ အေးသောအရာ ဝတ္ထုများထက် ပို၍ ပေါ့ပါးသောသဘောရှိ၏။ ထို့ကြောင့် အထက်သို့ တက်နိုင်သည်။

ယခု ထမင်းအိုးထဲမှ ဆန်ကဲ့သို့ သူတို့ငရဲသားများ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေခြင်းမှာလည်း ထိုသဘောတရားပါပင်။ မီးအပူရှိန်ကြောင့် အိုးအောက်ခြေဆီပူများမှာ အထက်သို့ တက်လာ၏။ အပေါ်မှ ပို၍အေးသော ဆီများက အောက်သို့ဆင်းရသည်။ ထိုအခါ သူတို့ငရဲသားများမှာ ဆီများသယ်ဆောင်ရာနောက်သို့ လိုက်ပါနေရပါတော့၏။

ထိုစက်ဝိုင်းမှလွတ်မြောက်နိုင်သော နည်းလမ်းတစ်စုံတစ်ရာ မရှိပေဘူးလား။ မေးခွန်းကို ဖြေရလျှင်တော့ ရှိပါသည်။ ဆီများ သယ်ဆောင်ရာသို့ လိုက်ပါနေရခြင်းမှာ သဘောတရားကြောင့်ဆိုတာထက် အပေါ်တက်ပြီး အသက်ရှူချင်သောကြောင့် ဖြစ်သည်။

ရေနစ်သူကဲ့သို့ သူတို့သည်လည်း အသက်ရှူမှုကို လိုသည် မဟုတ်ပါလား။ အဓိကအချက်ကိုတွေ့တော့ ဖြေရှင်းဖို့နည်းလမ်းမှာ အလိုလိုပေါ်လာသည်။

ရေနွေးတည်ခြင်းဆိုင်ရာ ရူပဗေဒသဘောတရားတစ်ခုရှိပါ၏ ယခုပုံစံနှင့် ဆင်တူသည်။ ပူသောအရည်များ အထက်သို့ တက်လာသောအခါ အေးသောအရည်များက အောက်ဆင်းပေးရသည်။ ထိုနည်းအတိုင်း ပူသောအရည်များ ရွေ့လျားခြင်းဖြင့် အပူသယ်ဆောင်သွားခြင်းကို အပူသယ်ဆောင်ခြင်း (Convection) ဟုခေါ်သည်။

ထိုသယ်ဆောင်ခြင်းကြောင့် မကြာမီမှာပင် ဆီမှာ ဆူ(ကျက်)လေတော့၏။ ဆူသည့်အခါ လေပူဖောင်းလေးများ အထက်သို့ တက်လာသည်ကို မြင်ရသည်။ ဒါသည် အသက်ဖြစ်ပါသည်။ ပူပေါင်းတွင်ရှိနေသော လေဟာနယ်က အသက်ရှူမှုအတွက် လိုအပ်လာလေ အရင်းအမြစ်ကို တစ်စိတ်တစ်ပိုင်းအားဖြင့် ဖန်တီးပေးနိုင်ပါလိမ့်မည်။

အချိန်တစ်ခုကြာအောင် လွင့်မျော၍ အခြေအနေကို သုံးသပ်ပြီးနောက်မှာတော့ . . .

"ဖောက် . . . "

နံဘေးမှ တက်လာသော ဆီပူပေါင်းလေးတစ်လုံးကို လက်ဖြင့် ထိုးဖောက်ကြည့်လိုက်သည်။ လေဟာနယ်သေးသေးလေးတစ်ခု၏ ရိုက်ခတ်မှုကို လက်မှာ ခံစားရပြီးနောက် ပူဖောင်းလေး ပေါက်သွား၏။

အိုကေပါပြီ။ ငရဲအိုးတွင်း အချိန်ကြာမြင့်စွာ အသက်ရှူနိုင်မည့်နည်းလမ်းတစ်ခုကို သူ ရှာဖွေတွေ့ရှိခဲ့ပြီ မဟုတ်ပါလား။

ပူဖောင်းနောက်တစ်လုံး တက်လာတော့ ဘိုကြီး ခေါင်းဖြင့်ဆောင့်ထိုးလိုက်၏။ ရေပူဖောင်းဆိုပါက ချက်ချင်းပေါက်သွားမည် ဖြစ်သော်လည်း ယခုမှု ဆီပူဖောင်းဖြစ်လေတော့ . . .

ပူဖောင်းတွင်း ခေါင်းထိုးသွင်းကာ ရှိသမျှလေကို တစ်ဝရှူလိုက်သည်။ လေမကုန်ခင် ပူဖောင်းမှာ ပေါက်သွား၏။ ကိစ္စမရှိပါ။ ဒီတစ်လုံးပေါက် နောက်တစ်လုံးပေါ့။

ဒီလိုနှင့် ဘိုကြီးဆိုသော ငရဲသားတစ်ဦးမှာ ငရဲတကာ ငရဲတွင်အကြမ်းတမ်းဆုံး၊ အခက်ထန်ဆုံး၊ အရက်စက်ဆုံးဟု နာမည်ကြီးသည့်ကြေးအိုးငရဲတွင်း၌ ခြေဆော့သော ငါးလေးတစ်ကောင်အလား ကူးခတ်နေပါတော့၏။





www.burmeseclassic.com

www.burmeseclassic.com

အသက်လေး တစ်ခါရှူဖို့အရေး လုံနှင့် အထိုးခံရမလိုတော့။ တစ်ခုပဲရှိသည်။

ဆီပူဒဏ်မခံနိုင်လျှင်တော့ အိုးထဲမှာပင် မသေမဖြစ် သေပေးရပါသည်။

• • •

အလကား ကူးခတ်နေသည်လည်း မထင်လိုက်ပါနှင့်။ ထွက်ပေါက်ကို ရှာနေတာပါ။ ဤငရဲကြီးမှ လွတ်မြောက်ရာ ထွက်ရပ်လမ်းကို ရှာနေတာပါ။ ငရဲအိုးကြီးမှာ အတိုင်းအဆမရှိ ကျယ်ဝန်းနေပါ၏။ ပုံစံက လူ့ ပြည်အလှူများတွင် ချက်ပြုတ်ရန် အသုံးပြုသော မိုးပြဲဒယ်ပုံစံမျိုး ဖြစ်သည်။

အိုးနံရံက အလွန်တစ်ရာ ထူထဲခိုင်မာလွန်းရာ ဘာနှင့်မှ ထိုးမဖောက်နိုင်သော အနေအထားတွင်ရှိသည်။ မည်သို့ လုပ်ရပါမည်နည်း။ အပေါ်တက်လျှင် သေချာပေါက် လုံနှင့် အထိုးခံရမည်။ အောက်ဆင်းလျှင်ရော . . .

ယခုထက် အပူကဲမှာတော့ သေချာသည်။

ဒါပေမဲ့ ရွေးချယ်စရာ မရှိသည်မို့ . . .

• • •

ဖြုန်းခနဲတွေ့တော့ ဘိုကြီး အကြောက်လွန်ကာ နောက်သို့ ရှမ်းပစ်ကျသွားသည်။

"ဟာ . . . ဘာကြီးလဲ"

ခပ်ဝေးဝေးရောက်မှ မျက်လုံးကို ပွတ်ပြီး သေချာကြည့်မိတော့ . . .

"ဟာ . . ."



သူတို့လို ငရဲကျခံနေရသော ငရဲသားတစ်ဦးပါ။ ဒါပေမဲ့ သူတို့နှင့် မတူသော ကွဲလွဲမှုတွေရှိနေ၏။ ခြေထောက်နှစ်ချောင်းကို သံကြိုးခတ်ထား၏။ ပြီးတော့ လှုပ်ရှားခြင်းမပြုနိုင်အောင် ထိုသံကြိုးအား အိုးဖင်တွင် ငုတ်ရိုက်ထားသည်။

အဆန်းကြီးပါလား။ ဤငရဲအိုးကြီးတစ်ခုလုံး၌ အပူဆုံးနေရာမှာ အောက်ခြေဖြစ်ပါသည်။ ထိုအပူဆုံးနေရာတွင်မှ သံကြိုးခတ် ငုတ်ရိုက်ထားသည်ဆိုတော့၊ ထူးဆန်းသောပုံစံဖြင့် အပြစ်ပေးခံနေရသော ငရဲသားပါလား။

သူ့ကိုတွေ့တော့ ထိုပုဂ္ဂိုလ်က နှစ်လိုဖွယ် ပြုံးပြရင်း . . .

"ငရဲစက်ဝိုင်းက လွတ်မြောက်နေသူပဲ။ သူ့ရဲကောင်းတစ်ဦးတော့ ပေါ်ပြန်ပြီ"

ထိုပုဂ္ဂိုလ်က သူ့ကိုပဲ ပြောသလို တစ်ဦးတည်းပဲပြောသလိုဖြင့် ရေရွတ်ကာ . . .

"မကြောက်ပါနဲ့ . . . ကျုပ်လည်း ခင်ဗျားတို့လို အပြစ်ခံနေရတဲ့ ငရဲသားပါ။ ဒီနားလာနိုင်ပါတယ်။ ကျုပ်နဲ့ စကားပြောနိုင်ပါတယ်"

အေးအေးလူလူပုံစံ ရှိသည်ကြောင့် အခြေအနေကို အကဲခတ်ရင်း ဘိုကြီး ကူးခတ်သွားလိုက်ပါသည်။ ပုဂ္ဂိုလ်က သူ့အား အပြုံးဖြင့် ဆီးကြိုနေပြီး အနီးရောက်လာစဉ် ဦးညွှတ်နှုတ်ဆက်၏။

ဘိုကြီး သေချာကြည့်မိတော့ တည်ကြည်သောမျက်နှာ၊ သိမ်မွေ့သော ကိုယ်ဟန်နှင့် ကရုဏာသက်သော မျက်လုံးတို့ကို မြင်ရသည်။ ဒါပေမဲ့ ခြေထောက်မှာ ခတ်ထားသော သံကြိုးကြောင့် . . .

"ခင်ဗျားလည်း ကျွန်တော်တို့လို ငရဲခံနေရတာလား"

"ဟုတ်တယ်လေ . . . ငရဲခံရတာမလို့ ငရဲအိုးထဲ ရောက်နေတာပေါ့"

"ဒါပေမဲ့ . . . ခင်ဗျားခံရပုံက ကျွန်တော်တို့နဲ့လည်း မတူဘူး။ ပြင်းထန်နေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ပြင်းထန်ဆို ကျုပ်လုပ်တဲ့အပြစ်က ခင်ဗျားတို့အားလုံးထက် ပိုကြီးနေတာကိုး"

"ဘာအပြစ်မလို့လဲဗျ"

ဘိုကြီး ပက်ခနဲ မေးလိုက်သည်။

"ငရဲကထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစားလို့"

"ဗျာ . . ."

မျက်လုံးပြူးရလေပြီ။ ပုဂ္ဂိုလ်ပုံစံကို ကြည့်ပြီးလည်း ကျတ်ဆင်းသွားရပါ၏။ ငရဲက ထွက်ပြေးဖို့ကြိုးစားရင် ဒါမျိုးအပြစ်ခံရတယ်လား။ သူ့ပုံစံကိုကြည့်ပြီး ပုဂ္ဂိုလ်က သဘောပေါက်စွာ . . .

"မပူပါနဲ့ . . . ကျုပ်က ဘယ်လိုပဲပြေးပြေး လွတ်နိုင်တဲ့သူ မဟုတ်လို့ အဖမ်းခံရတာပါ။ ခင်ဗျားဆိုရင် လွတ်နိုင်ပါတယ်"

နောက်တစ်ကြိမ် ကျတ်သွားရလေပြီ။ ဘိုကြီး အလျင်စလို ဖြင့် . . .

"ကျွန်တော် ထွက်ပြေးဖို့ ကြံစည်နေတယ်ဆိုတာ ခင်ဗျားသိ တယ်လား"

"သိတာပေါ့ . . . ကိုယ့်လူ ဒီငရဲအိုးထဲ စကျလာကတည်းက သိတယ်။ အခုလည်း ဘယ်လိုနည်းနဲ့ ရှင်သန်နေတာလည်း သိတယ်"

လျှော့မတွက်ရဲတော့။ ပေါ့သေးသေး ပုဂ္ဂိုလ်မဟုတ်တာတော့ သေချာသည်။ အိုးအောက်ခြေမှာနေပြီး သိချက်က အလွန်အကျွံ၊ ဘေ ပေါ့လေ . . . ဒါကြောင့်မလို့လည်း ထွက်ပြေးဖို့ စိတ်ကူးရဲတာပေါ့။

ကိုယ့်ထက်တော်နေတာ သေချာပြီမို့ လိုအပ်ရင် ဆရာတင် တော့မည်။ ထိုစဉ် ပုဂ္ဂိုလ်က စကားစလာသည်။

"တကယ်သာ လွတ်အောင်ပြေးမယ်ဆိုရင်တော့ ကျုပ် တ နိုင်သလောက် ကူညီပေးချင်ပါတယ်။ ဒါပေမဲ့ . . . အဲလိုပြေးဖို့အတွက် က ကိုယ့်လူ လူနှစ်ယောက်အကြောင်းကို သိမှရမယ်"



"လူနှစ်ယောက်အကြောင်း"

ဘိုကြီး မျက်မှောင်ကြုတ်မိသွား၏။

"ဟုတ်တယ် . . . သူတို့အကြောင်းကို သိထားမှ အဆင်ပြေ မယ်"

သူ နားမလည်။ ထို့ကြောင့် . . .

"ဘယ်သူ့အကြောင်းလဲဗျ . . ."

ပုဂ္ဂိုလ်မှာ ပြောဖို့ ပါးစပ်ပြင်လိုက်၏။ ထိုစဉ်မှာပဲ ခန္ဓာကိုယ် မှာ တစ်ချက်တုန်ကာသွားသည်။ ခန္ဓာကိုယ်အောက်ပိုင်းဆီမှ တဖျစ်ဖျစ် မြည်သံများကို ကြားရပြီးနောက် . . .

"မရတော့ဘူး . . . အပူရှိန် ပြင်းလာပြီ၊ ကျုပ် သေရတော့ မယ်"

ပုဂ္ဂိုလ်မှာ ကြည့်နေရင်းနှင့် လည်ပင်းအကြောတွေ ထောင်လာ တာ . . .

"ခဏာနေမှ ပြန်လာခဲ့တော့"

စကားအဆုံး အသားတွေ တစ်လွှာချင်း ကွာကျလာသည်။ ဘိုကြီး ကျွမ်းပစ်ကာ နောက်ကိုခုန်ဆုတ်လိုက်သည်။

မကြာပါ။

သူ၏ ခန္ဓာကိုယ်သည်လည်း မုန့်ဟင်းခါးအိုးထဲမှ ငါးကဲ့သို့ အစိတ်အစိတ် အမွှာမွှာ ကွဲကြေကုန်တော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# XXVI

အိုးအောက်ခြေမှ ပူလောင်းလေးများအပေါ်ကို အစီအရီ တက်လာသည်။ တစ်လုံးချင်းကို ခေါင်းထိုးထည့်ကာ ဘိုကြီး အသက်ရှူနေမိပါ၏။

ဘိုကြီးပုံစံကို ကြည့်ပြီး သံခြေကျင်းနှင့် ပုဂ္ဂိုလ်မှာ ပြုံးသည်။ ထို့နောက် နီးစပ်ရာတစ်လုံးကို လက်ဖြင့် ထိုးခွဲရင်း စကားကိုစ၏။

"မြို့ကြီးတစ်မြို့ ဆိုပါစို့ . . . အကောင်းပကတိရှိနေတဲ့ မြို့တော့ မဟုတ်ဘူး။ မကြာသေးခင်ကမှ စစ်ဘေးစစ်ဒဏ်ကို အပြင်းအထန် ခံစားခဲ့ရတဲ့ မြို့ကြီးပါ။ ကြားမိသလောက်တော့ မြို့ခံအုပ်စုနှစ်စု အသက်သေအောင်ထိ အငြင်းပွားခဲ့တယ်လို့ ဆိုဝါတယ်။

ဘယ်လို အငြင်းပွားခဲ့တယ် မသိပေမဲ့ သူတို့မြို့ကြီးအ တော့ သုသာန်တစ်စပြင်လို မြင်လို့မကောင်းအောင် ဖြစ်နေပြီ

ကြည့်ဦးလေ၊ နေရာအနှံ့မှာ မီးခိုးတွေ တလူလူလွင့်ထို လူနေအိမ်ဆိုတာကလည်း လက်ညှိုးထိုးပြစရာကို မရှိတော့



အောင် ပြိုကျပျက်စီးနေပြီ။ ဘယ်လိုများ ဖြစ်ရတာလဲ။ မြို့ခံအချင်းချင်း စကားများပြီး ကိုယ့်မြို့ကိုယ်ဖျက်တဲ့ကိစ္စက တော်တော်တော့ စိတ်ဝင်စားဖို့ကောင်း နေတယ်။

လူအသေအပျောက်လည်း တော်တော်များတယ်လို့ ကြားရတယ်။ မသေနေနိုင်ရိုးလား . . . အပျက်အစီးတွေကိုသာ ကြည့်လေ။ ထူးခြားတာက လမ်းမထက်မှာ လူတွေကို မတွေ့ရတော့ဘူး။

အသက်မသေဘဲ ကျန်ခဲ့တဲ့ လူတစ်ခြမ်းက သူတို့မြို့ရဲ့ အကြီးမားဆုံးနဲ့ အကျယ်ဝန်းဆုံးခန်းမကြီးထဲကို ရောက်နေပြီ။ ခန်းမနာမည်က 'အပြာရောင်သံလွင်ခက်' လို့ အမည်ပေးထားတယ်။ နောက်တစ်ခြမ်းကတော့ ဂိုထောင်ဟောင်းကြီးထဲမှာပါ။ အရင်တုန်းကတော့ သူတို့မြို့အတွက် ဆန်စပါးတွေ တစ်မိုးစာ သိုလှောင်ထားတဲ့ ဂိုထောင်ကြီးပေါ့။ အခုတော့ ဘာဆန်စပါးမှ မကျန်တော့ဘူး။

ဆန်၊ စပါးအစား ဒဏ်ရာရလူနာတွေပဲ အထဲမှာရှိတော့တယ်။ ခန်းမကြီးထဲကို ကြည့်လိုက်ဦး။ ပွန်းပဲ့စုတ်ချာသော ရုံစံတွေနဲ့ ငိုသူက ငိုနေကြတယ်။ ဆုတောင်းသူက ဆုတောင်းနေကြတယ်။

ဟုတ်တယ်လေ . . . သူတို့ တစ်သက်လုံး ပင်ပင်ပန်းပန်း ရှာဖွေစုဆောင်းခဲ့တဲ့ ပစ္စည်းဥစ္စာတွေက နှစ်ဖက်အငြင်းပွားမှုမှာ ပျက်စီးဆုံးပါးသွားခဲ့ပြီကိုး။

ခေါင်းဆောင်လုပ်သူကတော့ တာဝန်ကျေပါတယ်။ ဒီဆုံးရှုံးမှုတွေအတွက် သူ သေချာပေါက် တာဝန်ယူပေးပါ့မယ်လို့ အကြိမ်ကြိမ် ကတိခံနေတယ်။ ယုံသူတွေတော့လည်း ယုံကြပါ့။ မယုံသူတွေက မယုံကြဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့လည်း လောလောဆယ် သူတို့မှာ အားကိုးရာက သူပဲ ရှိတာကိုး။ ခက်တာက ဒီအငြင်းပွားမှုကြီး ဒီလောက်နဲ့ ပြီးဆုံးသွားပြီလား၊ စဉ်းစားစရာပါ။ ဒီအတိုင်းသာ ဆက်သွားရင်တော့ သူတို့မြို့ကြီး သေချာပေါက် နှစ်ခြမ်းကွဲတော့မှာ သေချာတယ်။

တစ်မြေထဲနေ တစ်ရေထဲသောက်ပြီး တစ်ဦးနဲ့တစ်ဦး၊ တစ်ဖက်နဲ့တစ်ဖက် မခေါ်နိုင်၊ မပြောနိုင်တွေ ဖြစ်တော့မယ်။

စိတ်ညစ်ပါတယ်။

ဒါပေမဲ့ တစ်ရက်မှာတော့ သူတို့မြို့ကို လူစိမ်းနှစ်ဦး ရောက်လာလေရဲ့။

• • •

"မင်းက ငါ့ဆီက ဘာပညာသင်ချင်တာလဲ"

"ဆရာကြီးတတ်ထားသမျှ အကုန်လုံး"

"အောင်မာ . . ."

အဘိုးကြီးက လူငယ်ကိုကြည့်ပြီး ပြုံးပါတယ်။

"တော်တော်လောဘကြီးတဲ့ ကောင်ပါလားကွ။ မင်းနာမည် ဘယ်လိုခေါ်လဲ"

"သော . . ."

"နာမည်က 'သော' တဲ့လား"

"ဟုတ်ပါတယ် . . ."

လူငယ် ခေါင်းညိတ်ပြတော့ အဘိုးကြီးက ခေါင်းတဆတ်ဆတ် ညိတ်ပြီး . . .

"မင်းက အိတ်တစ်လုံး၊ ဖိနပ်တစ်ရန်နဲ့ ပညာသင်ဖို့ ထွက်လာတာပေါ့"



"ဟုတ်ကဲ့ . . ."

"ကောင်းပြီ . . . မင်းကို ငါ ပညာသင်ပေးမယ်။ ရေ ရေဘူး။ ဟောဟိုမြင်နေရတဲ့ သဲကန္တာရကြီးအဆုံးမှာ ရေကြည်အိုင်ရှိတယ်။ အဲဒီကရေကို ဒီရေဘူးနဲ့ သွားခပ်ချည်"

လူငယ် နားမလည်ဖြစ်သွားတယ်။ တကယ်လည်း ဘာမှ မဆိုင်ဘူးလေ။ ပညာသင်ဖို့လာတာ ရေခပ်ခိုင်းတယ်ဆိုတော့။ ဒါပေမဲ့ လေးစားကြည်ညိုရတဲ့ ဆရာကြီးမို့ နားမလည်ပေမဲ့ ပြန်မမေးရဲဘူး။ ရိုရိုသေသေပဲ လွယ်လာတဲ့ ကျောပိုးအိတ်လေး ချပြီး ရေဘူးကိုကိုင်လို့ ကန္တာရထဲ ထွက်ခဲ့ပါတယ်။

စဉ်းစားလို့ မရဘူး။ ကြည့်မိသလောက် စည်ပိုင်းထဲမှာ သုံးရေအပြည့်ပါ။ သောက်ရေလည်း ရှိနေပါတယ်။ ဒါကို ဘာသဘောပါလဲ။

မတတ်နိုင်ဘူးလေ။ ခပ်ဆိုတော့လည်း ခပ်ရုံပေါ့။ ဒါပေမဲ့ . . လူငယ်မသိတဲ့အချက်က ကန္တာရရဲ့ အတိုင်းအကျယ်ကိုပါ။ သူလျှောက်လာခဲ့တာ နေ့တစ်ဝက်ကျိုးလာသော်လည်း တစ်မျှော်တစ်ခေါ် ရှိနေတုန်းလေ။ ခရီးက မဆုံးသေးဘူး။ နေကလည်း ပူ၊ နားခိုစရာ အရိပ်ကမရှိ၊ အဆိုးဆုံးက သောက်စရာရေ . . .

ဘူးဖုံးဖွင့်ကြည့်တော့ ရေကအတွင်းမှာ တစ်စက်တောင် မရှိဘူး။ လူငယ်မှာ ချွေးတွေ ဒီးဒီးကျပြီး ပင်ပန်းလို့နေခဲ့တယ်။ အခုမှတော့ နောက်လှည့်ပြီး ရေပြန်သောက်ဖို့ မဖြစ်နိုင်တော့ဘူး။ အဲတော့ ရှေ့ကိုသာ ဆက်ရုံပေါ့။

တဖြည်းဖြည်းနဲ့ နေကွယ်ပြီး ညရောက်လာတယ်။

ပညာရှိကြီးပြောလိုက်တဲ့ ရေအိုင်က ဘယ်ဆီဘယ်ဝယ် မသိသေးဘူး။ ဒီတော့ လေကွယ်ရာတစ်နေရာရှာပြီး ညအိပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာရပါပြီ။ တစ်နေကုန် ခရီးနှင်လာခဲ့လို့ လူတစ်ကိုယ်လုံး လည်း ညောင်းညာကိုက်ခဲနေပြီ။

ဗိုက်ဆာလိုက်တာလည်း အူတွေခွေ ကျမတတ်ပဲ။ ရေငတ်လွန်းလို့ လည်ချောင်းတွေတောင် ကွဲသလိုလို ဖြစ်လာပြီ။ ဒါပေမဲ့ . . .

လေပူတွေတိုက်ပြီး သဲတွေလွင့်လာလို့ လူငယ်ခင်ဗျာ တစ်ညလုံး မအိပ်လိုက်ရဘူး။ တောင်ကမူကွယ်လေးမှာ မရမက တိုးကွယ်ရင်း မိုး လင်းအောင်ပဲ ထိုင်စောင့်ရတော့တယ်။ အလင်း ပျပျ ထွက်လာတယ်ဆိုရင်ပဲ ရေဘူးလေးကိုင်ပြီး ခရီးဆက်ရပါ တယ်။

ဒါပေမဲ့ . . . သူ့ခြေလှမ်းတွေ သွက်လက်မနေတော့ဘူး လေ။

ဒီလိုနဲ့ လျှောက်လာလိုက်တာ နေ့တစ်ဝက် ထပ်ကျော် တော့မှ ပညာရှိကြီးပြောတဲ့ ရေကြည်အိုင်ကို လှမ်းတွေ့ရပြီ။

လူငယ် ပျော်သွားလိုက်တာ ပြောမပြတတ်အောင်ပါပဲ။ အားသွန်ပြေးသွားပြီး အရင်ဆုံးရေကို တစ်ဝသောက်ပစ်လိုက် တယ်။ ပြီးတော့ ရေဘူးကို ဖြည့်၊ ရေချိုးပြီးစဉ်မှာ သူ့တစ်ကိုယ် လုံး လန်းဆန်းသွားရပြီ။

အပြန်ခရီးက လာတုန်းကထက် သွက်လက်ခဲ့ပါတယ်။

လမ်းတစ်လျှောက် ပင်ပန်းလွန်းလို့ သယ်ယူလာ ရေဘူးကို ဖွင့်သောက်ချင်စိတ်တွေ အကြိမ်ကြိမ်ဖြစ်မိပေမဲ့ မ ထိန်းနိုင်ခဲ့တယ်။

ပြီးတော့ . . . ဒီရေကို ပညာရှိကြီး ဘာလုပ်မလဲဆို ကိုလည်း စိတ်ဝင်စားတယ်လေ။ ကန္တာရထဲကဆိုတော့ ဆေး ဘာတွေများ ဖော်မလို့လား။

ဒီလိုနဲ့ အဘိုးကြီးဆီ ပြန်ရောက်တော့ . . .



"ဒီမှာ ရေရပြီ . . . ဆရာကြီး"

အထင်နဲ့အမြင် တကယ်တကယ်စင်အောင် လွဲသွားတယ်။ အဘိုးကြီးက ရေဘူးကို ကိုင်တောင် မကြည့်ဘူး။

"လာ . . . ငါတို့သွားရအောင်"

လူငယ်မှာ ကြောင်တောင်တောင်နဲ့ပဲ အဘိုးကြီးခေါ် ဆောင်ရာနောက် ပါသွားခဲ့ရတယ်။ ပခုံးမှာ သူ တပင်တပန်း ခပ်လာခဲ့ရတဲ့ ရေဘူးလေးကို လွယ်လို့ပေါ့။

တောင်ကုန်းအထပ်ထပ် ဖြတ်ကျော်ပြီးနောက်မှာ သူတို့ နှစ်ဦး မြို့ကြီးတစ်မြို့ကို ရောက်လာခဲ့ပါရဲ့။ တစ်ချိန်က စည် ကားခဲ့ဟန်တူသော်လည်း ယခု အကြီးအကျယ် ပျက်စီးနေပြီ။ မြို့ပျက်ကြီးကို မြင်တော့ အဘိုးကြီး မျက်နှာပျက်သွားတယ်။

ချက်ချင်းပဲ ခန်းမဆောင်ကြီးရှိရာကို သွားပြီး တံခါးကို ဆွဲဖွင့်လိုက်တော့ . . .

"ဟင် . . ."

အားငယ်နေသူ၊ ဝမ်းနည်းနေသူတွေ အကုန်လုံး ခေါင်း ထောင် သွားကြတယ်။ တံခါးဝမှာရပ်နေတဲ့ ပညာရှိကြီးကို တွေ့ လိုက်ရလို့လည်း သူတို့မျက်လုံးတွေ အရောင်တောက်သွားကြပါ တယ်။ ခေါင်းဆောင်ဖြစ်သူက ပညာရှိကြီးထံ ပြေးချလာပြီး..

"ဟာ . . . ဆရာကြီး ဝမ်းသာလိုက်တာဗျာ။ ဆရာကြီး ကို မျှော်နေကြတာပါ"

"ငါ နောက်ကျသွားပြီ"

ခေါင်းဆောင်က ပျာပျာသလဲ ငြင်းဆိုတယ်။

"မကျပါဘူး . . . ဆရာကြီး၊ နောက်မကျပါဘူး။ အမှန် တရားကို ရှာဖွေနေသူတစ်ယောက်အတွက် နောက်ကျတယ်ဆို တာ မရှိပါဘူး။ လုပ်ပါ . . . ဆရာကြီးရယ်။ အခုဆို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တို့ ဘဝတွေက ဆရာကြီး မြင်တဲ့အတိုင်းပါပဲ။ လောကမှာ ခဏ တစ်ခုကလွဲပြီး ပိုင်ဆိုင်တာဆိုလို့ ဘာမှမရှိတော့တဲ့ ကျွန်တော်တို့ကို သနားသောအားဖြင့် တရားလေးတစ်ပုဒ်လောက် ချီးမြှင့်ခဲ့ပါ"

ပညာရှိကြီးက တောင်ဝှေးကိုထောက်ပြီး တရားဟောစင်ရှိရာကို လျှောက်သွားတယ်။ အားလုံးက သူတို့ ဉာဏ်မီးအိမ်ကို ထွန်းညှိပေမဲ့ မီးစာတစ်ခုလို ပညာရှိကြီးအား အလင်းဝေဝေ ကြည့်လို့ပေါ့။

ငိုနေသူတွေ မျက်ရည်သုတ်၊ သူတို့နှလုံးကို လောင်စာထုတ်ဖို့ အသင့်ပြင်နေကြရဲ့။ ပညာရှိကြီးက စင်ပေါ်ရောက်တော့ လက်တစ်ဖက်မြှောက်ကာ တစ်ခွန်းဆိုတယ်။

"Wisdom and Global" ။

ဒါပါပဲ။ ဒါပဲပြောပြီး စင်ပေါ်မှ တစ်လှမ်းချင်း ဆင်းလာခဲ့တော့တယ်။ မည်သူမျှ နားရည်မဝခဲ့ပါဘူး။ ဒါပေမဲ့ ပညာရှိကြီးမှာ အားလုံးကို ကျောခိုင်းသွားခဲ့ပြီ၊ ဝမ်းနည်းတာလား ဒေါသထွက်တာလား မသိသော သူ့မျက်နှာက တင်းမာစိုထိုင်းလို့။

လူငယ်လည်း ကြောင်တောင်တောင်နှင့် ပညာရှိကြီးနောက်ကို အမီလိုက်ခဲ့ရတယ်။ ဘာသဘောပါလဲ။ အံ့သြလေးမြိုက်သော မျက်လုံးများနဲ့ ကျန်နေခဲ့သောလူများကို လူငယ်အားနာလို့မဆုံးဘူး။ ပညာရှိကြီးကိုလည်း မမေးရဲဘူး။

အပျက်အစီးများနဲ့ အကျယ်တဝင့် ပျောက်ဆုံးအံ့ဆဲမြို့ကို ဖြတ်ပြီး ပညာရှိကြီးက တစ်နေရာကို ဆက်သွားတယ်။ ဂိုထောင်ကြီးတစ်လုံးပါ။ ရောက်ရှိခဲ့တဲ့ ခန်းမဆောင်လို အကျယ်ကြီးပါပဲ။ ပိတ်ထားသော တံခါးကို ဆွဲဖွင့်ပြန်ပါပြီ။

"ဟာ . . ."



လူငယ် မျက်လုံးပြူးရပြီ။ ဒီထဲမှာလည်း ဒဏ်ရာဒဏ်ချက်တွေ၊ နှလုံးသား အရှုံးရာတွေနှင့် လူတစ်စု။ ပညာရှိကြီးကို တွေ့တော့ ရှေ့ကအတိုင်း လက်အုပ်ချီကြရဲ့။ တရားဟောပေးဖို့ တောင်းဆိုပြန်တော့ စကားနှစ်လုံးကို တရားတစ်ပုဒ်အဖြစ် ထပ်ဟောတယ်။

'Wisdom and Global'

ဒါပါပဲ။ ခုနအတိုင်းပဲ ဝမ်းနည်းတာလား။ ဒေါသထွက်တာလား မသိသော တင်းမာစိုထိုင်းသော မျက်နှာနှင့် ဂိုထောင်ထဲက ပြန်ထွက်သွားတယ်။ ဘယ်သူမှ တားချိန် မရခဲ့ပါဘူး။ တားရဲတာလည်း ပါမှာပေါ့လေ။

ပညာရှိကြီးက အပြင်ရောက်တော့ တိုးတိုးဆိုတယ်။

"ငါ့တာဝန် ကျေပြီ"

"သူတို့နှစ်ဖွဲ့ ရန်ဖြစ်လို့ ဒီမြို့ကြီး ပျက်သွားတာလား"

"အသေအချာပေါ့ . . ."

ပညာရှိကြီးမှာ မြို့တွင်းမှာကို မနေတော့ဘူး။ အပျက်အစီးများ နင်းဖြတ်ပြီး တစ်ခါတည်း မြို့ပြင်ထွက်သွားတယ်။ လူငယ်စိတ်ထဲမှာ ဒါကို ဘဝင် မကျနိုင်ဘူး။ ပညာရှိကြီးကို တာဝန်မဲ့လွန်းတယ်လို့ ထင်မိတယ်။

နှစ်ဖက်လုံးက သူ့ကို အားကိုးနေတာလေ။ ဘာပဲဖြစ်ဖြစ် တရားမျှတတဲ့ အဖြေတစ်ခုကို သူ ရှာဖွေပေးခဲ့ရမှာပေါ့။ ဒါမှမဟုတ် နှစ်ဦးနှစ်ဖက် ညီညွတ်ရေးပေါ့။

ပညာရှိလုပ်ပြီး တစ်ကိုယ်ကောင်း ဆန်တာလား။ ဒါဆို တတ်ထားတဲ့ပညာတွေက ဘာအတွက်လဲ။ ကျောခိုင်းထွက်ပြေးဖို့လား။ မြေကြီးနဲ့ ဖုံးဖို့လား။

လူငယ် ဘဝင်မကျနိုင်ဘူး။ ဒါကြောင့် . . .

www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီး . . . ဒီမှာ တစ်ရက်လောက်တောင် မနေတော့ဘူးလား"

"မလိုတော့ဘူး . . . သူတို့မြို့မှာ မကောင်းဆိုးဝါးတွေ ပျော်သွားပြီ။ ငါနေလည်း အလကားပဲ"

လူငယ် နားမလည်ပြန်ဘူး။ ဒါနဲ့ပဲ နောက်တစ်ခွန်း ပြောင်းမေးလိုက်တယ်။

"တစ်မြို့တည်းနေပြီး ဘာလို့ ရန်ဖြစ်ကြတာလဲ"

"မင်းက သိချင်လို့လား"

"အင်း . . ."

"အဲဒါဆို နောက်ပြန်လှည့်ပြီး သွားမေး။ မြို့ပြင်မှာ ငါ စောင့်နေမယ်"

သိချင်စိတ်ကြီးနေတာနဲ့ လူငယ် နောက်ပြန်လှည့်ခဲ့တယ်။ ဟုတ်တယ်လေ . . . ဒီလောက်ပြည့်စုံပြီး ပျော်စရာကောင်းတဲ့မြို့ကြီး ပျက်စီးရလောက်အောင် ဘာတွေ မပြောမလည် ဖြစ်ကြလို့လဲ။

မြို့ထဲပြန်ဝင်ခဲ့တော့ အပျက်အဆီးတွေ ဖယ်ပြီး တစ်ခုတစ်ရာကို ရှာဖွေနေတဲ့ ကလေးလေးတစ်ဦးနဲ့ စတွေ့တယ်။

နီးနီးနားနားလည်း လူမရှိတာနဲ့ သူ့ကိုပဲ မေးလိုက်ပါတယ်။

"ကလေး . . . မင်း ဘာရှာနေတာလဲ"

"ကျွန်တော် ပျော်ရွှင်မှုကို ရှာနေတာပါ"

"ဟင် . . ."

လူငယ်စိတ် မကောင်းဖြစ်သွားရတယ်။ ကလေးလေး မျက်နှာမှာ မျက်ရည်တွေနဲ့လေ။ ဟုတ်မှာပေါ့ . . . ဒီလောက် ရက်စက်မှုတွေ ပြည့်နှက်ခဲ့တဲ့နေရာမှာ ဘယ်လိုလုပ် ပျော်ရွှင်မှု ရှိမှာလဲ။

"ဘာလို့ သူတို့တွေ ရန်ဖြစ်ကြတာလဲ ကလေး၊ မင်း သိလား"

ကလေးလေးက အံကြိတ်ပြီး ငိုတယ်။

"ကျွန်တော့်အဖေ မသေခင်ပြောသွားတာကတော့ ဘုရားသခင်ကို မချစ်ကြလို့တဲ့"

လူငယ် ပါးစပ်ဟောင်းလောင်းပင် ပွင့်သွားရပါတယ်။ သူ့ခေါင်းတွင်းမှာ အလင်းတစ်ပွင့် သီးပွင့်သွားသလိုပဲ။

မှန်လိုက်တဲ့စကား . . . ဟုတ်တာပေါ့။ ဘုရားသခင်ကို မချစ်ကြလို့ပေါ့။ ဘုရားကိုသာ ချစ်ရင် ဒီလို ဘုရားမကြိုက်တာတွေ ဘယ်လုပ်ကြမှာလဲ။ တစ်ဖက်နဲ့တစ်ဖက် ဘာလို့ ခိုက်ရန်အကြီးအကျယ်တွေ ဖြစ်ကြမှာလဲ။

ဆက်မမေးရက်တော့ဘဲ လှည့်ထွက်လာခဲ့ပါတယ်။ ကိုယ်ကလည်း မချော့တတ် မပြုတတ်ကိုး။ မကြာခင်မှာပဲ နောက်လူတစ်ယောက်နဲ့ ထပ်ဆုံတယ်။ သူကတော့ ကလေးလေးလို တစ်ခုခုရှာနေတာ မဟုတ်ပါဘူး။ အိမ်ပျက်ကြီးတစ်လုံးပေါ် ထိုင်ပြီး ငူငူကြီး ငေးနေတာပါ။

"ဗျို့ . . . ဆရာ"

ခေါ်သံကြားတော့ လှည့်ကြည့်လာတယ်။

"ဘာလို့ သူတို့ ရန်ဖြစ်ကြတာလဲဗျ"

လူငယ်ကိုကြည့်နေတဲ့ မျက်ဝန်းမှာ သံသယရိပ်တွေ ရွှန်းထင်းလာတယ်။ တဖြည်းဖြည်းနဲ့ မယုံကြည်ဟန်တို့ ပေါ်လာပြီး ချက်ချင်းပဲ မတ်တတ်ထရပ်ကာ . . .

"လက်သီးတွေ အားနေကြလို့ဟေ့ . . . ဟား . . . ဟား . . . လက်သီးတွေ အားနေကြလို့ . . ."

ပြောပြီး နောက်လှည့် ပြေးသွားလေရဲ့။ လူငယ်မှာ ထိုသူ့ကျောပြင်ကို ကြည့်ပြီး ကြောင်တောင်တောင်နဲ့ . . .

www.burmeseclassic.com

"လက်သီးတွေ အားနေကြလို့"

အင်း . . . ဒါလည်း ဖြစ်နိုင်ပါတယ်လေ။

ဆက်လျှောက်လာခဲ့လိုက်တာ မကြာခင်မှာပဲ နောက်တစ်ဦးနဲ့ ထပ်ဆုံပြန်တယ်။ သူကတော့ ရှေ့လူတွေနဲ့ မတူပါဘူး။ ရေစင်ကြီးတစ်ခုရဲ့အောက်မှာ တင်ပျဉ်ခွေထိုင်ပြီး ဆေးလိပ်ဖွာနေတာပါ။

လူငယ် ခြေသံကိုကြားတော့ တစ်ချက်လှည့်ကြည့်ပြီး မထူးဆန်းသလို ဆေးလိပ်ပြန်ဖွာနေတယ်။ ကြည့်ရတာ တည်တည်ငြိမ်ငြိမ်နဲ့မို့ လူငယ် အားတက်သွားပါတယ်။ ဒါနဲ့ . . .

"နောင်ကြီး . . . မြို့က တော်တော်ပျက်ဆီးသွားပြီနော်။ ဒီလောက်ထိဖြစ်သွားရလောက်အောင် ဘယ်လိုများ ဖြစ်ကြတာလဲဗျာ"

"အတိတ်ကို မမေးနဲ့တော့။ အနာဂတ်မှာ ဘာဆက်လုပ်မလဲပဲ စဉ်းစား။ အခုချိန်မှာ ဘာကြောင့်ဆိုတာ အရေးမကြီးတော့ဘူး။ ဘာဆက်လုပ်မလဲပဲ အရေးကြီးတော့တယ်"

လူငယ် နည်းနည်းတော့ အောင့်သက်သက် ဖြစ်သွားတယ်။ အမေးတခြား ဖြေတာက တခြားဖြစ်နေတာကိုး။

"ကဲ . . . ဆိုစမ်းပါဦး၊ ခင်ဗျားရော ဒီမြို့ပျက်ကြီးထိုင်ကြည့်ပြီး ဘာလုပ်မလို့လဲ၊ ပြန်လည်ထူထောင်ရေး လုပ်မလို့လား"

"ထွီ . . . သွားစမ်းပါ"

သူ့အမေးကြောင့် ရှုံ့မဲ့ကာ သွားတယ်။

"ဒါဆို ဘာလုပ်မှာလဲ"

ဟက်ဟက်ပက်ပက် ရယ်တယ်။ ပြီးတော့ ဖွာနေတဲ့ ဆေးလိပ်ကို လွှင့်ပစ်ပြီး . . .

"ပြောပြစရာလား . . . ဘာကိစ္စ မင်းကို ငါက ပြောပြရမှာလဲ"

လူငယ် စိတ်ပျက်သွားတော့တယ်။ နောက်ပြန်လှည့်ဖို့ ပြင်စဉ်မှာပဲ . . .

"နေဦး . . . နေဦး . . . လာဦး . . . မင်းကို ငါ ပြစရာ ရှိသေးတယ်"

ထိုင်ရာကထပြီး လူငယ်လက်ကိုဆွဲကာ တစ်နေရာ ခေါ်သွားတယ်။ အပျက်ဆီးပုံတစ်ခုရှေ့ရောက်တော့ . . .

"ဟိုမှာ ကြည့်စမ်း"

လူငယ် မျက်လုံးပြူးသွားရပါတယ်။ ကြက်သီးထဖြီးအလိုလိုလည်း ခြေတစ်လှမ်း နောက်ဆုတ်မိသွားတယ်။ ရုပ်ပျက်ဆင်းပျက်သေနေသော လူတစ်ဦးရဲ့ အလောင်းပဲ။ အုတ်ကျိုးတွေ ပိနေလို့ အလောင်းက တစ်ဝက်တစ်ပျက်ပဲ ပေါ်နေတယ်။ ဒါပေမဲ့ ကြက်သီးထစရာပါ၊ သေဆုံးနေပုံက တော်တော်ကြည့်ရဆိုးနေတာကိုး။

"သူ ဘယ်သူလဲ သိလား"

"ဘယ်လိုလုပ် သိမှာလဲဗျ"

"အရမ်းတော်တဲ့ လူတစ်ယောက်ပေါ့ကွာ။ သူ့ရဲ့တန်ဖိုးအစစ်အမှန်ကို တစ်မြို့လုံး ဘယ်သူမှ မသိခဲ့ဘူး။ အခု သူ သေသွားပြီ။ ငါ့အထင်တော့ ဒါ အုတ်ပိသေတာမဟုတ်ဘူး။ အုတ်ခဲတွေအောက် သူဝင်ပြီး သေပစ်လိုက်တာ"

"ဗျာ . . ."

"သူလိုလူက အခမ်းအနားနဲ့ သင်္ဂြိုဟ်ထိုက်တဲ့ လူမျိုးပါကွာ။ ဘယ်သူ သိသိ၊ မသိသိ သူ့အရည်အချင်းကို ငါသိတယ်။ အဲတော့ ငါ သင်္ဂြိုဟ်ပေးမယ်။ အဟင်း . . . မင်းရော ရိုင်းကူဦးမလား"

www.burmeseclassic.com

www.burmeseclassic.com

“ဟာ . . . နေနေ”

လူငယ် တစ်ခါတည်း လှည့်ပြေးလာခဲ့ပါတယ်။ ကြောက်ပါတယ်ဆိုမှ၊ မြို့ပြင်ရောက်တော့ ပညာကြီးက ဆီးမေးတယ်။

“ဘယ်လိုလဲ . . . သိခဲ့လား”

စိတ်ပျက်လက်ပျက် ခေါင်းရမ်းပြီး ကြုံတွေ့ခဲ့သမျှကို တင်ပြလိုက်တယ်။ ပညာရှိကြီးက ပြုံးတညိတ်ညိတ်နဲ့ နားထောင်ပြီး . . .

“ဒါဆိုလည်း ကြုံမှ ထပ်မေးပေါ့ကွာ”

သူတို့ ခရီးဆက်ခဲ့ကြတယ်။ တစ်မြို့ပြီးတစ်မြို့၊ တစ်နယ်ပြီးတစ်နယ်၊ ပညာရှိကြီးက ရောက်လေရာ အရပ်တိုင်းရဲ့ ဈေး (သို့) လူရှုပ်သော လမ်းဆုံးလမ်းခွတို့မှာ တရားဟောတယ်။ လက်ခံသူရှိသလို လက်မခံသူလည်း ရှိရဲ့။

ဒါပေမဲ့ . . . ပညာရှိကြီး လက်မလျှော့ပါဘူး။ သူတို့ ထွက်လာခဲ့တဲ့ ခရီးစဉ်ကိုလည်း သူ့ဘာသာ နာမည်တပ်ထားတယ်လေ။ ‘အမှန် ရှာဖွေရေးခရီးတော်’ တဲ့။

ခက်တာက အခုချိန်ထိ သူ့ကို ဘာပညာမှ မသင်ပေးသေးတာပါ။ သင်ပေးနိုး သင်ပေးနိုးနဲ့ စောင့်လာတာ လပေါင်းတောင် တော်တော်ကြာနေပြီလေ။ နောက်ဆုံးတော့ အားနာနာနဲ့ပဲ ဖွင့်မေးရတော့တယ်။

ဟုတ်တယ်လေ . . . တပည့်ခံပြီး နေလာတာ လပေါင်းတော်တော်ကြာနေပြီ။ ဘာပညာမှ မတတ်သေးဘူးဆိုတော့ မဟုတ်သေးဘူး။

ဖွင့်ပြောလိုက်တော့ ပညာရှိကြီး အံ့သြသွားတယ်။ မျက်ကလူးဆန်ပြာပါ။ သင်ပေးပြီးသွားပါပြီတဲ့။ လူငယ် ဆောင်တော် တင်းသွားပါတယ်။ ပြောင်လိမ်ပြောင်စားကျတာပါ။



“ဆရာကြီးက ဘာသင်ပေးသေးလို့ ကျွန်တော်က ဘာတတ်ရမှာလဲ”

“မင်းကို ငါ ရေတစ်ဘူး ခပ်ခိုင်းခဲ့တယ်လေ”

“ဟုတ်တယ်လေ . . . ဒီမှာ၊ ဆရာကြီး ဘာလုပ်မှာမှန်း မသိလို့ တစ်ခွက်တောင် မသောက်ရသေးဘူး”

လူငယ်က အခုချိန်ထိ ကျောမှာလွယ်ထားဆဲဖြစ်သော ရေဘူးလေးကို ဖြုတ်ပြတယ်။ ခရီးကြမ်းကို နှင်ထားရတဲ့အတွက် ရေဘူးလေးရဲ့ ကိုယ်ထည်မှာလည်း ဖုန်တွေ၊ ချေးတွေ ကပ်ငြိလို့ပေါ့။ အရောင်တောင် မထွက်တော့ဘူး။

အရွယ်အစားသေးပေမဲ့ လနဲ့ချီအောင် ပိုးထားရတာဆိုတော့ သူလည်း တော်တော်ပင်ပန်းနေပြီလေ။

“ဒီရေသွားခပ်တော့ လမ်းမှာ မင်းဘယ်လိုခံစားရလဲ”

“မောတာပေါ့ဗျ . . . ဆရာကြီးက ဘယ်လောက်ဝေးတယ်ဆိုတာကို မပြောလိုက်ဘူး။ ဘာယူသွားဆိုတာလည်း မပြောဘူး။ ကျွန်တော် တော်တော် ပင်ပန်းခဲ့တာ”

လူငယ်က အတိတ်က ပင်ပန်းခဲ့မှုတွေ ပြန်သတိရသလို စိတ်မကောင်းစွာ ပြောတယ်။

“မင်းကရော . . . ဘာလို့ မမေးတာလဲ”

“ဗျာ . . .”

“ကိုယ်တစ်ခါမှ မသွားဘူး၊ မလာဘူးတဲ့ ခရီးတစ်ခုအတွက် မင်းကရော ဘာလို့ မမေးတာလဲ”

“ကျွန်တော် . . .”

လူငယ် မဖြေနိုင်တော့ပါဘူး။ ပညာရှိကြီးက မြော်စ်တောင်ရဲ့ ဆိတ်ငြိမ်မှုမျိုးနှင့် သူ့ကို နက်ရှိုင်းစွာ စိုက်ကြည့်နေတယ်။ (သို့) သူ့အဖြေကို ငံ့လင့်နေတယ်။ ပြန်မဖြေနိုင်ကြောင်း သေချာတော့မှ . . .

www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ . . . ကောင်လေး၊ စာအုပ်ပေးပြီး အလွတ်ကျက်နိုင်းတာ စာသင်တာမဟုတ်ဘူး။ နားလည်လည်၊ မလည်လည် စာအုပ်မှာ သုံးလေးငါးခေါက် ရေးနိုင်းတာ စာသင်တာမဟုတ်ဘူး။ အဲဒီနည်းက ဟိုး ဂရိရာဇဝင်မှာ ဆိုဖီဆရာတွေ စာသင်ခဲ့တဲ့နည်း၊ နောက်ကျကျန်ခဲ့တာ နှစ်ထောင်ချီနေပြီ။ ငါက သင်ယူသူတွေလို ကြိုးဆွဲမှ ကတတ်တဲ့ အရုပ်တွေ မဖြစ်စေချင်ဘူး။ အသက်ရှိစေချင်တာ၊ မေးခွန်းတွေ မေးစေချင်တာ။ ဒါပေမဲ့ မင်း မမေးခဲ့ဘူး။ ကြိမ်တို့ခံရတဲ့ နွားတစ်ကောင်လို ရေဘူးကိုင်ပြီး အသိဉာဏ်မပါဘဲ ထွက်သွားတယ်။ အခုချိန်ထိလည်း မမေးသေးဘူး"

သူနဲ့ ပညာရှိကြီးကြားမှာ ကာဆီးထားတဲ့ လိုက်ကာတစ်ချပ် ကွာကျသွားသလို ခံစားလိုက်ရတယ်။ ပညာရှိကြီးကိုလည်း ဆရာတစ်ဦးပင် မဟုတ်တော့ဘဲ အဖေတစ်ဦးလိုကို ခံစားမိသွားရပါတယ်။

ကုန်လွန်ခဲ့တဲ့ အချိန်တွေအတွက်လည်း နှမြောဝမ်းနည်းစိတ်တွေ မဖြစ်မိတော့ဘူး။ လက်စသတ်တော့ အတူတူနေလာတာ လချီနေပေမဲ့ တစ်ဦးသဘောတစ်ဦးမသိ ဖြစ်နေတာကိုး။

စာသင်ကြားမှု စနစ်သစ်လို အနည်းငယ် လှစ်ပြသွားတယ်လို့တောင် ထင်မိတယ်။ ဒီလိုနဲ့ သူတို့နှစ်ဦးရဲ့ နောက်ပိုင်းနေ့ရက်တွေဟာ အသက်ဝင်လာပါတယ်။

တဖြည်းဖြည်း သိလာရတာက ပညာရှိကြီးဟာ သင့်တော်သော ဦးဆောင်မေးခွန်းတွေနဲ့ သူ့ရဲ့ဉာဏ်ကို ငင်ထုတ်ပေးသွားတာပါ။ ကိုယ့်ဘာသာ အကောင်းအဆိုး၊ အမှားအမှန် ခွဲခြားတတ်အောင် စနစ်တကျ မေးခွန်းတွေနဲ့ (သို့) စနစ်တကျ

လေ့လာနိုင်းမှုတွေနဲ့ ကိုယ်ပိုင်ဉာဏ်ပညာ မွေးဖွားလာအောင် ဝမ်းဆွဲသည်ကဲ့သို့ မွေးဖွားပေးခဲ့တယ်။

လူငယ့်စိတ်ထဲမှာ တစ်ဦးတည်း တက်ခွင့်ရတဲ့ ကမ္ဘာ့တက္ကသိုလ်ကြီးတစ်ခုကို ရောက်နေသလိုပါပဲ။

သူကလည်း အပတ်တကုပ် ကြိုးစားခဲ့တယ်။ သင်ပေးသူကလည်း ဆရာစားမချန် သင်ပေးတယ်။ ဒါပေမဲ့ တစ်နေ့မှာတော့ . . .

သူတို့ရှိနေရာသို့ လူတစ်ဦး ရောက်လာပါတယ်။ မောကြီးပန်းကြီး ချွေးဒီဒီးနဲ့ပါ။

လူငယ်ရှေ့ကိုရောက်တော့ ခြေစုံရပ်ပြီး တစ်ခွန်းပြောတယ်။

"မင်းအဖေ နေမကောင်း ဖြစ်နေတယ်၊ ပြန်လိုက်ခဲ့မှရမယ်"

"ဟင် . . ."

www.burmeseclassic.com

www.burmeseclassic.com

"ဒါပဲလား"

"ဒါပဲလေ"

"ဟာ . . . ခင်ဗျားဟာကလည်း တစ်ဝက်တစ်ပျက်နဲ့ . . ."

"ဒီလောက်သိရင်ပဲ လုံလောက်ပါပြီကွာ"

ဘိုကြီး လေသွားပါ၏။ ပြောမယ့်ပြောတော့ ဆုံးအောင် ပြောလိုက်ရင် ပြီးတာကို။ နောက်ပြီး ဘာအဓိပ္ပာယ်နှင့် ဒီပုဂ္ဂိုလ်ပြော နေလဲဆိုတာကို စဉ်းစားလို့မရ။ ဒါပေမဲ့လည်း ကိုယ့်ထက် စီနီယာကျ သည်မို့ သူ့ဆီက ရသလောက်တော့ ယူရပါမည်။

"ကဲ . . . နောက်တစ်ယောက်အကြောင်း ထပ်ပြောရအောင်"

"ဟာ . . . နေဦးဗျ၊ ကျွန်တော် တော်တော်ပူနေပြီ။ တစ်ခေါက် လောက်သေပေးဦးမှ ဖြစ်မယ်"

ပုဂ္ဂိုလ်က သူ့အား ထက်အောက်စုန်ဆန် ကြည့်ပြီး လိမ်နေ ခြင်းမဟုတ်ကြောင်း သိတော့မှ . . .

"ဟုတ်လား . . . အေး . . . အေး . . . အဲဒါဆိုလည်း သေပေးလိုက်ဦး။ ပြီးမှ ပြန်လာခဲ့"

"အိုကေ . . ."



# XXVII

လူတစ်ယောက်ပေါ့ကွာ။ လွန်ခဲ့တဲ့ နှစ်တွေတုန်းက တော့ သူဟာ စိတ်ရောဂါတစ်ခုကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရ တယ်။ သိပ်အကြာကြီးလည်း မဟုတ်ပါဘူး။ မွေးချိန်ကနေ ဝထမအရွယ် ကုန်တဲ့ထိပဲ ဆိုပါတော့။

ရောဂါကလည်း ထူးထူးဆန်းဆန်းပဲ။ အခုချိန်ထိလည်း ရှင်းလင်းအောင် မပျောက်သေးပေမဲ့ လိုအပ်တဲ့ အသက်အရွယ် တစ်ခု ရလာပြီဆိုတော့ ဆင်ခြင်တုံတရား အနည်းငယ် ဝင်လာ ပြီလေ။ ဆိုတော့ ငယ်ငယ်တုန်းကလောက်တော့ အရမ်းကြီး မဆိုးတော့ဘူးပေါ့။

အခုလည်း ကြည့်ဦးလေ . . . အခန်းထဲမှာ တံခါးပိတ်ပြီး စာဖတ်နေတာ လချီနေပြီ။ အပြင် လုံးဝထွက်မလာဘူး။ စာအုပ်နဲ့ မျက်နှာ မခွာနိုင်အောင်ကို ဖတ်နေတာ။ စာအုပ်တွေဟာ နေရာ လွတ်မရှိအောင် တစ်ခန်းလုံး ပြည့်နေပြီ။ ဒါပေမဲ့ . . . အားမရနိုင် သေးဘူး။ နေ့စဉ် ရက်မပျက် ဖတ်နေတုန်းပဲ။

www.burmeseclassic.com

ဒါပေမဲ့ . . . တစ်ရက်မှာ တစ်ချိန်တော့ နားပါတယ်။ ဆရာဖြစ်သူ စာလာသင်တဲ့အချိန်ပါ။ ကျန်အချိန်တွေကတော့ စာမှစာပဲ။ သာမန်လူတွေ ဒီလိုဖြစ်သွားရင် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအရ စိုးရိမ်မိမှာဖြစ်ပေမဲ့ သူ့အတွက်က မထူးတော့တာမို့ အေးအေးပဲလေ။

စာအုပ်ပုံတွေကြားထဲ သူ့ကို ပစ်ထားလိုက်တယ်။ သူ့ဖခင်က ဒီနယ်ပယ်ကြီးတစ်ခုလုံးကို အုပ်ချုပ်တဲ့ ခေါင်းဆောင်တစ်ဦးဖြစ်လေတော့ သဘောရှိထားနိုင်တာလည်း ပါတာပေါ့။

အချိန်တန်တော့ နှစ်ပေါင်းနှစ်ဆယ်ကျော်လုံး ပြုစုကုသပေးခဲ့တဲ့ ဆေးဆရာက တံခါးကိုဖွင့်ပြီး ရောက်လာတယ်။

"ရာ . . . ဆေးသောက်ရအောင်"

"ဆေး . . ."

"ဟုတ်တယ်လေ . . . ဆေးသောက်ရမယ် 'ရာ' ရဲ့ ဆရာက ဒီအချိန်မှာ ဆေးတိုက်ပါလို့ မှာသွားလို့"

"ဪ . . . ဆရာ မှာသွားတာလား။ အဲလိုဆို သောက်မယ်။ ဆရာ မှာသွားတာဆို သောက်မယ်၊ ပေးပေး . . ."

အားတက်သရော ယူသောက်တဲ့ 'ရာ' ရဲ့ မျက်နှာလေးကို ကြည့်ပြီး ဆေးဆရာ စိတ်မကောင်းဖြစ်မိပါတယ်။ သူ ပြုစုကုသပေးခဲ့တာ နှစ်ပေါင်း ကြာခဲ့ပြီ။

ပြင်ပ အကြောင်းအရာတွေရဲ့ သတင်းပေးပို့မှုကို ဦးနှောက်က ပုံသေဆန်စွာ တုံ့ပြန်တဲ့ရောဂါလို့ပဲ ဆိုရမယ်။ ဥပမာ–ကစားခိုင်းထားလို့ 'တော်ပါ' မပြောမချင်း ကစားတာကို မရပ်ဘူး။ တစ်နေကုန်ရင်လည်း ကုန်သွားမယ်။ နောက်နေ့ထူးရင်လည်း ကူးသွားမယ်။

အိပ်ခိုင်းထားရင်လည်း အချိန်တန်ရင် နှိုးပေးမှ၊ မဟုတ်ရင် ထရမယ့် အသိမရှိဘူး။ ထပြီးသွားရင်လည်း ပြန်မအိပ်မချင်း မအိပ်ဘူး။ ရူးနေတာတော့ မဟုတ်ဘူးပေါ့။ သူ့ရဲ့ တွေးခေါ်ပုံ၊ နေထိုင်ပုံ၊ တုံ့ပြန်ပုံတွေက သာမန်နဲ့ ကွဲလွဲနေတာ။ နောက်ပြီး လူအရမ်းကြောက်တတ်တယ်။

သူ့ဟာသူ တစ်ဦးတည်းပဲနေတယ်။ လူများရင် မနေတတ်ဘူး။ အဲတော့ သူ့အခန်းကျဉ်းလေးထဲမှာပဲ အမှောင်ချပြီး တစ်နေ့ပြီးတစ်နေ့ ကုန်လွန်ခဲ့တာ များပါတယ်။

တစ်ရက်မှာတော့ သူ့ဖခင်ခေါင်းဆောင်ကြီးထံမှ ထူးဆန်းတဲ့ စကားတစ်ခွန်းကို ကြားရတယ်။

"ပညာတော်အောင် ကြိုးစား၊ ဒါမှ အဖေ့နေရာကို ဆက်ခံနိုင်မှာ"

အဲဒီစကားက သူ့နှလုံးသည်းပွတ်မှာ ထွင်းထုခံလိုက်ရတဲ့ အက္ခရာတစ်ခုလိုပဲ ဘယ်တော့မှ မပျောက်နိုင်အောင် စွဲသွားတယ်။ ခေါင်းဆောင်ကြီးကလည်း ဆရာတစ်ဦးခေါ်ပြီး သူ့ကို သင်ပေးပါတယ်။ မွေးရာပါ စိတ်ရောဂါတစ်မျိုးရှိထားသူဆိုတော့ တခြားကလေးတွေနဲ့ ရောပြီးလည်း အတူတူသင်ပေးလို့ မရဘူးလေ။

စာဖတ်တတ်တဲ့ အချိန်ကစပြီး မနေမနားကို စာတွေ ဖတ်တော့တာပဲ။ ဘယ်သူမှလည်း တားမရဘူး။ စိတ်ထဲမှာ သူ့ဖခင်ရဲ့ စကားက အဆုံးစွန် လွှမ်းမိုးထားတာကိုး။

တစ်ခါက သူတို့တိုင်းပြည်မှာ ကြီးကြီးမားမား ပြဿနာတစ်ခု ဖြစ်လာတယ်။ အခြားတိုင်းပြည်တွေကလည်း ဖိအားတွေ ပေးလွန်းလို့ ဘယ်လိုမှ အဖြေမရှာနိုင်ဘူး။ ပြဿနာက လူနဲ့ ဆက်သက်တဲ့ ပြဿနာပါ။

အားလုံး စဉ်းစားရကြပ်နေချိန်မှာ 'ရာ'က ဖခင်ဖြစ်သူရဲ့ အခက်အခဲကို ဝင်ရောက်ဖြေရှင်းပေးခဲ့တယ်။

www.burmeseclassic.com

ဂရိတ်ခေတ်ပြဇာတ်လာ အရစ္စတော့ဖနီးရဲ့ ကမ္ဘာဦးလူ အကြောင်းကို အခြေခံလို့ပေါ့။

"ကမ္ဘာဦးလူများဟာ မျက်နှာနှစ်ခု၊ လက်လေးခု၊ ခြေ လေးခု ရှိကြပါသတဲ့။ အရမ်းစွမ်းအားကြီးပြီး အလိုရမ္မက်လည်း အရမ်းပဲ ကြီးကြပါသတဲ့။ ဒေဝလောကသို့ပင် တက်၍ စစ်ထိုးရန် ကြံကြသည့်အတွက် ဇုနတ်မင်းနှင့်တကွ နတ်ဒေဝါအပေါင်းဟာ နတ်သဘင်အစည်းအဝေး ခေါ်ပြီး စုဝေးတိုင်ပင်ကြပါတယ်။

ဝရဇိန်လက်နက်နဲ့သာ ခွင်းရင် အလိုရမ္မက်ကြီးနေတဲ့ လူသားတွေ တကယ်ပဲ ပျက်စီးရမှာပါ။ ပျက်စီးမယ်ဆိုရင်လည်း သူတို့ နတ်ဒေဝါတွေကို ပူဇော်ပသမယ့် သူမရှိမယ့်အဖြစ်ကို အလိုမရှိကြပြန်ဘူး။ အဲတော့ ဇုနတ်မင်းက အကြံထုတ်ပါတယ်။

လူသားတွေကို သတ်ဖို့မလိုပါဘူးတဲ့။ အားနည်းအောင် လုပ်နိုင်လျှင်ကို သူတို့ နတ်ဒေဝါအပေါင်းအား ရန်ပြုနိုင်မှာ မဟုတ်တော့မှန်း ဇုနတ်မင်းကြီး ဆင်ခြင်မိသွားတယ်။ အား နည်းအောင် လုပ်ဖို့ကတော့ လွယ်တယ်လေ။ လူသားတွေ ခန္ဓာကိုယ်ကို နှစ်ခြမ်းကွဲလိုက်ရုံပဲ။

အဲလိုဆို လူသားမျိုးနွယ်လည်း မပျက်စီးတော့ဘူး လူဦးရေလည်း တိုးပွားလာမှာ ဖြစ်တဲ့အတွက် အရင်ကထက် ပူဇော်ပသမှုကို သူတို့ ပိုခံရနိုင်တယ်။

ဒါနဲ့ပဲ ဇုနတ်မင်းကြီးက လူတွေရဲ့ ခန္ဓာကိုယ်ကို နှစ် ခြမ်းခွဲပစ် လိုက်ပါတယ်။ ဒဏ်ရာကိုတော့ အပိုလိုနတ်မင်းက ဆေးကုပေးတယ်။

အဲဒီအခါမှာ ခြေထောက်နှစ်ချောင်း၊ လက်နှစ်ချောင်း မျက်နှာတစ်ခုနဲ့ ကမ္ဘာဦးလူဆိုပြီး ဖြစ်လာတော့တာပါပဲ။

နှစ်ကိုယ်ကွဲနေတဲ့အတွက် တစ်ကိုယ်က နောက် တစ်ကိုယ်ကို အလွန်တောင့်တကြပါတယ်။ တွေ့လျှင်လည်း သေ သည့်တိုင်အောင် မခွဲတမ်း ပိုက်ထွေးထားကြတယ်လို့ အဆိုရှိ တယ်။ ဇုနတ်မင်းကြီးက ထိုအခြင်းအရာကိုမြင်တော့ အလွန် သနားသွားပြီး အဖို၊ အမ သဘာဝကို ဖန်တီးပေးလိုက်တယ်လို့ ဆိုပါတယ်။

ထိုအချိန်ကစပြီး ကမ္ဘာမှာ လူသားမျိုးဆက်တွေ ပွဲ့ပွား လာတာ ဆိုပါတော့။

တကယ်တော့ ထိုဒဏ္ဍာရီက 'ပရိပုရာဏ်' ကျမ်းထဲက ဖြစ်ပါတယ်။ စာတွေ မတရားဖတ်ထားသူဆိုတော့ ပြဿနာရဲ့ အဖြေကို သူ မြင်နေတယ်လေ။ ဒါနဲ့ပဲ သူတို့လူမျိုးစုအတွက် ကျရောက်လာတဲ့ အန္တရာယ်ကို ကူညီဖြေရှင်းပေးလိုက်တယ်။

ပြဿနာက တကယ်ပဲ ပြေလည်သွားပါတယ်။

အဲဒီအချိန်ကစပြီး ပညာရဲ့သဘောကို သူ ပိုမိုနားလည် သွားခဲ့တာပါ။

ဆရာဖြစ်သူကိုလည်း တော်တော်ကျေးဇူးတင်သွား တယ်။ ဘာပဲပြောပြော ဆရာရဲ့သင်ပြပေးမှုတွေက သူ့ အသိဉာဏ်ကို အရာထင်စေခဲ့တာလေ။

ဆရာက အဲဒီနောက်ပိုင်း တစ်ယောက်တည်းနေတတ် တဲ့ သူ့အကျင့်ကို တဖြည်းဖြည်းနဲ့ ပြုပြင်ပေးသွားခဲ့တယ်။ အခန်းထဲမှာတင် မဟုတ်တော့ဘဲ ဥယျာဉ်ထဲမှာ၊ ချောင်းကမ်းစပ် မှာ၊ လူများသော နန်းဆောင်တွေမှာ အချိန်ယူပြီး စာသင်ပေး တယ်။

အစပိုင်းမှာ သူ့အတွက် တော်တော်ခက်ခဲခဲ့တာပေါ့။ တခြားသူတွေ သူ့ကို ဘယ်လိုမြင်ကြသလဲ။



www.burmeseclassic.com

www.burmeseclassic.com

ကွဲထွက်နေတဲ့ သူ့ပုံစံကိုကြည့်ပြီး ရယ်နေကြသလား။ ပြုံးရယ်ပြုံးနေကြသလား။ ဒါမှမဟုတ် ခေါင်းဆောင်ကြီးသား ဆိုပြီး ကြောက်နေကြသလား။ အတွေးပေါင်းများစွာနဲ့ နေ့ရက်ခဲ့တယ်။

အဲဒီစိတ်တွေကို တည့်မတ်ပေးခဲ့တာလည်း ဆရာ့ရဲ့ အဆုံးအမပါပဲ။

"သူများတွေ ကိုယ့်ကို ဘယ်လိုမြင်လဲဆိုတာ စဉ်းစားနေရင် မင်းဘဝက သူများပိုင်တဲ့ဘဝ ဖြစ်သွားလိမ့်မယ်"

ဟုတ်တာပေါ့ . . . ကိုယ့်ဘဝကို ကိုယ်ပဲပိုင်ရမယ်လေ။ သူများတွေ ဘယ်လိုမြင်လဲ စဉ်းစားနေရင် သူများ ပိုင်သွားလိမ့်မယ်။

"ဒါပေမဲ့ . . . ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် ယုံကြည်ရဲဖို့လည်း လိုသေးတယ်"

ဆရာပြောသမျှကို မျက်လုံးလေး ကလယ်ကလယ်နဲ့ နားထောင်နေမိတယ်။ တစ်ခါတလေတော့လည်း . . .

"ဟောဒါ တရားရုံးလို့ ခေါ်တယ်။ မကောင်းတာ လုပ်တဲ့လူတွေကို အပြစ်ပေးတာ။ မကောင်းတာ လုပ်တဲ့လူတွေက အပြစ်ကိုလည်း ခံရတယ်။ သူတို့သေလွန်ရင်လည်း ငရဲကို လားရတယ်"

"တရားရုံးက အပြစ်ပေးလိုက်တဲ့ လူတွေအကုန်လုံး ငရဲကို လားရတယ်ဆိုတဲ့ သဘောလား"

"မဟုတ်ဘူး . . . တရားရုံးက အပြစ်ပေးလိုက်ပေမဲ့ ငရဲမရောက်ဘဲ ကောင်းကင်ဘုံရောက်သွားတဲ့ လူရှိတယ်"

"ဘယ်သူလဲ . . ."

"ဆော့ခရတ္တိ"



"သူက ဘာကြောင့် ငရဲကိုမရောက်ဘဲ ကောင်းကင်ဘုံ ရောက်သွားရတာလဲ"

"သူ့မှာ အပြစ်မရှိဘူးလေ၊ တရားရုံးက သူ့ကို မတရား ပြစ်ဒဏ်ချလိုက်တာ"

"ဒါဆို တရားရုံးက မတရားဘူးပေါ့"

ဆရာ ပြုံးတယ်။

"တရားရုံးက တရားတယ်။ စနစ်က မတရားတာ။ လူတွေက မတရားတာ။ မင်း အဲဒီအကြောင်းကိုသိချင်ရင် ပလေတိုရဲ့ ကထာစာတမ်းတွေကို ဖတ်ကြည့်လိုက်"

ထိုစကားက သူ့ကို စိုးမိုးသွားပြန်ပြီ။ ပလေတိုရဲ့ ကထာစာတမ်းတွေကို သည်းကြီးမည်းကြီး ဖတ်ရှုပါတော့တယ်။ အခန်းပြင် မထွက်တော့ဘူး။ နေ့တွေညတွေ မသိတော့ပြန်ဘူး။

ထိုအချိန်မှာပဲ ဆေးလာတိုက်တဲ့ ဆေးဆရာရောက်လာတယ်။

"ကျွန်တော့်ဆရာ ဘယ်တော့လာမှာလဲ"

"ညနေကျ လာမယ်လေ"

"အတော်ပဲ . . . ကျွန်တော် ပလေတိုရဲ့ ကထာစာတမ်းတွေ အကုန်ဖတ်ပြီးသွားပြီ။ ဆော့ခရတ္တိ ဘာကြောင့် သေရတယ်ဆိုတာ ချေပချက်ကထာ (Apology) မှာပါတယ်။ ဆရာနဲ့ ကျွန်တော် ဆွေးနွေးချင်တယ်။ ဆရာ ဘယ်တော့လာမှာလဲ"

"ညနေ လာလိမ့်မယ် . . . ရာ"

ဆေးဆရာအခန်းတွင်းမှ လှည့်ပြန်ခဲ့ပါတယ်။ 'ရာ' ကတော့ ညနေလာလိမ့်မယ်ဆိုတာကို ပါးစပ်က တတွတ်တွတ် ရွတ်ပြီး ကျန်ခဲ့တယ်။

ထုံးစံအတိုင်း စာသင်မဲ့အချိန်ရောက်တော့ ဆရာရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ . . . ဆော့ခရတ္တိကို တရားစွဲသူသုံးဦးရှိတယ်။ တစ်ဦးက အက်သင်နိုင်ငံရေးခေါင်းဆောင် အနိုင်းတ၊ နောက် တစ်ဦးက မထင်မရှား ပြဇာတ်ရေးဆရာ မီလီတ၊ ပြီးတော့ အဟောအပြောကောင်း လိုင်ကုန္။ သူတို့ အသုံးပြုတဲ့စွဲချက် ကတော့ ဆော့ခရတ္တိဟာ ဂရိနတ်ဒေဝါသစ်များကို ဖန်တီးခဲ့သူ ဂရိလူငယ်တွေရဲ့ စိတ်ဓာတ်ကို ဖျက်ဆီးခဲ့သူဆိုတဲ့ စွဲချက်နဲ့။ ဆော့ခရတ္တိက အဲဒီစွဲချက်နှစ်ခုကို မဟုတ်မမှန်ကြောင်း တရားရုံးမှာ ပြန်လည်ချေပတယ်။ အက်သင်မြို့သား (၅၀၀)က တရားလူကြီးတွေအဖြစ် ဆုံးဖြတ်ကြတယ်။ အဲဒီခေတ်အခါမှာ အသုံးပြုနေတဲ့ ဂရိဒီမိုကရေစီအရ မဲခွဲတော့ (၂၈၀၊ ၂၂၀) နဲ့ ဆော့ခရတ္တိဘက်က ရှုံးသွားတယ်။

တရားလိုတွေဘက်က နောက်ထပ် အဆိုတင်သွင်းလာတာက သေဒဏ်ကို ဆော့ခရတ္တိ ကြိုက်၊ မကြိုက်။ မကြိုက်လျှင် မိမိကြိုက်နှစ်သက်သော ပြစ်ဒဏ်ကို တင်ပြဖို့ တရားရုံးက ခွင့်ပြုတယ်။ ဒါပေမဲ့ ဆော့ခရတ္တိက သေဒဏ်ကိုပဲ လက်ခံလိုက်တယ်။ အပြစ်ပေးတဲ့နေ့မှာ ထောင်အာဏာပိုင်တွေ တိုက်ကြွေးတဲ့ အဆိပ်ကိုသောက်ပြီး ကျေကျေနပ်နပ် သေဆုံးသွားခဲ့တယ်။ အဲဒီ နောက်မှာ ဘဝတဏှာမှ ဆော့ခရတ္တိ လွတ်မြောက်သွားတယ် (သို့) ကောင်းကင်ဘုံရောက်သွားတယ်လို့ အဋ္ဌကထာဆရာတို့က ဖွင့်ဆိုကြတယ်။ ဒီအတိုင်း ဟုတ်ပါသလား . . ဆရာ"

"ဟုတ်တယ် . . . ရာ၊ အဲဒီအတိုင်း အမှန်ပဲ"

"ဒါပေမဲ့ ဆရာပြောတဲ့စနစ်က မတရားတာ။ လူတွေက မတရားတာဆိုတာကို နားမလည်ဘူး"

"ဒီလို 'ရာ' . . . အဲဒီခေတ်အခါမှာ အသုံးပြုတဲ့ ဂရိဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်အရ ဆော့ခရတ္တိအမှုကို အက်သင်



www.burmeseclassic.com
မြို့သား (၅၀၀) က တရားလူကြီးအဖြစ် ဆုံးဖြတ်တယ်။ အဲဒီ အချက်ကို စဉ်းစားကြည့်ရအောင်။ အက်သင်မြို့သား (၅၀၀) လုံးသည် တရားဥပဒေကို နားလည်နိုင်ပါ့မလား"

ရာ လက်ညှိုးလေးထောင်ပြီး စဉ်းစားသွားတယ်။

"(၅၀၀) လုံးတော့ နားမလည်နိုင်ပါဘူး"

"တရားဥပဒေကို နားမလည်သူတွေ ဆုံးဖြတ်တဲ့တရားမှုက မှန်နိုင်ပါ့မလား"

"မမှန်နိုင်ပါဘူး"

"သူတို့ (၅၀၀) လုံးကိုရော ရိုးဖြောင့်တဲ့ လူကောင်းတွေလို့ ဘယ်သူ အာမခံရဲသလဲ"

ရာ ငြိမ်သွားတယ်။ နားမလည်တာလား၊ မဖြေနိုင်တာလား မသိဘူး။

"ဆရာဆိုလိုတဲ့ အဓိပ္ပာယ်ဟာ အဲဒါပဲ။ အမှန်ဆို တရားရုံးမှာ သဘာပတိရှိတယ်လေ။ သူပဲ ဆုံးဖြတ်ရမှာပေါ့။ ဒါပေမဲ့ - အသုံးပြုတဲ့စနစ်အရ သူ့မှာ ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး။ အမှန်ဆို ဆော့ခရတ္တိလို ပုဂ္ဂိုလ်မျိုးက သဘာပတိတင် မဟုတ်ဘူး၊ ရှင်ဘုရင်ကိုယ်တိုင် ဆုံးဖြတ်ပေးရမှာ"

ရာ၏ မျက်လုံးတို့ အရောင်လက်သွားပါတယ်။

"ရှင်ဘုရင်ကိုယ်တိုင် ဆုံးဖြတ်ရင်ရော မှန်မှာလား . . ဆရာ"

"မှန်တာပေါ့။ လုံးဝ ခြွင်းချက်မရှိအောင် မှန်တယ်"

"ဆရာ . . . ဘာအထောက်အထားနဲ့ ပြောတာပါလဲ"

"စပင်နိုဇာရဲ့ နိုင်ငံရေးသဘောတရားကျမ်းကို ကြည့်လေ"

ဆွေးနွေးမှုက ထိုမျှနှင့် ရပ်တန့်သွားပြီး စာအုပ်လှန်သံ တရှမ်းရှမ်း ထွက်ပေါ်လာတယ်။ အလျင်စလိုကို ချက်ချင်း ရှာ

www.burmeseclassic.com

www.burmeseclassic.com

ဖွေလိုက်တာပါ။ တစ်နေရာမှာတော့ ရာရီ့ [illegible]နေသော လက်တွေ ရပ်သွားတယ်။

စာမျက်နှာပေါ်မှာ သူ တွေ့လိုက်ရတာက . . .

"ရှင်ဘုရင်တို့အား လူအများကို အုပ်ချုပ်ရန် ဘုရားသခင်က စေလွှတ်ထားခြင်းဖြစ်သည်။

ရှင်ဘုရင်များသည် လူပင်ဖြစ်သော်လည်း ဘုရား၏ ကိုယ်စားလှယ်များ ဖြစ်၏။ ဘုရားသခင်သည် အမြဲတမ်းမှန်၏။

ဘုရားသခင်သည် အမှန်တရားဖြစ်သည်။

ထို့ကြောင့် ဘုရားသခင် စေလွှတ်ထားသော ရှင်ဘုရင်တို့မှာလည်း အမြဲတမ်း မှန်လေသည်"



# XXVIII

စကားဆုံးလျှင် ဆုံးခြင်း သူတို့ ကြေးအိုးရဲကြီးမှာ လျှောင်လှုပ်သလို တုန်ခါသွားသည်။

"ဟာ . . . ဘာဖြစ်တာလဲ"

ဘိုကြီး လန့်သွားမိသော်လည်း ပုဂ္ဂိုလ်ကတော့ ဘာမှမဖြစ်သလို အပြုံးဖြင့် ဝမ်းသာအယ်လဲကြည့်ကာ . . .

"မင်းတော့ ကံကောင်းပြီ။ ငါတို့ငရဲကို မကြာခင် လူသစ်တွေ ရောက်လာတော့မယ်"

"ဗျာ . . ."

အံ့သြရပါ၏။

"လူသစ်ရောက်ရင် ဒီလိုပဲ အိုးက လှုပ်တယ်လား"

"လှုပ်တာပေါ့ . . . ဒါ ထုံးစံပဲလေ။ အခုချိန်ဆို လူ့ပြည်မှာ အကြောင်းကိစ္စတစ်ခုနဲ့ လူတွေသေနေကြပြီ။ အဲဒီထဲက တချို့တစ်ဝက်က အပေါ်ကို တက်လိမ့်မယ်။ တချို့တစ်ဝက်ကတော့ ငါတို့အောက်ကို ဆင်းလာလိမ့်မယ်"

"အပေါ်ဆိုတာ နတ်ပြည်ကို ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်တယ်”

“ကျွန်တော်တို့ အောက်ကိုကျတော့ရော ဘယ်နှစ်ယောက် ရောက်လာမှာလဲ”

ပုဂ္ဂိုလ်က အပေါ်ကို မော့ကြည့်၍ . . .

“အတိအကျတော့ ငါမသိဘူး။ ဒီကြေးအိုးငရဲကြီးကိုတော့ လေးယောက် ရောက်လာလိမ့်မယ်”

“ဟင် . . . ခင်ဗျား ဘယ်လိုလုပ်သိတာလဲ”

“အခုပဲ ငရဲထိန်းက အိုးထဲက လေးယောက်ထုတ်သွားတယ်လေ”

ဘိုကြီး ကြောင်တောင်တောင်ဖြင့် အပေါ်မော့ကြည့်မိသည်။ ထမင်းအိုးထဲမှ ဆန်စိကဲ့သို့ ငရဲသားတွေ အပေါ်တက်လိုက် အောက်ဆင်းလိုက် ဖြစ်နေတာကလွဲပြီး သူ ဘာမျှမမြင်ရ။

“ခင်ဗျား ဘယ်လိုမြင်တာလဲ။ ကျွန်တော်ဖြင့် ဘာမှမမြင်ရဘူး”

“အိုးထဲမှာ ငရဲသက်အကြာဆုံးဆိုတာ မမေ့နဲ့လေကွာ”

နှုတ်ခမ်းကိုမဲ့ကာ ခေါင်းတဆတ်ဆတ် ညိတ်မိတော့၏။ ဟုတ်မှာပါလေ . . . ငရဲသက်အကြာဆုံးတွေက ထူးခြားတဲ့အစွမ်းတစ်ခုခု ရှိကြောင်း ဘဦးတည်းက [?] လက်တွေ့မြင်ထားရသည်ကိုး။

“ဒါနဲ့ . . . နေပါဦး၊ လေးယောက်ထုတ်သွားလို့ လေးယောက် ထပ် ရောက်လာမယ်ဆိုတော့ ဒီငရဲကြီးက လူအရေအတွက်နဲ့ ကျခံရတာလား”

“ဟုတ်တယ်လေ . . . ဒါမှ သူတို့ နိုင်နိုင်နင်းနင်း နှိပ်စက်နိုင်မှာပေါ့”

“ကျွန်တော် ကံကောင်းပြီဆိုတာကရော . . .”

“သူတို့နဲ့ တစ်ခါတည်း လိုက်သွားလို့ရပြီလေ”

“ဗျာ . . .”



သူ နားမလည်။ ကိုယ့်ခေါ်တာမဟုတ်ဘဲနှင့် ကိုယ်က ဘယ်လို လိုက်သွားရမည်နည်း။ ပုဂ္ဂိုလ်က ဆက်ပြောသည်။

“ငရဲပြည်က ထွက်ပြေးတယ်ဆိုတာ ထွက်ပြေးချင်တဲ့စိတ်တစ်ခုတည်းရှိရုံနဲ့ ရတာမဟုတ်ဘူး။ ထွက်ပြေးနိုင်တဲ့ စွမ်းအား၊ အကြံဉာဏ်နဲ့ အခြေအနေအချိန်ခါကို တွက်ဆတတ်ဖို့ လိုတယ်။ မင်းမှာ ထွက်ပြေးနိုင်တဲ့ စွမ်းအားရှိလို့ ငရဲပြည်မုခ်ဦးအပြင်ကို ရောက်ပြီထားပါတော့။ အပြင်မှာ ကူးတို့ရထားနဲ့ မောင်းပို့မယ့် ငရဲထိန်းတစ်ဦးရှိတယ်။ ကဲ . . မင်း ဘာလုပ်မှာလဲ။ သူ့ကို လိုက်ပို့ခိုင်းမှာလား။ မင်းက ထွက်ပြေးလာတဲ့ကောင်၊ သေချာပေါက် လိုက်ပို့မှာမဟုတ်ဘူး။ မင်းမှာ သူတို့စည်းရုံးနိုင်တဲ့ အစွမ်းအစရှိတယ် ထားလိုက်ဦး။ မင်း ဘယ်ကိုသွားမှာလဲ။ လူ့ပြည်လား၊ နတ်ပြည်လား၊ မင်းကံအဆင့်အတန်းနဲ့ ဘယ်လိုမှ နတ်ပြည် မရောက်နိုင်ဘူး။ အဲတော့ လူ့ပြည်ကို သွားမယ်။ လူ့ပြည်မှာရော မင်း ဝင်စားဖို့ မိခင်လောင်းက အဆင်သင့်ရှိပြီလား။ ငါပြောတဲ့ အခြေအနေနဲ့ အချိန်ခါဆိုတာ အဲတာပဲ။ မိခင်လောင်း အဆင်သင့်မရှိရင် ပရလောကထဲကို ရောက်သွားလိမ့်မယ်။ အဲလိုဆို မင်း ရှုလည်ပြီ [?]။ အခု အိုးထဲက ငရဲသားလေးယောက် ထုတ်သွားတယ်ဆိုတာ အကြောင်းမဲ့ထုတ်တာ မဟုတ်ဘူး။ အချက်နှစ်ချက် ရှိတယ်။ ပထမအချက် . . . သူတို့မှာ ငရဲကျရမယ့်သက်တမ်း ပြည့်သွားပြီ။ ဒုတိယအချက် သူတို့ဝင်စားဖို့ မိခင်လောင်း၊ ဒါမှမဟုတ် ဗိမာန်တွေ ဆောက်ပြီးနေပြီ။ အဲဒါကြောင့်ပဲ”

စကားကိုတော့ အရှည်ကြီး ပြောသွား၏။ ဒါပေမဲ့ . . . သူ နားမလည်သေး။

“ခင်ဗျားပြောသလို ကျွန်တော် သူတို့နဲ့ လိုက်သွားတော့ရော ဘာထူးမှာလဲ။ အပိုပဲ ဖြစ်နေမှာပေါ့”

ပုဂ္ဂိုလ်က ပြုံးသည်။

“မပိုအောင် လုပ်လို့ရတဲ့နည်းတွေ ရှိပါတယ်။ မင်းသာ သူတို့ ထက်အရင် ကူးတို့ရထားပေါ် ရောက်သွားမယ်ဆိုရင်ပေါ့။ ထားပါ .



www.burmeseclassic.com

www.burmeseclassic.com

- အဲဒါတွေ မစဉ်းစားနဲ့ဦး။ အရင်ဆုံး မင်း လုပ်ရမယ့်အလုပ်က ဒီငရဲအိုးကြီးထဲက ထွက်နိုင်ဖို့"

"ကျွန်တော် ဘာလုပ်ရမှာလဲ"

"အရင်ဆုံး လူစုရမယ်။ ငရဲကလွတ်ချင်တဲ့၊ မင်းနဲ့လည်း စိတ်တူကိုယ်တူရှိမယ့် ခြောက်ယောက်၊ ခုနစ်ယောက်လောက်ပေါ့"

ဘိုကြီး စဉ်းစားသွားသည်။

"ပြောတော့ လေးယောက်ပဲခေါ်သွားတာဆို။ ခြောက်ယောက်၊ ခုနစ်ယောက်ဆို သုံးယောက်လောက်က ပိုနေမှာပေါ့"

"လေးယောက်ခေါ်သွားတယ်ဆိုတာ ဒီငရဲတစ်ခုတည်းကလေကွာ။ ကျန်တဲ့ငရဲတွေကလည်း ပါဦးမှာပေါ့"

"ဪ . . ."

ဒီလိုဆိုတော့လည်း လက်ခံရပါသည်။

"ဒီငရဲအိုးထဲက လွတ်ဖို့ကတော့ မင်းအပါအဝင် ခြောက်ယောက်၊ ခုနစ်ယောက်အားနဲ့မှ ဖြစ်လိမ့်မယ်။ ကဲ . . . အချိန်မရှိဘူး။ အခုချိန်ဆို ကူးတို့ရထားက လူ့ပြည် သွားခေါ်နေလောက်ပြီ။ မင်းအမြန်ဆုံး လူစုနိုင်မှ ဖြစ်လိမ့်မယ်"

ရပါတယ်။ အကုန်လုံးက လွတ်မြောက်ချင်သူတွေမို့ လူစုတာလောက်ကတော့ ကိစ္စမရှိ။

"လူစုပြီးတော့ ဘာဆက်လုပ်ရမှာလဲ"

"ဒီကို ပြန်လာခဲ့"

"အိုကေဗျာ . . ."

ဘိုကြီး ကျွမ်းပစ်ကာ ထွက်လိုက်သည်။ ပုဂ္ဂိုလ်ကနောက်မှ လှမ်းအော်သည်။

"လက်မောင်းကြီးတဲ့ကောင်တွေကို ဦးစားပေး"



လုံးဝ မခက်ခဲသော အလုပ်ဖြစ်ပါသည်။ အကုန်လုံးက ဤဝဋ်ဆင်းရဲမှ လွတ်မြောက်ချင်သူများဖြစ်သည့်အားလျော်စွာ ခဏချင်းမှာပင် လူခုနစ်ယောက်ကို စည်းရုံးနိုင်ခဲ့သည်။

တစ်ရာမှာ ကိုးဆယ့်ကိုး မသေချာသော်လည်း လွတ်မြောက်ရေးအတွက် အသက်ပင် အသေခံဝံ့သူများဖြစ်ကြ၏။ ပြီးတော့ ပုဂ္ဂိုလ်ကြီး မှာလိုက်သလို လက်မောင်းလည်း ကြီးပါသည်။

အရင်ဆုံးအနေဖြင့် ငရဲအိုးထဲတွင်း အသက်ရှူနည်းကိုပင် ပေးလိုက်သည်။

ထို့နောက် . . .



www.burmeseclassic.com

www.burmeseclassic.com

# XXIV

ရောက်လာသော လူအုပ်ကိုမြင်တော့ ပုဂ္ဂိုလ်ကြီး ပြုံးသည်။ ငရဲသားခုနစ်ဦးမှာ ပုဂ္ဂိုလ်ကြီးကိုမြင်ပြီး အံ့သြနေကြသည်။ အိုးအောက်ခြေ၌ ယခုကဲ့သို့ ငရဲသားတစ်ဦး ရှိနေမှန်း သူတို့မသိကြ။

"ကဲ . . . လူတော့ စုပြီးပြီ။ ကျွန်တော်တို့ ဘာလုပ်ရမှာလဲ"

"မင်းတို့တွေ တစ်ယောက်တစ်လှည့်စီ အပေါ်တက်ပြီး အခြေအနေကို လေ့လာရမယ်။ ငရဲတရားရုံးမှာ ယမမင်း စစ်ဆေးလို့ အမိန့်ချပြီးသွားရင် အပြစ်ကျခံရမယ့် ငရဲသားရောက်လာမယ့် ငရဲဟာ အသံမြည်လာတတ်တယ်"

"ဘယ်လို အသံမျိုးလဲ"

"ငှက်ဆိုးထိုးသလို အော်သံအကျယ်ကြီး။ အဓိပ္ပာယ်ကတော့ တာဝန်ကျငရဲထိန်းကို ငရဲသားသစ် ရောက်လာတော့မယ်။ အသင့်ပြင်ထားဆိုတဲ့ သဘောမျိုး။ အသံကြားရပြီဆိုတာနဲ့ မင်းတို့ လုပ်ငန်းစတော့ပဲ"

"ဘယ်လိုမျိုးလဲ . . ."

"ဒီလိုမျိုး . . . . . . . . . . . . . . . . . . . . . . ."



ပုဂ္ဂိုလ်က ပြုလုပ်ရမည့် အဆင့်ဆင့်ကို ပြောပြသည်။ ဘိုကြီး ဦးဆောင်သော ခုနစ်ဦးမှာ မျက်တောင်ပင်မခတ်ရဲဘဲ ငြိမ်သက်စွာ နားထောင်နေကြ၏။ စကားဆုံးတော့ . . .

"ဟုတ်ပါပြီ . . . ခင်ဗျားပြောသလိုလုပ်လို့ ငရဲအိုးအပြင်ကို ရောက်သွားပြီဆိုပါတော့။ ကျွန်တော်တို့က ဘယ်တံခါးကနေ အပြင်ထွက်ရမှာလဲ။ ကျွန်တော် ငရဲပြည်မြေပုံကို ကြည့်ဖူးတယ်။ အိုးပေါ်တက်ပြီးတော့လည်း ဒီငရဲကြီး ပတ်ဝန်းကျင်ကို လေ့လာဖူးတယ်။ ငရဲကြီးမှာ တံခါးလေးပေါက်ရှိတယ်။ ကျွန်တော်တို့ ရွေးချယ်ရမှာ ဘယ်တံခါးလဲ"

"အရှေ့ဘက်တံခါး"

ဘိုကြီး ခေါင်းတွင်းမှာ ငရဲပြည်၊ မြေပုံပေါ်လာပါ၏။ အနည်းငယ် စဉ်းစားသွားရကာ . . .

"အရှေ့ဘက်တံခါးက ထွက်ရင် သံတောင်ကြိတ်ငရဲကို ရောက်သွားမှာပေါ့။ ထွက်ပေါက်က ခွေး၊ လင်းတ၊ ကျီး ငရဲရဲ့ တည့်တည့်မှာ ရှိတာလေ။ တောင်ဘက်တံခါးက ထွက်ပြီး ခွေး၊ လင်းတ၊ ကျီး ငရဲကို ကျော်ရင် ရပြီမဟုတ်ဘူးလား"

ပုဂ္ဂိုလ် ပြုံးပါ၏။ ပြီးတော့ . . .

"ဘာလို့ ငရဲတရားရုံးကို မေ့ထားရတာလဲ"

ဟုတ်ပါ၏။ ငရဲတရားရုံးကို မေ့နေခြင်းပါ။ ဒါပေမဲ့ ထိုနေရာက မြေပုံထဲတွင် မပါ။

"ငရဲတရားရုံးက ဘယ်နားမှာလဲ"

"မင်းတုန်းက ဘယ်နားမှာ ရုံးစိုက်ပြီး အပြစ်ပေးလဲ"

မှတ်ဉာဏ်ကို ပြန်ဖော်တော့ လွန်ခဲ့သောအကြောင်းအရာတွေ ပြန်ပေါ်လာသည်။

"မုခ်ဦးကြီး တည့်တည့်မှာပဲ။ ကျောက်ခင်းလမ်းအဆုံးမှာ ရှိတာ"



www.burmeseclassic.com

www.burmeseclassic.com

"ခွေး၊ လင်းတ၊ ကျီး၊ ငရဲရဲ့ ရှေ့မှာပေါ့"

"အင်း . . . အဲလိုပဲ ဖြစ်လိမ့်မယ်"

"ဒါဆို ဒီဘာစ်ခေါက် ခွေး၊ လင်းတ၊ ကျီး၊ ငရဲနဲ့ မြားလှံငရဲကြားမှာ ရုံးစိုက်လိမ့်မယ်"

"ဟင် . . . ငရဲတရားရုံးက နေရာအတည်တကျ မရှိဘူးလား"

"မရှိဘူး။ ငရဲငယ် တစ်ခုနဲ့တစ်ခုကြား အကြားအလပ်နေရာတွေမှာ ရုံးစိုက်တာ။ ဒါပေမဲ့ . . . အဲဒါကို သာမန်မျက်စိနဲ့ မမြင်နိုင်ဘူး။ အပြစ်ပေးသူ၊ အပြစ်ခံယူသူနဲ့ ပါဝင်ပတ်သက်သူတွေပဲ မြင်ရတာ။ မင်းတို့သာ ခွေး၊ လင်းတ၊ ကျီး၊ ငရဲက ထွက်ရင် သေချာပေါက် မိလိမ့်မယ်"

ဒီလိုဆိုတော့လည်း ဆန္ဒစောမှုကို ဘရိတ်အုပ်ရသည်။ ကိုယ်က ဒီအကြောင်းတွေ သိထားတာ မဟုတ်ဘူးလေ။

"အဲဒါကြောင့်မလို့ အရှေ့ဘက်တံခါးကထွက်၊ တံခါးဖွင့်ပြီးတာနဲ့ သံတောင်ကြိတ်ငရဲကို တန်းပြေး။ စကြံရောက်လို့ ယောင်မှားပြီး ဘောဘယ်ညာ မနင်းမိစေနဲ့။ စကြံတစ်ခုနဲ့တစ်ခုကြားက ပြာပူတွေခင်းထားတာ။ နင်းမိတာနဲ့ မင်းတို့ ခန္ဓာကိုယ် မီးထတောက်ပြီပဲ"

"သံတောင်ကြိတ်ငရဲကို ရောက်ရင်ရော"

"ငရဲကို ခြေချမိတာနဲ့ ယန္တရားဆန်ဆန် လိမ့်ဆင်းနေတဲ့ သံတောင်တွေ အလိုလို ရပ်သွားလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"အဲဒီငရဲက မိန်းမတွေချည်း အပြစ်ပေးတာလေ။ မင်းတို့က ယောကျ်ားလေးတွေဆိုတော့ အထဲကိုဝင်လိုက်တာနဲ့ သဘောတရားကို ဆန့်ကျင်သလိုဖြစ်ပြီး သံတောင်တွေ ရပ်သွားလိမ့်မယ်။ ငါ့တုန်းကလည်း ဒီအတိုင်းပဲ။ သံတောင်ရပ်ပြီဆိုတာနဲ့ အမြန်ဆုံးသာ လွတ်အောင်ပြေးလေတော့။ သံတောင်ကြိတ်ကိုလွန်ရင် ကြိမ်ပိုက်ချောင်း ငရဲကို ရောက်မယ်"



တဖြည်းဖြည်းနှင့် စိတ်ဝင်စားစွာ ထောင်းလာသော်၊ ခမ်းနှုန်းသူ လိုက်ပြထားသည့်အတွက် ကြိမ်ပိုက်ချောင်းတိုလည်း သူ မြင်ရသည်။

"ကြိမ်ပိုက်ချောင်းကိုရောက်ရင် ချောင်းကို ကန့်လန့်ဖြတ်ထားတဲ့ သင်တုန်းမားသွားဒလက်ကြီးကို တွေ့အောင်ရှာ၊ တွေ့ရင် အဲဒါကြီးကို ရပ်အောင်လုပ်။ ဒလက်ရပ်သွားတာနဲ့ ရေစီးနဲ့ ပါလာတဲ့ အလောင်းတွေ ဒလက်ရှေ့မှာ တန်းစီစုပုံလာလိမ့်မယ်။ အဲဒီအလောင်းတွေပေါ်ကနင်းပြီး မင်းတို့ ဟိုဘက်ကမ်းကို ကူးကြ"

ဘိုကြီး အနည်းငယ် မျက်မှောင်ကြုတ်မိသွားသည်။

"ကမ်းစပ်မှာ စောင့်နေတဲ့ ငရဲထိန်းတွေကရော . . ."

"ညအချိန် သူတို့ မရှိဘူး။ အဲဒီအတွက် ငရဲသားတွေအပေါ်တက်မပြေးအောင် ချောင်းထဲက ကြေးနီရေကို အဆမတန် ပူပေးထားတယ်။ သတိတော့ထားကြ၊ ခြေချော်လက်ချော်ဖြစ်လို့ကတော့ မလွယ်ဘူး။ ဟိုဘက်ကမ်းကိုရောက်ရင် မင်းတို့ကျော်ဖြတ်စရာ ငရဲတစ်ခုပဲ ကျန်တော့တယ်"

"ခွေး၊ လင်းတ၊ ကျီး၊ ငရဲ . . ."

ဘိုကြီး စကားကို ထောက်ခံသည်။

"ဟုတ်တယ် . . . ဒါပေမဲ့ . . . မပူပါနဲ့။ ကမ်းပေါ်ရောက်တာနဲ့ 'အိုးဝေ . . . အိုးဝေ' လို့သာ အော်လိုက်"

"အိုးဝေ . . . အိုးဝေ"

အော်ကြည့်လို့မှ မဆုံးသေး၊ သူတို့ ငရဲအိုးကြီး ထပ်မံတုန်ခါသွားသည်။

"ဟော . . . ယမမင်း အမိန့်ချတော့မယ်"

ဘိုကြီးတို့လူစု လှုပ်ရှားသွားသည်။ ပုဂ္ဂိုလ်က အခြေအနေကို သဘောပေါက်ကာ . . .

"မင်းတို့တွေ အပေါ်တက်မှရတော့မယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

မည်မျှ လွတ်ချင်နေသည်မသိ။ အစွန်ဆုံးမှ တစ်ယောက်က ချက်ချင်းပင် . . .

"ဟုတ်ကဲ့ . . . ကျွန်တော် တက်မယ်"

စကားနှင့်အတူ လက်နှစ်ဖက်ကို ဆန့်တန့်ရင်း အပေါ်တက်သွားသည်။ မကြာပါ။ လုံထိုးခံရသော ဒဏ်ရာဖြင့် ကျွမ်းထိုးမှောက်ခုံ ပြုတ်ကျလာသည်။ ပြီးတော့ နောက်တစ်ယောက်၊ သုံးယောက်မြောက် တက်ပြီးသွားစဉ်မှာ ပုဂ္ဂိုလ်က အရေးကြီးသောစကားကို ဆိုသည်။

"အမိကက ချိန်သားကိုက်ဖို့ပဲ။ မကြာခင် ဒီငရဲကြီးကို ငရဲထိန်းနဲ့ ငရဲသားသစ်တွေ ရောက်လာတော့မယ်။ သူတို့မလာခင် မင်းတို့ ထွက်နိုင်မှ ရမယ်။ ပြီးတော့ ကူးတို့ ရထားပေါ်ကို မင်းတို့ အရင်ရောက်နှင့်ရမယ်။ ဒါမှ မင်းတို့ လွတ်နိုင်မယ်"

"ဟုတ်ကဲ့ . . ."

ထိုစဉ်မှာပဲ တတိယမြောက် ပုဂ္ဂိုလ်အောက် ပြန်ကျလာသည်။ စတုတ္ထမြောက် ငရဲသားဆက်တက်သည်။ ပုဂ္ဂိုလ်က သူ့အား စူးစိုက်ကြည့်ကာ လှမ်းခေါ်၏။

"ဒီကို လာပါဦး"

ဘိုကြီး တိုးသွားလိုက်တော့ . . .

ပုဂ္ဂိုလ်က လက်နှစ်ဖက်ဖြင့် သူ့ဦးခေါင်းကိုကိုင်ကာ မျက်လုံးကို သပ်ချသည်။

"မျက်လုံးကို မပွတ်နဲ့"

ဘာအဓိပ္ပာယ်လည်း ဘိုကြီး နားမလည်။ ထပ်လည်း မမေး ဒါပေမဲ့

"ခင်ဗျား ဘာလို့ ကျွန်တော်တို့ကို အခုလောက်ထိ ကူညီပေးတာပဲ"

ပုဂ္ဂိုလ်က သဘောကျသလို ပြုံးရင်း . . .



"အမုန်ကို ချစ်လို့ပေါ့ကွာ"

ထိုစဉ်မှာပဲ သူတို့နားသို့ အထိတ်တလန့် အော်သံတစ်ခုမှာ...

"အသံကြားပြီ . . . ငှက်ဆိုးအော်သံ ကြားပြီ . . ."

"ဟာ . . ."

အားလုံးရဲ့ အကြည့်များ ဘိုကြီးထံ ရောက်လာတော့ . . .

"အိုကေ . . . ကျွန်တော် တက်တော့မယ်။ ခင်ဗျားကို ကျေးဇူးအများကြီး တင်ပါတယ်"

ခေါင်းညိတ် အသိအမှတ်ပြုပြီးနောက် အပေါ်ကို တစ်ရှိန်ထိုးခုန်တက်လိုက်သည်။ ထိုအခါ

"ခွေးရဲ့အသက် နားရွက်မှာရှိတယ် . . . ကောင်လေး"

အောက်ဖက်မှ သတိပေးသံကို ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com

# XXV

'ဗွမ်း'ခနဲ ပေါ်တော့ ငရဲထိန်းက အစွယ်ကိုဖြဲကာ လှံနှင့် ဆောင့်ထိုးသည်။ ဘိုကြီး လှစ်ခနဲ ဘေးသို့ရှောင်ကာ လှံအားလက်နှစ်ဖက်ဖြင့်ကိုင်ပြီး အောက်ဆွဲချလိုက်၏။

ထိုအခါ ဆီပွက်ပွက်နှာပြင်အောက်ခြေ အနီးတစ်ဝိုက်၌ အသင့်စောင့်နေသော ငရဲသားခုနစ်ဦးမှာ အနားရောက်လာပြီး . . .

"ဝမ်း . . ."

"တူး . . ."

"သရီး . . ."

ရှစ်ယောက်အားဖြင့် ဝုန်းခနဲဆောင့်ဆွဲလိုက်ရာ လှံမှာ အိုးအောက်ခြေထိ ပါလာ၏။ ထိုအခါ လှံကိုင်ထားသော ငရဲထိန်းခင်ဗျာ သတိလက်လွတ်ဖြစ်ပြီး လှံကို လွှတ်မချဘဲ ဆုပ်ကိုင်ထားမိသည်ဖြစ်ရာ သူ၏ အတ္တဘောခန္ဓာကိုယ်ကြီးမှာ ငရဲအိုးတွင်း ကျွမ်းစိုက်ပါလေတော့၏။

"ဗွမ်း . . . ဗွမ်း . . . ဝုန်း . . . ဖရူး . . . ဖလူး"



တစ်မုဟုတ်ချင်း ငရဲအိုးကြီးမှာ မုန်တိုင်းထန်သွားသည်။ ခေါင်းတခါခါ လည်တခါခါဖြင့် ရေကန်ထဲ လက်ပစ်ကူးနေသော ကျွဲကြီးတစ်ကောင်လို တဝုန်းဝုန်း၊ ငရဲအိုးကြီးမှာ ထက်အောက် ဘောင်ဘင်ခတ်ပြီး နေရင်းထိုင်ရင်း လှိုင်းကြီး လာပါတော့သည်။

ကျိုက်ကျိုက်ဆူအောင် မီးပြင်းတိုက်ပြီး မြင်သူတကာ လှံနဲ့ထိုးသတ်နေသော ငရဲထိန်း . . .

ကိုယ်တိုင် ငရဲအိုးထဲပြုတ်ကျတော့ သွေးရူးသွေးတန်းဖြစ်နေပုံက တရားကျစရာ။ ကျေနပ်ပီတိဖြစ်နေဖို့ သူတို့မှာ အချိန်မရှိ။

"တက် . . . မြန်မြန်တက်ကြ"

ခေါင်းငိုက်စိုက်ကျနေသော ငရဲထိန်း၏ ဦးချိုကြီးနှစ်ဖက်ကို ဆွဲရင်း ဘိုကြီး သူ့လူများကို လှမ်းအော်သည်။ ငရဲသားခုနစ်ဦးမှာ အလုအယက်ပင် သူတို့၏ ချစ်လှစွာသော ငရဲထိန်းကြီး၏ ဦးခေါင်းကိုနင်း၍ အပေါ်သို့ တက်ကြသည်။

"လှံပါ တစ်ခါတည်း ယူသွားကြ"

ဘိုကြီး သတိပေးသံကိုကြားတော့ နောက်တွင် ကျန်ခဲ့သော သုံးဦးက လှံကိုဆွဲရင်း တစ်ခါတည်း ထမ်းပြေးသည်။ လူကုန်တော့ ဘိုကြီးလည်း ငရဲထိန်း၏ ဦးချိုကိုနင်းကာ အပေါ်သို့ တက်ပါ၏။

ငရဲထိန်း၏ ခန္ဓာကိုယ်အပေါ်ပိုင်းမှာ ဆီပွက်တွင်နစ်နေပြီး အောက်ပိုင်းကတော့ မြေတွင် ရပ်လျက်ရှိသေးသည်ဖြစ်ရာ ရှေ့မှတက်သွားသော ခုနစ်ဦးက ကျောကုန်းကို နင်းဖြတ်၍ အုန်းပင်ပေါ်မှ ဆင်းသလို ခြေထောက်ကို ဖက်ကာ လျောဆင်းသည်။

ကျောပေါ်ရောက်ပေမဲ့ သူများတွေလို ဘိုကြီးအောက်ဆင်းလို့ မရသေး။ ခါးတွင် ချိတ်ထားသောသော့တွဲကို ဖြုတ်ရပါဦးမည်။ ထို့အတွက် ဆီအိုးနှုတ်ခမ်းပေါ်တွင် မှောက်ခုံကျနေသော ခါးရှိရာကိုသွား



www.burmeseclassic.com

www.burmeseclassic.com

ပြီး သော့တွဲကို ဖြုတ်ယူသည်။ ပြီးတော့ လွန်စွာ တုတ်ခိုင်သန်မာသော ခြေထောက်ကြီးတစ်ချောင်းကိုဖက်ကာ အောက်သို့ လျှောဆင်းလိုက်၏။

အောက်ရောက်သည့်တိုင် ငရဲထိန်းကြီးမှာ တစ်ချက်မျှလှုပ်မလာတော့။ ကောင်းကောင်း ဝဋ်လည်သွားပြီထင်သည်။ ခြေထောက်နှင့်မြေကြီး ထိပြီးပြီးချင် ဘိုကြီး ဦးတည်သောအရပ်သည်ကား အရှေ့ဘက် တံခါးဆီသို့ . . .

တံခါးရှေ့ရောက်တော့ ဖြုတ်ယူလာသော သော့တွဲမှ သော့တံများကို ထိုးထည့်ရင်း ခတ်ထားသော သော့ခလောက်ကိုဖွင့်သည်။

"ဂျောက် . . . ခလောက်"

ပွင့်သွားသော သော့ခလောက်ကိုမြင်တော့ ရဲဘော်ရဲဘက်ခုနစ်ဦး၏ မျက်နှာမှာ အတိုင်းထက်အလွန်၊ အလျင်စလိုပင် တစ်ဦးက သော့ခလောက်ကိုချွတ်ပြီး နောက်တစ်ဦးက မင်းတုန်းကို ဖြုတ်သည်။ ထို့နောက်မှာတော့ . . .

"ဝုန်း . . ."

လွန်စွာ ရက်စက်ကြမ်းကြုတ်ပါသည်ဆိုသော၊ ခိုင်ခံ့လုံခြုံပါသည်ဆိုသော ကြေးအိုးငရဲ (ခေါ်) ငရဲကြီး၏ အရှေ့ဘက် တံခါးကြီးတစ်ချပ်မှာ ပွင့်လို့သွားပါလေပြီ။

"ပြေး . . ."

ဘိုကြီး ဆော်ဩသံကြားမှ အပျော်လွန်ကာ မတ်တတ်မေ့နေသော ရဲဘော်ခုနစ်ဦး ထပြေးသည်။

"တည့်တည့်သာပြေး . . . ဘေး၊ ဘယ်ညာ မနှင်းမိစေနဲ့"

သူကိုယ်တိုင်လည်း သော့တံကိုပြန်ဖြုတ်ကာ နောက်မှပြေးလိုက်သည်။ တံခါးမှထွက်တော့ စကြံကို ရောက်လာ၏။ လျှောက်လမ်းမှလွဲပြီး ဘေးဝဲယာမှာ အငွေ့ရှိန်းရှိန်း ထနေသော ပြာပူတွေပြည့်နေသည်။



တည့်တည့်ပြေးထွက်လာရာ တစ်နေရာမှာတော့ နောက်ထပ်တံခါးတစ်ချပ်နှင့် ထပ်ဆုံသည်။ အပေါ်ကို မော့ကြည့်တော့ . . .

"သံတောင်ကြိတ်ငရဲ . . ."

အတွင်းမှာကား ငရဲခံမိန်းမတို့၏ မြည်တမ်းသံများ၊ သံတောင်တို့၏ လိမ့်ဆင်းလာသံ၊ ကြိတ်ချေသံများဖြင့် ဆူညံနေသည်။ သွေးသံရဲရဲဖြင့် မြင်တွေ့ရသော မိန်းမတို့မှာ စက်ဆုပ်ဖွယ်အတိ ပြီးနေသည်။ အပြင်းထန်ဆုံးငရဲမှာ ခံစားလာရသည်ဖြစ်ရာ ဒီလောက်ကတော့ စာဖွဲ့မနေတော့။

အလျင်အမြန်ပင် ဖွင့်ရပြန်သည်။ သော့တံလေးချောင်း လွန်၍ငါးချောင်းမြောက်တော့ . . .

"ဂျောက် . . . ခလောက်"

ဘိုကြီး ရင်တွင်းမှ အလုံးကြီးတစ်လုံး ထပ်ကျသွားသည်။

"ဂျိန်း . . ."

တံခါးကိုဆွဲဖွင့်ပြီး အတွင်းပြေးဝင်းတော့ ပုဂ္ဂိုလ်ကြီး ပြောသလိုယန္တရားဆန်ဆန် လိမ့်ဆင်းနေသော သံတောင်တို့မှာ ရောက်ရှိရာအရပ်တွင် အလိုလို ရပ်သွားပါ၏။ ငရဲခံမိန်းမတို့မှာ ထူးထူးခြားခြား ရပ်သွားသော သံတောင်တို့ကို ကြည့်ပြီး ငိုပဲ ငိုရမလို၊ ရယ်ပဲ ရယ်ရမလို၊ ထပဲပြေးရမလို၊ ဒါမှမဟုတ် ဆက်ပဲသေရမလို ကြောင်တောင်တောင်တွေဖြစ်ကုန်သည်။

ပုဂ္ဂိုလ်ကြီး စကားမှန်နေပြီဖြစ်ရာ ဘိုကြီး အချိန်ဆိုင်းမနေတော့။ ငရဲပြည်မြေပုံ အလွတ်ကျက်ထားမိသော ဦးနှောက်က သတိပေးလာသည်။

"ညာဘက်ကို ပြေးမယ် . . ."

ပြောလည်းပြော၊ သူကိုယ်တိုင်လည်း ဦးဆောင်ပြေးသည်။ လက်လွတ်ခြေလွတ် လေးယောက်က သူ့နောက်မှ ထက်ကြပ်မတွေ့ဘဲ



www.burmeseclassic.com

www.burmeseclassic.com

လာ၏။ လုံတံကိုင်ထားသော သုံးယောက်ကတော့ အနည်းငယ် နောက်ကျန်ခဲ့သည်။

သံတောင်များအား ကွေ့ရပတ်ရ၏။ တစ်ခါတစ်ရံ ကျော်ရလွှားရသည်။ သံတောင်ကြိုတ်ဇရိယာလွန်တော့ ခဏချင်းပဲ ယန္တရားက ပြန်လည်ပတ်လာသည်။ သံတောင်တို့ အောက်မြည်သံများ ပြန်လည်ဆူညံလာသည်။

နောက်လှည့်ကြည့်မိစဉ် . . .

"ဟင်"

ဘိုကြီး မျက်လုံးတွေ ပြာဝေထွက်သွား၏။



# XXVI

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဖြစ်သွားမှန်းမသိလိုက်။ ရုပ်ရှင်တစ်ကား ကြည့်ရသလို မျက်လုံးထဲမှာ အရောင်တွေ ပြေးနေသည်။ တဖြည်းဖြည်းနှင့် ထိုအရောင်တွေပေါင်းကာ ပုံရိပ်တွေပေါ်လာ၏။ ဒါပေမဲ့ . . . မသဲကွဲ၊ ဝေဝေဝါးဝါး။

ဘာဖြစ်တာလဲ . . . ။

ကိုယ့်ကိုယ်ကိုယ် စစ်မေးတော့ အဖြေက မရေရာ။

ကျိုးကပ်သော ဖလင်တစ်ခုလို၊ တွန့်လိတ်သော တိတ်ခွေတစ်ချပ်လို မျက်တောင် တစ်ခါ၊ နှစ်ခါ ခတ်ပြီးနောက်မှာ ပေါ်လာသည်ကား . . .

"ဟာ . . ."

ဘိုကြီး ပါးစပ်ဟောင်းလောင်း ပွင့်သွားတော့၏။

မြင်ရသည်ကား သက်လတ်ပိုင်းအရွယ်လူတစ်ဦး၊ စားပွဲခင်းပြီး ကလေးတစ်ယောက်ကို စာသင်ပေးနေသည်။ ကလေးမှာ ရောဂါဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုကို ပြင်းပြင်းထန်ထန် ခံစားထားရပုံမျိုး။ မျက်လုံးလေးထောင့်ကပ်ပြီး ခေါင်းတခါခါ၊ လည်တခါခါ၊ သနားစဖွယ်။

ဘာတွေပေါ်လာမှန်းမသိသည်ကြောင့် မျက်လုံးကို ပွတ်မည်ပြင်တော့ နားထဲမှာ စကားတစ်ခု ကြားယောင်လာသည်။ ငရဲအိုးထဲမှ ပုဂ္ဂိုလ် ပြောလိုက်သည့် 'မျက်လုံးကို မပွတ်နဲ့' ဟူသောစကား၊ ထိုစကားပြန်ကြားတော့ ပွတ်မည့်လက်တွေ အလိုလို ရပ်သွား၏။

ကြည့်နေစဉ်မှာပဲ စာသင်သောလူကို မြင်ဖူးသလိုလို ရှိလာသည်။ ဘယ်သူလဲ၊ မှတ်ဉာဏ်မှာ ပြန်ဖော်တော့ သေချာမသဲကွဲ။ ရင်းရင်းနှီးနှီး ရှိနေတာတော့ သေချာ၏။

ထိုစဉ်မှာပဲ မြင်ရသော ပုံရိပ်တွေက ဖျတ်ခနဲ ပျောက်သွားပါသည်။

"ဟင် . . ."

မျက်တောင်ကို ပုတ်ခတ်ကာကြည့်မိတော့ သစ်ပင်ငယ်အချို့နှင့် ခပ်ဝေးဝေးဆီမှ သံတောင်ကြီတ်ငရဲကိုမြင်ရ၏။ ကြောင်ကာနေတုန်းနောက်ဘက်မှ အော်သံပေါ်လာသည်။

"ဟော့ကောင် . . . လာလေ၊ ဘာလုပ်နေတာလဲ"

လှည့်ကြည့်တော့ လှံထမ်းထားသော ရဲဘော်သုံးဦးကို မြင်ရ၏။

"ဟာ . . . အေး . . . အေး"

ဘိုကြီး သတိပြန်ဝင်ကာ ပြေးထွက်ခဲ့သည်။ အရှေ့ဆီမှာ 'ကြိမ်ပိုက်ချောင်း'ငရဲက ရှိနေသည်။ မြန်နိုင်သမျှ မြန်မြန်ဖြတ်ကူးနိုင်ဖို့ လိုသည် မဟုတ်ပါလား။ နားမလည်သောအရာများကို မေ့ထားလိုက်ပါသည်။ လောလောဆယ် အရေးကြီးနေတာက . . .

ရှစ်ယောက်သား အားသွန်ပြေးခဲ့ရာ မကြာမီမှာပင် 'ကြိမ်ပိုက်ချောင်း' သို့ ရောက်လာလေသည်။ ချောင်းထဲတွင် ကူးရင်းသေ၊ သေရင်း ကူးနေကြသော ငရဲသားတွေ နည်းနည်းနောနောမဟုတ်။



ဒါပေမဲ့ ငရဲအိုးထဲမှ ပုဂ္ဂိုလ်ပြောလိုက်သည့် သင်တုန်းဓားသွားဒလက်ကြီးကို မတွေ့။ ခမိန်သုလိုက်ပြ၍ မြင်ဖူးထားသည်ဖြစ်ရာ ဤချောင်းတွင် ထိုဒလက်ရှိနေတာတော့ သေချာသည်။ ရေစီးကိုလေ့လာတော့ အနိမ့်ပိုင်းသို့ ဆင်းနေသည်ဖြစ်ရာ ရေစီးအတိုင်း လိုက်ခဲ့ကြ၏။

သူတို့ အတွေးမှန်ပါသည်။

မကြာခင်မှာပဲ ညအလင်းအောက်မှာ အသွားလက်လက်ထနေသော ဒလက်ကြီးကို ကြောက်မက်ဖွယ် တွေ့ရသည်။ ယူလာသော လှံက ဒီနေရာမှာ အသုံးဝင်ပါပြီ။

လည်နေသော ပတ်လမ်းကြောင်းကိုလေ့လာပြီး ဒလက်နှစ်ခုကြားသို့ လှံကိုထိုးကာ ကလန့်လိုက်၏။ ထိုအခါ . . .

အရစ်လွဲသွားသော ဝက်အူတစ်ခုလို၊ ပင်နံရိုးလွဲသွားသော အင်ဂျင်စက်တစ်ခုလို အသံများထွက်လာပြီး ဒလက်မှာ ရပ်သွား၏။

နေရာကျလေပြီ။

ရင်မောချိန်ပင် မရလိုက်ပါ။ ငရဲတွင် လူတွေ ဘယ်လောက်များသည်မသိ။ ခဏချင်းပင် ဒလက်ရှေ့မှာ အလောင်းတွေ တောင်ပုံယာပုံ ဖြစ်သွားသည်။ အချိန်ဆွဲမနေတော့ . . . ။

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးနောက် ဘိုကြီးမှ ဦးဆောင်ကာ . . . သတိတော့ထားရ၏။ အပူရှိန်က အပေါ်သို့ပင် ကန်တက်နေသည်ဖြစ်ရာ ခြေချော်လက်ချော် ဖြစ်သွားပါက ဘဝသိမ်းသွားနိုင်သည်။

ကိုယ့်ဘာသာ ငရဲပြောင်းလိုက်တာနှင့် ဘာမှမကွာ။

ဒါပေမဲ့ . . . သူတို့ရှစ်ဦးလုံး ဟိုဘက်ကမ်းသို့ ချောမောစွာ ရောက်သွားသည်။ ရောက်ရောက်ချင်း ရင်ဆိုင်လိုက်ရသည်ကား . . .

ခွေးများ . . .။

www.burmeseclassic.com

www.burmeseclassic.com

# XXVII

"ဘုရားရေ . . ."

"ဟဲ့ . . . ပလုတ်တုတ်"

အနံ့ရ၍ ထင်သည်။ အစွယ်ဖွေးဖွေး လူတစ်ကိုယ်စာ နီးနီးရှိသော ခွေးမည်းကြီးများက ဟိုးအဝေးဆီမှ သူတို့ရှိရာသို့ ပြေးလာနေသည်။ ထိုခွေးကြီးများကို ကြည့်ပြီး ရဲဘော်ခုနစ်ဦးမှာ တုန်လှုပ်ချောက်ချားသွားကြ၏။

ဘိုကြီးကတော့ အများနှင့်မတူ မျက်လုံးတွေ ပြာဝေသွားပြန်သည်။ ဒီတစ်ခါ ပေါ်လာသည်ကား . . .

"ဟင် . . ."

စာသင်နေသူနှစ်ဦး။ ဒါပေမဲ့ စာသင်သားမှာ ခုနလို ကလေးမဟုတ်ဘဲ အနည်းငယ် ကြီးပြင်းလာပြီ။ ဒါဆို စာသင်သူကရော၊ သူသည်လည်း သက်လတ်ပိုင်းအရွယ်ကိုကျော်ကာ ရင့်ကျက်ပြည့်စုံသော အရွယ်သို့ ရောက်လာနေပြီ။

ခုနတည်းက မြင်ဖူးသလိုလိုရှိသည်မို့ ဆရာဖြစ်သူ၏ မျက်နှာကို သေချာကြည့်မိတော့ . . .

"ဟာ . . ."

ဘိုကြီး မျက်လုံးပြူးရလေပြီ။

ခ . . . ခမိန်သူပါလား။ ဒါဆို စာသင်သားက . . .

သေချာထပ်ကြည့်စဉ် စာသင်သား၏ မျက်နှာမှာ တဖြည်းဖြည်း ရုပ်လုံးပေါ်လာပါ၏။ ဘိုကြီး တုန်လှုပ်သွားမိစဉ်မှာပဲ . . .

"ဘိုကြီး . . ."

အလန့်တကြား အော်သံနှင့်အတူ တွန်းလိုက်သောအရှိန်တစ်ခုကြောင့် ဘိုကြီးရှေ့သို့ ယိုင်သွားသည်။ ပြင်ပလောကနှင့် ထိတွေ့၍ သတိဝင်ဝင်းချင်း ရှေ့ကြည့်မိတော့ . . .

လူက အကြောက်လွန်ကာ နောက်ခုန်ဆုတ်မိသွား၏။

ခွေးမည်းအုပ်ကြီးက သူတို့နှင့် ကိုက်အနည်းငယ်သာ လိုတော့သည်။

"ဟာ . . . အိုးဝေ . . . အိုးဝေ . . ."

လန့်ဖျပ်ပြီး ထအော်တော့ . . .

'ဖျန်း' ခနဲ တောင်ပံခတ်သံနှင့်အတူ ဧရာမ ကျီးကန်းကြီးတစ်ကောင် အရှေ့ဘက်အရပ်ဆီမှ သူတို့ဆီ ဦးစိုက်ထိုးဆင်းလာသည်။ ပြီးတော့ သူ့ပခုံးကိုဆွဲကာ အပေါ်ပျံတက်သွား၏။

"အား . . ."

ဘိုကြီး ကြောက်လန့်ကာ ထအော်တော့ သတိဝင်သူတစ်ယောက်က သူ့ခြေထောက်လှမ်းဆွဲသည်။ ထိုအခါ ထိုလူပါ လေပေါ်ဝဲလာသည်။ နောက်တစ်ယောက် ထပ်ဆွဲတော့ သူလည်း လေပေါ်ဝဲလာပြန်၏။ ဒီလိုနှင့် တစ်ယောက်ခြေထောက် တစ်ယောက်ဆွဲကာ သူတို့ရှစ်ယောက်လုံးသည်ကား . . .

ခွေးအုပ်အရောက်၊ နောက်ဆုံးတစ်ယောက် လေပေါ်အရောက် လက်မတင်လေး . . .။

www.burmeseclassic.com

www.burmeseclassic.com

အသည်းတယားယားဖြင့် သူတို့ရှစ်ယောက်လုံးမှာ ကောင်းကင်လေကားပုံစံမျိုး ကျိုးကန်းချိုရာ နောက်ပါသွားသည်။

ခွေးမည်းအုပ်မှာ ပါးစပ်ထဲရောက်ခါနီး ထမင်းလုတ် ပုတ်ချခံလိုက်ရသလို၊ အခဲမကြေဗျာ 'တဝုတ်ဝုတ်' ဟောင်ရင်း လည်တထောင်ထောင်၊ သွားတပြင်ပြင်ဖြင့် အောက်မှ အပြေးလိုက်လာ၏။

ယခုမှ ခွေးအုပ်ကိုကြည့်ပြီး ဘိုကြီး ကြက်သီးထမိသည်။

အကြောက်လွန်ပြီး ရပ်ကြည့်နေလို့ကတော့ (သို့) 'အိုးဝေ' ဆိုတာကို နှာမည်မှားအော်မိလို့ကတော့ လုံးဝ မတွေးရဲစရာ။

အပေါ်ကိုမော့ကြည့်တော့ တောင်ပံကို တဘုန်းဘုန်းခတ်ရင်း ပျံနေသော ကျိုးကန်းကြီးကို မြင်ရ၏။ သူ့ပခုံးနှစ်ဖက်အား ခြေနှစ်ချောင်းဖြင့် ကုပ်ဆွဲထားသည်ဖြစ်ရာ အလွန်နာသည်။ တစ်ဦးတည်းဆိုပါက ကိစ္စမရှိသော်လည်း အောက်မှာ ခုနစ်ယောက်ဝိတ်ဖြစ်နေတော့ . . .

'အိုးဝေ' ဆိုတာ ဒီကောင်ကြီး နှာမည်လား၊ သူ စဉ်းစားမိသည်။ ပြီးတော့ . . . ဒီကောင်ကြီးနှင့် ငရဲအိုးထဲမှာ ပုဂ္ဂိုလ်က ဘယ်လိုပတ်သက်တာနည်း။

ယခု သူတို့ကို ချီသွားနေတာကရော ကယ်ထုတ်ဖို့လား။ ဒါမှမဟုတ် ဒုက္ခထပ်ပေးဖို့လား၊ ခေါင်းတွင်းမှာလည်း စဉ်းစားစရာတွေ တန်းစီပေါ်လာသည်။

အောက်ငုံ့ကြည့်တော့ သစ်ပင်ကြီးငယ်တို့ကြားမှာ ယခုချိန်ထိ အခဲမကြေသေးပဲ မာန်ခဲကာပါလာသည့် ခွေးကြီးတစ်ကောင်ကို မြင်ရသည်။ ကျန်ခွေးတွေကတော့ နောက်ဘက်ဝေးဝေးမှာ အမြုပ်တစီစီထွက်ရင်း ကျန်နေခဲ့သည်။

ဒီလိုဆိုပါက ကျိုးကန်းကြီးမှာ ပျံအား တော်တော်ကောင်း သည်ထင်သည်။ အောက်ငုံ့ကြည့်နေရာမှ မျက်လုံးကို တစ်နေရာလွှဲတော့ . . .

ညာဘက်ခြမ်းဆီမှာ ဘုံလိုလို၊ ပြာသာဒ်လိုလိုတွေဖြင့် မင်းနေပြည်တော်ဆန်ဆန် အဆောက်အဦးများကို မြင်ရသည်။

ယမမင်း စံမြန်းရာ နန်းတော်ကြီး ဖြစ်နိုင်ပါသည်။ ကြည့်နေစဉ်မှာပဲ နန်းဆောင်တစ်ခုမှ အကြောင်းအရာက ရုပ်ရှင်ကြည့်သလို မျက်လုံးတွင်းမှာ ပေါ်လာပြန်ပါ၏။

ဒီတစ်ကြိမ်မှာကား . . .

* * *

www.burmeseclassic.com

www.burmeseclassic.com

# XXVIII

လွန်စွာ ခန့်ညားတောက်ပသည့် ပလ္လင်ကြီးပေါ်မှာ ယမမင်း အဆောင်အယောင်ဖြင့် အဘိုးကြီးတစ်ဦး ထိုင်နေသည်။ ရှေ့မှာကား ခမိန်သု၊ စာသင်သားလူငယ်တို့ ရှိနေသည်။

သူတို့နောက်မှာ အဆောင်အယောင်ကိုယ်စီဖြင့် ငရဲဝန်ကြီး၊ ငရဲအမတ်၊ ငရဲထိန်း၊ ငရဲတပ်သားတို့မှာ အစဉ်လိုက် နေရာယူ ခစားနေကြသည်။ ထိုစဉ်မှာပဲ ယမမင်းရှေ့တွင်ရှိနေသော လူငယ်က တင်လျှောက်လာသည်။

"အစိုးရိမ်ကြီးတော် မမူပါနှင့် . . . ဖခမည်းတော်။ ခမည်းတော် မူပန်နေတဲ့ ပြဿနာကို သားတော် ဖြေရှင်းပေးနိုင်ပါတယ်"

ဇရာ၏ နှိပ်စက်မှုကို အလူးအလဲခံစားနေရသော ယမမင်းကြီး၏ ဖျော့တော့သော မျက်လုံးများ အံ့ဩရိပ်စွန်းသွား၏။ ခမိန်သုဆီ အကြည့်ရောက်တော့ ယုံကြည်တော်မူပါဟူသောအပြုံးဖြင့် ခေါင်းညိတ်အရိုအသေပြုသည်။ ထို့ကြောင့် . . .



"ကောင်းပြီ . . . သားတော်၊ ခမည်းတော် ကြားချင်တယ်၊ လျှောက်တင်စမ်း . . ."

ရောဂါ အရှင်းမပျောက်သေးသည်ကြောင့် ခေါင်းတခါခါ လည်တမော့မော့ဖြင့် '**ခမည်းတော် စိုးရိမ်မူပန်နေသည်မှာ လူ့ပြည် လူ့ရွာမှ လူ့ငမိုက်သားတို့မှာ ဉာဏ်ပညာ ကြီးမြင့်လာသည့် အလျောက် တဖြည်းဖြည်း အင်အားကြီးမားလာပြီး တစ်ချိန်ချိန် သားတော်တို့ ငရဲပြည်ကို စစ်မက်ပြု သိမ်းပိုက်လာမှာ စိုးရိမ်နေကြောင်း သားတော် ကြားသိရပါတယ်။**

"ဟုတ်ပေသည် သားတော်၊ ထိုပြဿနာပဲ . . ."

"ယခုမှာပင် လူ့ပြည်လူ့ရွာမှာ စက်မှုလုပ်ငန်း ထွန်းကားပြီး သူတို့ရဲ့ လက်နက်၊ ခဲယမ်းတွေဟာ အဆင့်မြင့်လာနေပါတယ်။ တစ်ချိန်ချိန်မှာ ငရဲပြည်ကို သိမ်းပိုက်ဖို့ ကြံရွယ်လာခဲ့ရင် သားတော်တို့ တုံ့ပြန်ဖို့ မဖြစ်နိုင်ချေဘူး။ ဒါပေမဲ့ မပူပါနှင့် ဖခမည်းတော်၊ သားတော်မှာ အကြံရှိပါတယ်"

ယမမင်း အပါအဝင် ခစားနေသူများအားလုံး ခေါင်းထောင်သွားကြသည်။

"လူ့ပြည်မှာ သန္ဓေတည်ဖို့အတွက် အထီး၊ အမ၊ သဘာဝကို သားတော်တို့ ငရဲပြည်က ခွဲခြားပေးရတယ်မလား . . . ခမည်းတော်"

"ဟုတ်ပေသည့် သားတော် . . ."

"ငရဲပြည်ကို စစ်မက်မပြုနိုင်ဖို့အရေး အဓိကထားလုပ်ရမည့်အရာမှာ လူ့ပြည်က စစ်သည်တော်အင်အားကို လျှော့ချဖို့ ဖြစ်ပါတယ်။ အဲဒါကြောင့် အခုကစပြီး လူ့ပြည်မှာ သန္ဓေတည်ဖို့ စေလွှတ်ရင် အထီး၊ အမ သဘာဝကို တန်းတူမပို့ပဲ အထီးကိုလျှော့ချပြီး အမချည်းပဲသာ ပေါင်ပို့ရပါမယ်။ ဒီလိုဆိုလျှင်ဖြင့် နောင်အနာဂတ်မှာ လူ့ပြည်ရဲ့ စစ်သည်တော်အင်အားဟာ အလိုလိုနည်းသွားပြီး သားတော်တို့ ငရဲပြည်ကို စစ်ဖက်ဖို့ စိတ်ကူးဝံ့မှာ မဟုတ်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

ထင်မှတ်မထားသော အကြံဉာဏ်ကြောင့် ယမမင်းကြီး ပထစ ငြိမ်သွား၏။ ပြီးမှ ဇရာထောင်းနေသော မျက်လုံးအိမ်မှာ အရောင်တောက် လာပြီး . . .

"တော်လေသည် သားတော်၊ တော်လွန်းပါပေစွ . . ."

တစ်ပြိုင်နက် ကောင်းချီးပေးသံတွေ နန်းဆောင်ကြီးတွင်းမှာ သောသောညံသွား၏။ ဆရာဖြစ်သူ ခမိန်သုအသံက အကျယ်ဆုံးဖြစ်ပါ သည်။

သူ မွေးသည့်တပည့် လူရာဝင်သွားပြီကိုး . . .

ခမည်းတော် ယမမင်းကြီးမှာ ဒါနှင့်ပင် အားမရနိုင်သေးဘဲ . .

"သားတော်ရဲ့ နာမည်ကို 'ရာ' လို့ ပေးလိုက်တာ မှန်ချေပြီ"

"အဘယ်ကြောင့်ပါနည်း . . ."

"ရာ (RA) ဆိုတာ နေနတ်ဘုရားကို ကိုယ်စားပြုတယ် . . . သားတော်။ ယခုသားတော်က ဖခမည်းတော်တို့ တိုင်းပြည်ကို နေတစ်စင်း အဖြစ် ထွန်းလင်းပေးခဲ့ပြီ"

• • •

"ဟာ . . ."

ဘိုကြီး တုန်လှုပ်သွားရပါ၏။ ထိုစဉ်မှာပဲ မြင်ရသောပုံရိပ်တွေ ဖျတ်ခနဲ ပျောက်သွားသည်။

ရာ (RA)။

ဘိုကြီး ခေါင်းတွင်း၌ ငရဲအိုးထဲမှ ပုဂ္ဂိုလ်ပြောလိုက်သည့် လူ နှစ်ယောက်အကြောင်းက ချက်ချင်း ပြန်ပေါ်လာသည်။ ရာ (RA) ဆိုတာ ဒုတိယတစ်ယောက်၊ နေနတ်ဘုရားကို ကိုယ်စားပြုတာတဲ့။ ဒါဆို 'သော' ဆိုတာကရော ဘယ်သူလဲ။



ပြီးတော့ ဂရိပြဇာတ်လာ အရစ္စတော့ဖန်နီရဲ့ ကမ္ဘာဦးလူ အကြောင်းကို အခြေခံပြီး ဖြေရှင်းပေးလိုက်တယ်ဆိုသော ပြဿနာ။

ထိုအတိုင်းဖြေရှင်းပေးလိုက်လို့ ယခုခေတ်အခါ လူ့ပြည်မှာ ယောကျ်ားလေးအရေအတွက် နည်းပြီး မိန်းကလေးအရေအတွက် များ နေတာလား။ နောက်ပြီး ဇရာထောင်းနေသော ယမမင်းကြီးက ယခုစိုးစံ နေသည့် ယမမင်းမဟုတ်တာ သေချာသည်။ ဒါဆို . . .

တွေးလို့မှ မဆုံးသေး၊ ကိုက်ချီခံထားရသော ပခုံးက ဖြေလျော့ သွားသလို ခံစားလိုက်ရသည်။

"ဟာ . . ."

ရင်းတွင်းမှ 'လှစ်'ခနဲ အေးသွား၏။

သတိဝင်တော့ ရှစ်ယောက်တွဲ ကောင်းကင်လှေကားကို ကျိုးကန်း ကြီး လွှတ်ချလေပြီ။

"အား . . ."



www.burmeseclassic.com

www.burmeseclassic.com

ရှစ်ယောက်လုံး ခွေးကျ၊ ဝက်ကျ ဖြစ်သွားသည်။ အတော်မြင့်သည်ဖြစ်ရာ အီစလံဝေထွက်သွား၏။ ဒါပေမဲ့ . . . ညည်းညူမနေနိုင်အား။

ဘာကိစ္စ ကျိုးကန်းကြီးက ဤအရပ်မှာ ပစ်ချသွားတာလဲ။ ချက်ချင်းပဲ ကုန်းထပြီး အကဲခတ်တော့ အလင်းရောင်အချို့မှ လွဲ၍ အမှောင်ကြီးစိုးသော ရပ်ဝန်းတစ်ခုဆိုတာက လွဲပြီး ကျန်တာမသိရ။

တစ်နေရာကို အကြည့်ရောက်တော့ . . .

"အင်း . . ."

မျက်လုံးတွေ ပြာဝေသွားပြန်သည်။

ရုပ်ရှင်တစ်ကားက လျှပ်ပြက်သလို ပေါ်လာဦးမည်။



# XXIX

လူနှစ်ယောက် မတ်တတ်ရပ်နေသည်။ ဒီတစ်ခါတော့ ရာနှင့်ခမိန်သု မဟုတ်တော့ဘဲ ရာနှင့်မမြင်ဖူးသော လူစိမ်းတစ်ဦး၊ မျက်နှာချင်းဆိုင်ကာ ရပ်နေကြခြင်းဖြစ်၏။ လူစိမ်းရဲ့ ပခုံးပေါ်တွင် ကျီးတစ်ကောင်နားနေသည်။

ကျောပေးထားသည်မို့ မျက်နှာကို မမြင်ရ။ ဒါပေမဲ့ . . . သူတို့နှစ်ဦးရဲ့ ပြောစကားတွေကိုတော့ ကြားရသည်။

"အစ်ကို . . . အချိန်မီလာခဲ့ပါတယ်။ ဒါပေမဲ့ . . . ဖခမည်းတော်ကံတော်ကုန်တာကို မမီလိုက်ဘူး"

ရာက လက်အုပ်ချီကာ အရိုအသေပြု၏။ ပထမလူကပင် . .

"ညီတော့် . . . ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားတာ မြင်ရတော့ တကယ်ပဲ ဝမ်းမြောက်လှတယ်။ ဘာပဲဖြစ်ဖြစ် အစ်ကိုတို့ ငရဲပြည်ကြီးအတွက် အားဖြစ်တာပေါ့ . . ညီတော်"

"မှန်လှပါ . . . အစ်ကိုတော်"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . ဖခမည်းတော် ကံတော်ကုန်သွားပြီဆိုတော့ အနာဂတ် ငရဲပြည်ကြီးအတွက် အစ်ကိုတို့နှစ်ဦး တိုင်ပင်ဆွေးနွေးမှ ဖြစ်ချေတော့မယ်"

"ဘယ်လိုလုပ်ချင်လဲသာ ပြောပါ . . . အစ်ကိုတော်။ ညီတော် နာခံဖို့ အသင့်ပါ"

အစ်ကိုလုပ်သူက ခေါင်းတဆတ်ဆတ် ညိတ်ပါ၏။

"အစ်ကို ပညာသင်မထွက်မီညက ဖခမည်းတော် မိန့်မှာတာ တစ်ခုကို သတိရမိပါတယ်"

ကြည့်နေရင်းနဲ့ ပုံရိပ်တွေ ဖျတ်ခနဲ ပျောက်သွားသည်။ ပြီးတော့ အခြားတစ်နေရာမှာ နောက်ထပ်ပုံရိပ်တွေ ပေါ်လာသည်။

သလွန်ညောင်စောင်းတစ်ခုပေါ်တွင် ယမမင်းကြီး ထိုင်နေသည်။ ရှေ့တွင် လူငယ်တစ်ဦး ဒူးထောက်ခစားကာ နေပါ၏။ ယမမင်း မှာ ခုနမြင်ခဲ့ရသော ဇရာအိုကြီးပါပင်။

"သားတော်ကြီးရဲ့ နာမည်ကို 'သော' လို့ မှည့်ထားသော ဘာကြောင့်လဲ . . . သိလား။

'သော' ဆိုတာ စာပေရေးသားခြင်း၊ ဂဏန်းသင်္ချာတွက်ချက် ခြင်းဆိုင်ရာ အတတ်တို့ကို စတင်ခဲ့တဲ့ နတ်ဘုရားပေပဲ။ သားတော်ကို 'သော' လို့ မှည့်ခေါ်ရတဲ့အကြောင်းရင်းက ဉာဏ်ပညာကြီးမားတဲ့ သား ကြီးကို ဖခမည်းတော် အလိုရှိလို့ပဲ။

ဉာဏ်ပညာကြီးမားမှသာ တိုင်းပြည်ရဲ့ အရေးကိစ္စမှန်သမျှကို ဖြေ ရှင်းပေးနိုင်မယ်။ ဉာဏ်ပညာနဲ့ အုပ်ချုပ်မှသာ တိုင်းပြည်ရဲ့ တိုးတက် ခြင်းကို ဆောင်ကြဉ်းပေးနိုင်မယ်။ သားတော်ကြီးကို ခမည်းတော် အရှင်း ပဲ အားကိုးတယ်။ ပညာတော်အောင် ကြိုးစား။ ဒါမှ အဖေ့နေရာကို ဆက်ခံနိုင်မှာ . . . "

"မှန်လှပါ . . . ခမည်းတော် ဘုရား"



ဒါပေမဲ့ . . . သူတို့မသိလိုက်သော အရာတစ်ခုက ရှိနေသည်။ မလှမ်းမကမ်း ပုဏ္ဏားကွယ်တစ်ခုမှာ ကလေးတစ်ဦး၊ ရောဂါတစ်ခုကို အပြင်းအထန် ခံစားထားရသလို ခေါင်းတခါခါ၊ လည်တမော့မော့နှင့် ရှိနေခြင်းဖြစ်သည်။ ပြီးတော့ . . . သူ၏နှုတ်မှ စကားတစ်ခွန်းကို ထပ် တလဲလဲ ရွတ်ဆိုနေသည်။

"ပညာတော်အောင် ကြိုးစား၊ ဒါမှ အဖေ့နေရာကို ဆက်ခံနိုင် မှာ"

"ပညာတော်အောင် ကြိုးစား၊ ဒါမှ အဖေ့နေရာကို ဆက်ခံနိုင် မှာ"

"ပညာတတ်အောင် ကြိုးစား၊ ဒါမှ အဖေ့နေရာကို ဆက်ခံနိုင် မှာ"

ဘိုကြီး အရာအားလုံးကို နားလည်သဘောပေါက်သွားပါ သည်။ ဒါဆို ထိုစကားက 'ရာ' ကိုပြောတဲ့ စကားမဟုတ်ဘဲ 'သော' ကို ပြောတဲ့ စကားပေါ့။ 'ရာ' မှာ မွေးရာပါ ရောဂါရထားသူဆိုတော့ ထို စကားကို အမိန့်လိုမှတ်ပြီး ပညာတော်အောင် ကြိုးစားတော့တာပေါ့။ ငရဲအိုးထဲမှ ပုဂ္ဂိုလ်ပြောပြသည့် . . .

'သော' နဲ့ 'ရာ' က ညီအစ်ကိုပါလား။

တရားထူးရသလို ဘိုကြီးစိတ်ဝယ် လင်းချင်းသွားသည့်ခဏ..

"အစဉ်လာရှိပေမဲ့ အစ်ကိုတစ်ဦးတည်း နန်းမစံချင်ပါဘူး။ ညီတော်နဲ့ အတူတူသာ နန်းစံချင်တယ်။ တို့ညီအစ်ကိုနှစ်ဦး ဒီငရဲပြည် ကြီးကို အုပ်ချုပ်ကြတာပေါ့"

'ရာ' က အစ်ကိုဖြစ်သူ၏ ပြောစကားကို ငြိမ်ကာ နားထောင် နေသည်။

"အစ်ကို . . . လူ့ပြည်မှာ နှစ်ပေါင်းများစွာ ဆရာပေါင်းများစွာ နဲ့ ပညာသင်ခဲ့တယ်။ စစ်မှန်သော ပညာကို မရခဲ့ဘူး။ ဒါပေမဲ့ . . . နောက်ဆုံး ဆရာတစ်ဦးနဲ့မှ အစ်ကိုလိုချင်တာတွေ ရခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာများလဲ . . . အစ်ကို"

"Wisdom and global ဉာဏ်ပညာကြီးရင့်မှုနဲ့ ကမ္ဘာကို လှမ်းမြင်နိုင်မှု။ တို့တွေ ကိုယ့်အိမ်ထဲမှာကိုယ် တံခါးပိတ်နေလို့ မရတော့ဘူး။ အပြင်ကို ကြည့်ရတော့မယ်။ အိမ်နီးချင်းတွေကို လေ့လာရတော့မယ်။ အာဏာရှင်စနစ်ရဲ့ ဆိုးသွမ်းရက်စက်မှုတွေကို သက်တမ်းကြာရှည်စွာ ခံစားလာပြီးတဲ့နောက် ဘယ်သူမှ သည်းမခံနိုင်ကြတော့ဘူး။ လူ့ပြည်မှာ အာဏာရှင်စနစ်ကို ဘယ်သူမှ လက်မခံကြတော့ဘူး။ အဲတော့ . . . တို့တွေ ငရဲပြည်မှာလည်း လက်ရှိအသုံးပြုနေတဲ့ စနစ်နဲ့ ပတ်သက်ပြီး ပြင်တန်တာပြင်၊ ညှိတန်တာညှိ လုပ်ရတော့မယ်"

"ဘယ်လိုစနစ်မျိုးနဲ့ ညှိမှာလဲ"

"လူအများ လက်ခံနေကြတဲ့ ဒီမိုကရေစီစနစ်နဲ့ပေါ့"

တစ်ချိန်လုံး ငြိမ်နေသည့် 'ရာ' မှာ ခေါင်းရမ်းလာသည်။

"ညီတော် . . . လက်မခံနိုင်ဘူး အစ်ကို။ ဒီမိုကရေစီဆိုတာ မှန်ကန်တဲ့ စနစ်တစ်ခုမဟုတ်ဘူး။ ဒီမိုကရေစီစနစ်ရဲ့ အားနည်းချက်ကြောင့် ဂရိရာဇဝင်မှာ အပြစ်မဲ့တဲ့ ဆော့ခရတ္တိ သေဆုံးခဲ့ရတယ်။ ဒါမျိုးကို ညီတော် အဖြစ်မခံနိုင်ဘူး။ တိုင်းပြည်တစ်ပြည်မှာ ရှင်ဘုရင်ကပဲ အုပ်ချုပ်ရမယ်။ ရှင်ဘုရင်သည်သာ ထာဝရအမှန်တရားပဲ"

"ဘာကြောင့် အဲလိုပြောရတာလဲ . . . ညီတော်"

"စပင်နိုဇာနဲ့ နိုင်ငံရေးသဘောတရားကျမ်းကို ဖတ်ကြည့်ပါ အစ်ကို။ ရှင်ဘုရင်ဆိုတာ ဘုရားရဲ့ ကိုယ်စားလှယ်တော်ပဲ။ ဘုရားသခင်ဆိုတာ အမြဲတမ်းမှန်တဲ့ အမှန်တရားပဲလေ"

ညီဖြစ်သူ၏စကားကြောင့် 'သော' မှာ သဘောတကျပြုံးသည်။

"တော်ပေတယ် . . . ညီတော်၊ ဒါပေမဲ့ . . . အဲဒါ Wisdom, global မဟုတ်ဘူး။ စပင်နိုဇာဆိုတာ ကမ္ဘာကြီးက ပျောက်ကွယ်သွားတာ နှစ်ပေါင်း ရာချီသွားပြီ။ တစ်ချိန်တုန်းက သူဟာ ကမ္ဘာ့အတွေးအခေါ်



စင်မြင့်မှာ ကြီးကျယ်သောနေရာတစ်ခုကို ရခဲ့တယ်။ ဒါပေမဲ့ . . . အခု ချိန်မှာ သူ့အတွေးအခေါ်တွေက ခေတ်မမီတော့ဘူး"

'ရာ' မှာ တစ်ယူသန်ဆွဲရင်း ခေါင်းယမ်းနေသည်ကို မြင်ရ၏။

"ပညာသင်ခဲ့တဲ့ သက်တမ်းတစ်လျှောက် နောက်ထပ် တန်ဖိုး အရှိဆုံး အတွေးအခေါ်တစ်ခုကိုလည်း ရခဲ့တယ်။ [တကယ်တော့ . . ဘုရားသခင်ဟာ အမှန်တရားမဟုတ်ဘူး။ အမှန်တရားကသာ ဘုရားသခင်ပါ။ ဒါဟာ . . . ကမ္ဘာမှာ အကြီးမြတ်ဆုံး ပုဂ္ဂိုလ် တစ်ဦးဖြစ်တဲ့ မဟာတ္တမဂန္ဒီကိုယ်တိုင် ပြောခဲ့တဲ့စကားပဲ"]

"မဖြစ်နိုင်ဘူး . . . ညီတော် လက်မခံနိုင်ဘူး"

"နောက်တစ်ခု ပြောပြဦးမယ် . . . ညီတော်။ ဆရာ့နောက်ကို ပညာသင်ဖို့ လိုက်ရင်းနဲ့ တစ်နေ့မှာ မြို့ပျက်ကြီးတစ်ခုကို ရောက်ခဲ့တယ်။ အရမ်းတိုးတက်ကောင်းမွန်နေတဲ့ မြို့ကြီးက သုသာန်တစ်စပြင်လို ပျက်စီး နေပြီ။ ဘာဖြစ်လို့လဲဆိုတော့ မြို့ခံလူထုတွေ နှစ်ဖွဲ့ကွဲပြီး စနစ်ချင်း အားပြိုင်ကြလို့၊ သူတို့နှစ်ဖွဲ့ အားပြိုင်ကြရာမှာ အပြစ်မဲ့တဲ့ ပြည်သူတွေ နဲ့ မြို့ကြီးက မြေဇာပင် ဖြစ်သွားရတယ်"

ထူးထူးခြားခြား 'ရာ' က ခြောက်ကပ်ကပ် ထရယ်သည်။

"မပူပါနဲ့ . . . အစ်ကိုတော်၊ ဒီမှာတော့ မြေဇာပင် ဖြစ်စရာ မရှိပါဘူး။ စနစ်ချင်း အားပြိုင်စရာလည်း မလိုပါဘူး"

"ဘာဖြစ်လို့လဲ . . ."

"အစ်ကိုတော့်ကို ဖမ်းလိုက်လို့ပဲ"

"ဟင် . . ."

'သော' အံ့ဩသွားစဉ်မှာပဲ ဘယ်အချိန်တည်းက ရှိနေမှန်းမသိ သော ခမိန်သုဦးဆောင်သည့်တပ်ဖွဲ့က ချုံနွယ်တွေကြားမှ ထွက်လာ သည်။ ပြီးတော့ 'သော' အား အလျင်အမြန်ပင် ဖမ်းဆီးလိုက်သည်။

'သော' မှာ ကြောင်အလျက်ရှိပြီး ဘာမှပင် မလုပ်နိုင်တော့။ ပခုံးတွင် နားနေသော ကျီးကန်းက 'ဖျန်း' ခနဲ ထပျံသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘိုကြီးပင် မျက်လုံးပြူးသွားရပါ၏။ နန်းသိမ်းပွဲက သိမ်မွေ့လှချည်လား။

ထိုစဉ်မှာပဲ 'သော' မှာ စိတ်မကောင်းသော မျက်နှာဖြင့် သူ့ဘက်လှည့်ကြည့်လာသည်။

"ဟာ . . . ပုဂ္ဂိုလ်ကြီး"

'သော' ဟူသော ယမမင်း၏ သားအကြီးဆုံးသည်ကား ကြေးအိုးငရဲတွင် သံခြေကျင်းခတ် ချိုးကပ်နေသည့် ပုဂ္ဂိုလ်ကြီး။ သားငယ် 'ရာ' ဟူသည်က လက်ရှိအုပ်ချုပ် မင်းလုပ်နေသော . . .

ဖျတ်ခနဲ ပျောက်သွားသောရုပ်ပုံတွေနှင့်အတူ နားထဲမှာ ကြားလိုက်ရသည်ကား . . .

"ဝေါင်း"



# XXX

ခွေးဟောင်သံက ကျားဟိန်းတာနှင့်ပင် တူနေပါသေး၏။ ရှောင်လိုက်သောအရှိန်ကြောင့် ဘိုကြီး မြေပေါ် နှစ်ပတ်သုံးပတ် လိမ့်သွားသည်။ ကပျာကယာ ပြန်ထတော့ . . .

ခွေးကြီးမှာ အစွယ်ကိုဖြဲရင်း တဝုတ်ဝုတ် ထိုးဟောင်နေသည်။ တစ်ကောင်တည်း ချွန်လိုက်လာသည့် ခွေးကြီးနှင့် သူတို့ရှစ်ဦးတော့ တွေ့ကြပြီ။ သူ့ပိုင်နက်ဖြစ်သော်လည်း ကိုယ်တွေက အင်အားများနေသည်ဖြစ်ရာ ခွေးကြီးမှာ အလျင်စလိုမလုပ်ရဲ။

သူတို့ရှစ်ဦးကလည်း တစ်ယောက်အခြေအနေ တစ်ယောက်ကြည့်ကာ ပတ်ဝိုင်းထားသည်ကြောင့် ခွေးကြီးမှာ တဂီးဂီး အော်ရင်းမာန်ဖီလျက်သာ ရှိနေသည်။

အချိန် သိပ်ဆွဲလို့မရ။ သူတို့မှာ ထွက်ပေါက်ရှာရဦးမည်။ နောက်ပြီး ကျန်နေခဲ့သော ခွေးအုပ်ကြီးက ဘယ်အချိန်ရောက်လာမည်မသိ။ ဒီတော့ ရှင်းစရာရှိတာကို မြန်မြန်ရှင်းမှ ဖြစ်မည်။

www.burmeseclassic.com

ခွေးကြီးက သူတို့ထက်ပင် စိတ်ကူး ပိုမြန်သည်။ နီးစပ်ရာ တစ်ယောက်ကို ဝုန်းခနဲ လှမ်းဆွဲ၏။ ရှောင်လိုက်သော်လည်း ထိုသူမှာ လက်သည်းနှင့် ခြစ်မိပြီး ကျောကုန်းမှာ ဗြဲခနဲ ပြဲသွားသည်။ မြေပေါ် ဟပ်ထိုးလဲတော့ ခုန်အုပ်ရန် ပြင်၏။

ဘိုကြီး အချိန်မဆိုင်းတော့ . . .

ဒိုင်ပင်လှမ်းထိုးကာ ခွေးကြီး၏ နောက်ခြေထောက်ကို လှမ်းဆွဲတော့ ခုန်ရန်ပြင်နေသော ခွေးကြီး မြေပေါ် ဗိုင်းခနဲလဲ၏။ ရဲဘော်တို့က တစ်ယောက်ပြီးတစ်ယောက် ခုန်အုပ်ကာ ဝိုင်းသမပါတော့သည်။

ကန်သည်၊ ထိုးသည်၊ ပြန်မလှုပ်နိုင်အောင် ခြေထောက်ဆွဲသူက ဆွဲ၊ လက်ဆွဲသူက ဆွဲ၊ ခွေးကြီးက ရုန်း၏။ ခါ၏။ ငရဲသားရှစ်ဦးနှင့် ငရဲခွေးတစ်ကောင် တိုက်ခိုက်မှုက ပတ်ဝန်းကျင်ကို ဆူဆူညံညံသွားစေသည်။

ထိုစဉ်မှာပဲ ငရဲအိုးထဲမှ ပုဂ္ဂိုလ်ပြောလိုက်သည့်စကားကို ဘိုကြီး သတိရကာ . . .

"နားရွက် . . . နားရွက်ကို လုပ်ကြ။ သူ့အသက်က နားရွက်မှာ ရှိတယ်"

ကျောပေါ်တက်၍ လည်ပင်းဖက် လုံးနေသည်သူက နားရွက်ကို လိမ်ချိုးသည်။ ထိုစဉ်မှာတော့ . . .

"ဂိ . . . "

တီ ဆားတို့လိုက်သလို ခွေးကြီးမှာ ရုန်းကြွလာတော့၏။ ဘယ်ကမှန်းမသိသော အားတွေကြောင့် ကျောပေါ်မှ ပုဂ္ဂိုလ်ပြုတ်ကျသည်။ ခြေကန်ချက်ကြောင့် တစ်ဦး လွင့်ထွက်သွားသည်။

မတတ်နိုင်တော့၊ ဆွဲမနိုင်တော့သည်ဖြစ်ရာ လက်ကိုလွှတ်ပြီး ကျောပေါ်ကို ဘိုကြီး ခုန်တက်လိုက်သည်။

ထို့နောက် . . . လည်ပင်းကိုဖက်၍ နားရွက်အား ကုန်းကိုက်လိုက်လေသည်။ ဖြစ်ချင်ရာ ဖြစ်ချေတော့ . . .



မလွှတ်တမ်း ကိုက်ထားသည်ဖြစ်ရာ ခွေးကြီးမှာ ကဆုန်ပေါက် ခါချ၏။ မရပါချေ။ သူ့လောက်တော့ ကိုယ်လည်း ကိုက်တတ်သည်ပဲ။

နောက်ဆုံးတော့ . . .

ခွေးကြီးမှာ ဗိုင်းခနဲ မြေပေါ်ပစ်လဲတော့၏။ အကြောပင် ဆွဲမနေ။ တစ်ခါတည်း ငြိမ်ကျသွားသည်။

ထိုခဏမှာပဲ . . .

"ဒေါင် . . . ဒေါင် . . . ဒေါင်"

ခေါင်းလောင်းထိုးသံများနှင့်အတူ အရှေ့ဘက်အရပ်ဆီမှ ပိတ်ထားသော တံခါးကြီးနှစ်ချပ်မှာ . . .

"ဟာ . . ."

ဘိုကြီး ပါးစပ်ဟောင်းလောင်း ပွင့်သွားတော့ ကျန်ရဲဘော်ခုနစ်ဦးမှာလည်း၊ ဒါ . . . ဒါ . . . တကယ်ပဲ ငရဲပြည်၏ ထွက်ပေါက်မှန်ဦးတံခါးကြီးလား။ 'တဂျိန်းဂျိန်း' အော်မြည်ကာ အလိုလိုပွင့်လာ၏။

ထို့အတူ ပြင်ပမှ အလင်းရောင်တစ်ခုလည်း အတွင်းကို ထိုးကျလာသည်။ အလင်းအောက်မှာ သူတို့ မြင်လိုက်ရတာက . . .

ကျောက်ခင်းလမ်းလေးတစ်ခု . . .

လွဲရန် မရှိတော့ပြီ။ ဒါသည် သူတို့ မျှော်လင့်တောင့်တရာ ထွက်ပေါက်ကြီးပင် မဟုတ်ပါလား။

"ဟေး . . ."

ဓမ်းသာအယ်လဲ ဟစ်ကြွေးသံများ အဆုံး။



www.burmeseclassic.com

www.burmeseclassic.com

ပြေးထွက်သော ခြေလှမ်းတွေက ပေါ့ပါးလွတ်လပ်ကာ နေ၏။ ခြေထောက်နှင့် မြေကြီးပင် မထိမိသလို၊ အားလုံး၏ မျက်နှာမှာ တိုင်းဆ မရနိုင်သော အပျော်တွေ အပြည့်။

စိတ်ကူးနှင့်ပင် မဖြစ်နိုင်ခဲ့သောအရာတစ်ခုကို သူတို့ လုပ်နိုင်ခဲ့ပါပြီ။ မုခ်ဦးအပြင်ရောက်တော့ . . .

"ငါတို့ လွတ်ပြီဟေ့ . . ."

အော်သံက တစ်ဦးတည်း အထိုးကျန်နေကာ . . .

မသင်္ကာသည်ကြောင့် နောက်လှည့်ကြည့်တော့ . . .

"ဟာ . . . ဘယ်ရောက်သွားကြလဲ"

ᨀ ᨀ ᨀ



ကြေးအိုးငရဲ (ခေါ်) ငရဲကြီးတွင်းသို့ ငရဲသားခုနစ်ဦးမှာ တစ်ဦးပြီးတစ်ဦး ပြန်လည်ပြုတ်ကျလာပါသည်။

ဟိုးအောက်ခြေတွင်ရှိသော 'သော' က သူတို့ကို ကြည့်ကာ တစ်ခွန်းဆိုသည်။

"အပြစ်မကုန်သေးရင်တော့ သေချာပေါက် ဆက်ခံနေရဦးမယ်။ ဒါဟာ . . . ငရဲပြည်ရဲ့ အမှန်တရားပဲ"



www.burmeseclassic.com

www.burmeseclassic.com

"မင်း . . . ဘယ်သူလဲ"

ကူးတို့ရထားမောင်းသူက မေး၏။

"ဘိုကြီး . . . 'သော' လွှတ်လိုက်တာ"

ပြီးတော့ . . . နားနားကပ်၍ 'သော' ပြောလိုက်သော စကားကိုပင် ထပ်ကာပြောသည်။

"အမှန်ကိုချစ်ရင် အမှန်အတိုင်း လုပ်ရဲရမယ်"

မောင်းသူက သူ့အား လေးစားသောအကြည့်ဖြင့် ကြည့်လာ၍ . . .

"ကျုပ်က အစ်ကိုကြီးရဲ့ သစ္စာခံ တပည့်တစ်ဦးပါ။ အစ်ကိုကြီး နေကောင်းပါရဲ့လား"

ဘိုကြီး ပြုံးလိုက်သည်။



# XXXI

အာဏာအငွေ့မှ တဖြည်းဖြည်း လွှတ်ကင်းလာသည်။

လွတ်လပ်သော . . .

ကြောက်ရွံ့မှုကင်းသော လေကို ရှူရှိုက်ရ၏။

လူ့ပြည်ရောက်ရင်တော့ . . .

'အမှန်တရားသာ ဘုရားသခင်' ဖြစ်ကြောင်း အချို့အချို့သော လူတွေနဲ့ ဆုံခဲ့ရင် . . .

အင်း . . .

ပြောပြရပါဦးမည်။

သိုးဆောင်း

မြန်မာစံတော်ချိန် နံနက်နှစ်နာရီ

လေးဆယ့်သုံးမိနစ် ရှိပါပြီခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

ကျမ်းကိုး


| | |
|---|---|
| ပလေးတိုးနိဒါန်း | ဇော်ဂျီ |
| ယမမင်းစစ်တမ်းနှင့်ငရဲကြီးရှစ်ထပ်ကျမ်း | မုံရွာစန်းမောင် |
| အခြေခံဒီမိုကရေစီ | ဦးရန်အောင်(ဘီအေ-ဘီအယ်လ်) |




www.burmeseclassic.com